www.burmeseclassic.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# လောကဓံ

# တရားတော်

www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# လောကဓံတရားတော်

သာသနာ–၂၅၄၀ ကောဇာ–၁၃၅၈ ခရစ်–၁၉၉၆

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် ( ၄၀/၉၅ )(၁၂ )

ဆင့္ကမအကြိမ်

အုပ်ရေ ၂၀၀၀

ကွန်ပျူတာစာစီ – ကိုအေးချမ်း ( တင့်တူ )

ဦးမြသန်း(၀၁၀၅၀)အသိုင်းအဝိုင်းစာပေ၊
အမှတ်–၃၅၊ကမ္ဘာအေးဖွဲ့စုံရပ်၊
ကမ္ဘာအေး၊ ရန်ကုန်မြို့ က ထုတ်ဝေ၍

ဦးဌေးလှိုင်(မြ ၀၂၄၅၃) ခရီးဖော်ပုံနှိပ်တိုက် အမှတ်–၇၅၊
ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ
ပုံနှိပ်သည်။

ဖြန့်ချိရေး
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊
အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့
ဖုန်း–၅၄၁၉၇၁ – ၅၄၅၉၁၈

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

## ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း

ဘဝတု သဗ္ဗမင်္ဂလံ

၁၃၃၂-ခုနှစ်၊ ဝါဆိုလဆန်း ၁၀-ရက်နေ့က ကျေးဖူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ကျွန်ုပ်တို့အား ပုံနှိပ်ရန် စာမူတစ်ခုကို ပေးအပ်ပါသည်။ " ဤစာမူ၌ နိဒါန်းမပါသေး။ နိဒါန်းကို သင့်လျော်သလို ရေးထည့်ရမည်"ဟု အမိန့်ရှိလိုက်ပါသည်။

ကျေးဖူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ကျမ်းစာများကို ပုံနှိပ်ဖြန့်ချိရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၌ "ပဋိပတ္တိ သာသနာပြု မဟာစည် ရန်ပုံငွေ"အမည်ဖြင့် သီးခြားရန်ပုံငွေ တစ်ရပ်ထားပါသည်။ ထိုရန်ပုံငွေဖြင့်ပင် မဟာစည်ကျမ်းစာများပုံနှိပ်ခြင်း၊ လှူဒါန်းခြင်း၊ ဖြန့်ချိခြင်းတို့ကို ပြုလုပ်ပါသည်။

စာမူကို ကျမ်းစာအုပ်ဖြစ်မြောက်အောင် ကျွန်ုပ်တို့က တာဝန်ယူ ဆောင်ရွက်ပါသည်။ ငွေရေးကြေးရေးနှင့် ဖြန့်ချိထိန်းသိမ်းရေးကိစ္စများကို အဖွဲ့ချုပ်၏အတွင်းရေးမှူး ဦးသိန်းဟန်က တာဝန်ယူဆောင်ရွက်ပါသည်။

ကျမ်းစာအုပ်အသစ် ဖြစ်ပေါ်လာတိုင်း ဆရာတော်ဘုရားကြီး၏ ညွှန်ကြားတော်မူချက်အရ နယ်ကမ္ဘဋ္ဌာန်းဌာနများနှင့် လှူသင့်လှူထိုက်သော ပုဂ္ဂိုလ်များအား လှူဒါန်းရပါသည်။

ဤစာမူကို စာအုပ်အဖြစ်ပုံနှိပ်ရန် ဖြစ်ပေါ်လာခြင်း၏ အကြောင်း မှာ ဤသို့ဖြစ်ပါသည်။

ကျေးဖူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာ တရားကြီးခွေများကို နားထောင်ကြသော ရဟန်းရှင်လူ ယောဂီများထဲမှ

www.burmeseclassic.com

www.burmeseclassic.com

(ခ)

အချို့ရဟန်းရှင်လူတို့သည် အစ၊ အလယ်၊ အဆုံး သုံးပိုင်းလုံး ကောင်းခြင်းနှင့် ပြည့်စုံသော ဤလောကဓံတရားတော်ကို နာကြားကြရသောအခါ လောကဓမ္မသဘာဝတရားတို့ကို ပို၍ခံနိုင်ရည်ရှိလာကြသည်ဟုဆိုသည်။

သို့ဖြစ်၍ ယင်းတရားတော်ကို ဖတ်ရှုနာကြားကြရပါက အများသော ရဟန်းရှင် လူတို့မှာ စိတ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ကာ ထောက်တည်ရာရကြပေလိမ့်မည်ဟု မျှော်လင့်ရည်သန် သမ္မာဆန္ဒ အရင်းခံဖြင့် အသံတရားမှ စာမူတရားအဖြစ်သို့ရောက်အောင် ရေးကူးယူကာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဆက်ကပ်ခဲ့ပါသည်။

ယင်းတရားတော်ကား ၁၃၂၆–ခုနှစ်မှ ၁၃၂၇–ခုသို့ ကူးပြောင်းသည့် သင်္ကြန်အခါတော်နေ့က အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်မှ ထုတ်ဆောင်၍ အထူးတရားပွဲအနေဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သော လောကဓံတရားတော်ပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအစဉ်ဖြင့် ကျွန်ုပ်တို့သည် ဤမည်သော လောကဓံတရားတော်စာမူကို ဆရာတော်ဘုရားကြီး၏ ခွင့်ပြုတော်မူချက်အရ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ပဋိပတ္တိသာသနာပြု မဟာစည်ရန်ပုံငွေဖြင့် ပုံနှိပ်ဖြန့်ချိအပ်ပါသည်။

မင်္ဂလာပါခင်ဗျား

မင်္ဂလာ ဦးအောင်မြင့်

သာသနာ့ရိပ်သာ

ရန်ကုန်။

၁၃၃၂–ခုနှစ်

ဝါခေါင်လပြည့်ကျော် ၂–ရက်

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိအကျဉ်း

ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်လောင်းလျာ သားရတနာကို ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ၌ အဘဦးကံတော် အမိဒေါ်ရွှေအုပ်တို့မှ သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက် သောကြာနေ့ (၂၉–၇–၁၉၀၄)တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်သွင်ဖြစ်သည်။

အသက် (၁၂) နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သက်တော် (၂၀)တွင် ရဟန်းပြုသည်။ ပရိယတ္တိစာပေ၊ နေ့ဝါ၊ ညဝါကျမ်းစာအရပ်ရပ်ကို သင်ယူ တော်မူခဲ့ပြီး၊ ၁၃၀၃–ခုနှစ်တွင်"သာသနဓဇ သီရိပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။

ငယ်ဆရာများနှင့်တကွ၊ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက်၌ ကျော်စောသော ဆရာတော်များထံ ပရိယတ္တိကျမ်းဂန်များ သင်ယူဆည်းပူးတော်မူခြင်း၊ သထုံမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးထံ ပဋိပတ်နည်းခံ ကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် ပရိယတ်၊ ပဋိပတ်စွယ်စုံထူးချွန်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူခဲ့လေသည်။

ဆရာတော်သည် သိက္ခာတော်(၂၅)ဝါရအထိ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းနှင့် မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းတို့တွင် အခါအားလျော်စွာ သီတင်းသုံး၍ ပရိယတ္တိ၊ ပဋိပတ္တိ သင်ကြားပို့ချနည်းနာ ညွှန်ပြတော်မူခဲ့သည်။

၁၃၁၁–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်နေ့(၁၀–၁၁–၄၉)တွင် ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ပင့်လျှောက်ကိုးကွယ်မှုဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကာ

www.burmeseclassic.com

www.burmeseclassic.com

(ဃ) ထေရုပ္ပတ္တိအကျဉ်း

(၁၃၁၁)ခုနှစ် နတ်တော်လပြည့်နေ့(၄-၁၂-၄၉)မှစ၍ ယောဂီများအား ဝိပဿနာတရား ဟောကြားပြသတော်မူခဲ့သည်။ ရိပ်သာ၏အမည်သည်လည်း မဟာစည်သာသနာ့ရိပ်သာဟု တွင်ခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၁၉-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။ ဆဋ္ဌသံဂါယနာတင်ပွဲတွင် ဆဋ္ဌသင်္ဂီတိပုစ္ဆကတာဝန်ကို ဆောင်ရွက်တော်မူသည်။ ၎င်းအပြင် ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယ၊ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့၊ နိုင်ငံတော် ဩဝါဒါစရိယစသည့် သာသနာ့တာဝန်အရပ်ရပ်ကိုလည်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တော်မူခဲ့လေသည်။ ထိုစဉ်က ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇကကား၊ တိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသပင်တည်း။

၁၃၀၅-ခုနှစ်တွင် မဟာစည်ဆရာတော် စီရင်ရေးသားတော်မူသော ဝိပဿနာရှုနည်းကျမ်းကြီး နှစ်တွဲမှာ ကျော်စောထင်ရှားလှပေသည်။

ဆက်လက်ပြုစုသောကျမ်းများနှင့် ဟောတရားများမှ စာအုပ်အဖြစ်သို့ရောက်ရှိလာသော ကျမ်းစာအုပ်ပေါင်းမှာ (၇၀) ကျော်ရှိပေသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် မြန်မာနိုင်ငံအတွင်း မဟာစည်ဩဝါဒခံ ရိပ်သာခွဲပေါင်း (၃၀၀) ကျော်တည်ရှိခဲ့ပြီး ကမ္ဘာ့အရပ်ရပ်တွင်လည်း သာသနာပြုရိပ်သာခွဲများကို တည်ထောင်ပေးတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးပြသတော်မူသော ဝိပဿနာတရားကျင့်ကြံပွားများအားထုတ်ပြီးသူ ရဟန်း, ရှင်လူ, ယောဂီဦးရေ(၇၀၀၀၀၁)ကျော် ရှိခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ ဂျပန် စသော အရှေ့တိုင်းနိုင်ငံများနှင့် ဥရောပ၊ အင်္ဂလန်၊ အမေရိကစသော ... နောက်နိုင်ငံများ အပါအဝင် ကမ္ဘာ့အရပ်ရပ်မှ ပင့်ဖိတ်လျှောက်ထားချက်များ

www.burmeseclassic.com

www.burmeseclassic.com

(င) ထေရုပ္ပတ္တိအကျဉ်း

အရ ကြွရောက်တော်မူပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရေးကို ဆောင်ရွက်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် သက်တော်(၇၈)၊ သိက္ခာတော်(၅၈) ဝါ၊ ရရှိရာ ၁၃၄၄–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက်နေ့ (၁၄–၈–၁၉၈၂)တွင် မဟာစည်သာသနာ့ရိပ်သာ စံကျောင်းတော်၌ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားပြုစုတော်မူသော ကျမ်းစာများ


| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၁။ | ဝိပဿနာလမ်းညွှန်ကျမ်း | ၁၃၀၀ |
| ၂။ | ဝိပဿနာရှုနည်းကျမ်း(ပထမတွဲ) | ၁၃၀၆ |
| ၃။ | ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း | ၁၃၀၈ |
| ၄။ | ဝိပဿနာရှုနည်းကျမ်း(ဒုတိယတွဲ) | ၁၃၀၉ |
| ၅။ | မဟာသတိပဋ္ဌာနသုတ် ပါဠိ နိဿယ | ၁၃၁၃ |
| ၆။ | မဟာသတိပဋ္ဌာန်တရားတော် (အကျဉ်း ၄–ပိုင်း) | ၁၃၁၃ |
| ၇။ | မဟာသတိပဋ္ဌာန်တရားတော် အကျယ် (ကာယာနုပဿနာပိုင်း) | ၁၃၁၃ |
| ၈။ | ဝေဒနာနုပဿနာတရားတော် | ၁၃၁၃ |
| ၉။ | နှုတ်ခွန်းဆက် မိန်းခွန်းတရားတော် | ၁၃၁၄ |
| ၁၀။ | မဟာစည် ဓမ္မဒေသနာဆောင်ပုဒ်များ | ၁၃၁၅ |
| ၁၁။ | ဝိပဿနာအလုပ်ပေးတရားတော်ကြီး | ၁၃၁၆ |
| ၁၂။ | ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်ကြီး | ၁၃၁၆ |
| ၁၃။ | ဝိသုဒ္ဓိဉာဏကထာ (ပါဠိ) | ၁၃၁၈ |
| ၁၄။ | ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း | ၁၃၁၈ |
| ၁၅။ | ဓမ္မစကြာ အသံလွှင့်တရားတော် | ၁၃၁၉ |
| ၁၆။ | အနတ္တလက္ခဏသုတ် အသံလွှင့်တရားတော် | ၁၃၁၉ |


www.burmeseclassic.com

www.burmeseclassic.com

## (ဆ) ကျမ်းစာအုပ်များစာရင်း

| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၁၇။ | ဘာဝပြေသနာ | ၁၃၂၀ |
| ၁၈။ | အင်ဒိုနီးရှား သာသနာပြုမှတ်တမ်း | ၁၃၂၁ |
| ၁၉။ | ဝိပဿနာ အခြေခံတရားတော် | ၁၃၂၃ |
| ၂၀။ | ဝိသုဒ္ဓိမဂ် မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ | ၁၃၂၄ |
| ၂၁။ | ဝိသုဒ္ဓိမဂ် မြန်မာပြန်(အခြေခံများနှင့်တကွ ဝိပဿနာပိုင်း) | ၁၃၂၄ |
| ၂၂။ | အရိယာဝါသတရားတော် | ၁၃၂၅ |
| ၂၃။ | မဟာစည်ဝတ်ရွတ်စဉ် | ၁၃၂၅ |
| ၂၄။ | ရက်လည်ဆွမ်းအနုမောဒနာတရားတော် | ၁၃၂၆ |
| ၂၅။ | ဝမ္မိကသုတ်တရားတော် | ၁၃၂၇ |
| ၂၆။ | ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ(ပဌမ) | ၁၃၂၈ |
| ၂၇။ | ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ(ဒုတိယ) | ၁၃၂၉ |
| ၂၈။ | ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ(တတိယ) | ၁၃၂၉ |
| ၂၉။ | ဝိပဿနာရှုနည်းအကျဉ်းချုပ် | ၁၃၂၉ |
| ၃၀။ | ပုရာဘေဒသုတ်တရားတော် | ၁၃၂၉ |
| ၃၁။ | ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ(စတုတ္ထ) | ၁၃၃၀ |
| ၃၂။ | ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး(ပဌမ) | ၁၃၃၀ |
| ၃၃။ | ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး(ဒုတိယ) | ၁၃၃၀ |
| ၃၄။ | ဗြဟ္မစိုရ်အသံလွှင့်တရားတော် ၄–ပိုင်း | ၁၃၃၀ |
| ၃၅။ | ဘာရသုတ္တန်တရားတော်ကြီး | ၁၃၃၁ |

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းစာအုပ်များစာရင်း




| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၃၆။ | မဟာစည်သတိပဋ္ဌာန်အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်းဥပဒေ | ၁၃၃၁ |
| ၃၇။ | ကျောင်းအနုမောဒနာတရားတော် | ၁၃၃၂ |
| ၃၈။ | လောကဓံတရားတော် | ၁၃၃၂ |
| ၃၉။ | ဝိသုဒ္ဓိမဂ်မြန်မာပြန်(စတုတ္ထတွဲ) | ၁၃၃၃ |
| ၄၀။ | ဝိသုဒ္ဓိမဂ်မြန်မာပြန်(ပထမတွဲ) | ၁၃၃၄ |
| ၄၁။ | ၂၃-ကြိမ်မြောက် ပူဇော်ပွဲ ဩဝါဒကထာ | ၁၃၃၄ |
| ၄၂။ | သလ္လေခသုတ်တရားတော်ကြီး(ပထမ) | ၁၃၃၄ |
| ၄၃။ | သလ္လေခသုတ်တရားတော်ကြီး(ဒုတိယ) | ၁၃၃၅ |
| ၄၄။ | ဟေမဝတသုတ္တန်တရားတော် | ၁၃၃၅ |
| ၄၅။ | ၂၄-ကြိမ်မြောက် ပူဇော်ပွဲ ဩဝါဒကထာ | ၁၃၃၅ |
| ၄၆။ | ကာမသုတ္တန်တရားတော် | ၁၃၃၅ |
| ၄၇။ | ဒုလ္လဘဝိနည်း ဩဝါဒကထာ | ၁၃၃၅ |
| ၄၈။ | ဝိသုဒ္ဓိမဂ်မြန်မာပြန်(ဒုတိယ) | ၁၃၃၆ |
| ၄၉။ | ဝိသုဒ္ဓိမဂ်မြန်မာပြန်(တတိယ) | ၁၃၃၆ |
| ၅၀။ | မဟာစည်ဩဝါဒကထာ ပေါင်းချုပ် (ငွေရတုသဘင်) | ၁၃၃၆ |
| ၅၁။ | နိဗ္ဗာန်ဆိုင်ရာတရားတော် | ၁၃၃၆ |
| ၅၂။ | ဓမ္မစကြာတရားတော်ကြီး | ၁၃၃၇ |
| ၅၃။ | ၂၆-ကြိမ်မြောက် ပူဇော်ပွဲ ဩဝါဒကထာ | ၁၃၃၇ |
| ၅၄။ | သီလဝန္တသုတ္တန်တရားတော် | ၁၃၃၈ |


www.burmeseclassic.com

www.burmeseclassic.com

(ဈ) ကျမ်းစာအုပ်များစာရင်း


| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၅၅။ | တုဝဋ္ဋကသုတ်တရားတော် | ၁၃၃၈ |
| ၅၆။ | ရှစ်ဖြာမင်္ဂလာနိဗ္ဗာန်ဝင်တရားတော် | ၁၃၃၉ |
| ၅၇။ | အနတ္တလက္ခဏသုတ်တရားတော် | ၁၃၃၉ |
| ၅၈။ | ဖြုဟ္မဝိဟာရတရားတော် | ၁၃၃၉ |
| ၅၉။ | သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော် | ၁၃၃၉ |
| ၆၀။ | တက္ကသိုလ်ဝိပဿနာတရားတော် | ၁၃၃၉ |
| ၆၁။ | မာလုကျပုတ္တသုတ်တရားတော် | ၁၃၄၀ |
| ၆၂။ | သက္ကပဥှသုတ်တရားတော် | ၁၃၄၀ |
| ၆၃။ | မဟာသမယသုတ်သုံးသုတ်တရားတော် | ၁၃၄၀ |
| ၆၄။ | သာသနာ့ရိပ်သာ ငွေရတုတရားတော် | ၁၃၄၀ |
| ၆၅။ | အနုမောဒနာတရားတော် | ၁၃၄၀ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သကြိန်အခါတော် | ၁ |
| လောကစံဆိုတာ | ၆ |
| လောကစံသုတ်ပါဠိ | ၈ |
| လောကစံတရား ၈–ပါး | ၉ |
| ချမ်းသာကအရေးကြီးတယ် | ၁၃ |
| လူတိုင်းကြုံကြတယ် | ၁၆ |
| အကောင်းနှင့်တွေ့ရင် အဆိုးလည်းပါလာတယ် | ၁၇ |
| အကောင်းနှင့်တွေ့ရင်တော့ ဝမ်းမြောက်တယ် | ၁၉ |
| အဆိုးနဲ့တွေ့ရင်တော့ ဝမ်းနည်းတယ် | ၂၀ |
| ဘုရားရဟန္တာလည်းတွေ့ရပါတယ် | ၂၃ |
| ရဟန္တာမှာမတုန်လှုပ် | ၂၄ |
| သောတာပန်လည်း ငိုသေးသည် | ၂၅ |
| အကောင်းဆုံးမင်္ဂလာ | ၂၆ |
| မေးခွန်းတော် | ၂၉ |
| ရဟန်းတော်များကလျှောက်ထားကြပုံ | ၃၀ |
| မြတ်စွာဘုရား၏ဖြေရှင်းချက် | ၃၂ |
| ဆင်းရဲမှုမလွတ် | ၃၆ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ယသနဲ့ အယသ | ၃၈ |
| နိဗ္ဗာနဲ့ ပယံသာ | ၃၉ |
| သုခနဲ့ ဒုက္ခ | ၃၉ |
| သုတရှိသူ၏ ထူးခြားသောဂုဏ် | ၄၁ |
| ရတာ မရတာနဲ့ စပ်၍ဆင်ခြင်ပုံ | ၄၃ |
| ဆင်းရဲမှလွတ်မြောက်သည် | ၄၇ |
| သောကကင်းရေးသည် အကောင်းဆုံးနည်း | ၅၀ |
| အခြွေအရံ ရှိ မရှိနဲ့စပ်၍ ဆင်ခြင်ပုံ | ၅၁ |
| ကဲ့ရဲ့ ချီးမွမ်းနဲ့ စပ်၍ဆင်ခြင်ပုံ | ၅၂ |
| ချမ်းသာဆင်းရဲနှင့် စပ်၍ ဆင်ခြင်ပုံ | ၅၃ |
| အင်မတန်ကောင်းတဲ့ဆေးနည်း | ၅၄ |
| လောကဓံတရား ဘုရားသော်လည်း မရှောင်နိုင် | ၅၇ |
| လာဘ်မရခြင်းနှင့်ဘုရား | ၅၈ |
| မိလိန္ဒ၏ အမေး | ၆၆ |
| အရှင်နာဂသိန်၏ အဖြေ | ၆၇ |
| မုဃောဆွမ်းတောင် ဘုန်းပေးရတယ် | ၆၉ |
| ဆီးဖြူသီးတစ်ခြမ်းနဲ့ အသောက | ၇၉ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အခြေအရံမဲ့ခြင်းနှင့် ဘုရား | ၈၁ |
| ကဲ့ရဲ့ခြင်းနဲ့ဘုရား | ၈၅ |
| စိဉ္စမာဏက စွပ်စွဲပုံ | ၈၆ |
| သုန္ဒရီရဲ့ စွပ်စွဲပုံ | ၈၈ |
| မာဂဏ္ဍီဝတ္ထု | ၉၁ |
| ကိုယ်ဆင်းရဲခြင်းနှင့်ဘုရား | ၁၀၂ |
| အိုခြင်းသေခြင်းမှ လွတ်မြောက်သည် | ၁၀၇ |
| ဆင်းရဲဟူသမျှမှ လွတ်မြောက်သည် | ၁၀၈ |
| မင်္ဂလာတရားအရ ဆိုရင်တော့ | ၁၀၉ |
| ဩကာသကန်တော့ခန်း | ၁၁၄ |
| ဂုဏ်တော် ၉-ပါးဘုရားရှိခိုး | ၁၁၅ |
| မဟာစည်မွေ့ဒေသနာဆောင်ပုဒ်များ | ၁၁၆ |
| ဝါဆိုသင်္ကန်းအလှူတရားတော်ဆောင်ပုဒ်များ | ၁၁၈ |
| အပါယ်ဘေးငြိမ်းတရားတော် ဆောင်ပုဒ်များ | ၁၄၀ |
| ကထိန်အနုမောဒနာတရားတော် ဆောင်ပုဒ်များ | ၁၄၂ |
| မွေ့ဒါယာဒသုတ် တရားတော်ဆောင်ပုဒ်များ | ၁၄၄ |
| နောက်ပိုင်းဆောင်ပုဒ်များ | ၁၄၆ |
| ဩဃတရဏသုတ်တရားတော် ဆောင်ပုဒ်များ | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com

# လောကစံတရားတော်
## (၁၃–၄–၆၅)
## သင်္ကြန်အခါတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဒီကနေ့ဟာ ၁၃၂၆–ခုဆိုတဲ့ နှစ်ဟောင်းက ၁၃၂၇–ခုဆိုတဲ့နှစ်သစ်ကို ကူးပြောင်းတဲ့ သင်္ကြန်အခါတော် အစနေ့ဖြစ်တယ်။ ဒီသင်္ကြန်ဆိုတာ သင်္ကြန္တဆိုတဲ့ သက္ကတဘာသာမှ ဖြစ်လာတဲ့စကားပဲ။ ပြောင်းရွှေ့တယ်လို့ အဓိပ္ပါယ်ရှိပါတယ်။ ဒါကြောင့် နှစ်ဟောင်းမှာ အဆုံးဖြစ်တဲ့ မိန်ရာသီမှ နှစ်သစ်မှာအစဖြစ်တဲ့ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ဆိုတဲ့ နေဂြိုဟ်ကြီးကို ပြောင်းရွှေ့တာကို သင်္ကြန်ကျတယ်လို့ဆိုပြီး မြန်မာပြည်မှာ နှစ်သစ်ကူးပွဲ ကျင်းပကြတာပဲ။ အဲဒါဟာ နှစ်ဟောင်းတပေါင်းလမှ နှစ်သစ် တန်ခူးလသို့ ပြောင်းရွှေ့တာကိုပဲ ရည်ရွယ်ပါတယ်။ ဒီသင်္ကြန်ကျတယ်ဆိုတာကို ရှေးက ပုဏ္ဏားတွေကစပြီး တီထွင်ထားတဲ့အတိုင်း ယခုလည်း သင်္ကြန်စာတွေထဲမှာ "သိကြားမင်းကြီးက နွားကိုစီးပြီး လူ့ပြည်သို့ဆင်းလာတယ်" စသည်ဖြင့် ဖော်ပြထားကြတယ်။ တကယ်တော့ သိကြားမင်းကြီးက ဆင်းလာတာ မဟုတ်ဘူး။ နေဂြိုဟ်ကြီးပြောင်းရွှေ့တာသာ ဟုတ်ပါတယ်။ အဲဒါလည်း ရှေးက အယူအဆအတိုင်း ပြောရတာပဲ။ ယခုခေတ် သိပ္ပံဆရာတွေရဲ့ အလိုအားဖြင့်ဆိုရင် ကမ္ဘာကြီးလည်နေတာ နှစ်တစ်ပတ်ပြည့်လို့ မူလနေရာသို့ တဖန်ပြောင်းရွှေ့တယ်လို့တောင် ဆိုရမှာလို ဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com



နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ကူးပြောင်းတယ်ဆိုတာကတော့ မလွဲနိုင်ပါဘူး။ ဒါကြောင့် သင်္ကြန်ဆိုတာ နှစ်သစ်ပြောင်းတာ နှစ်သစ်ကူးတာပဲလို့ မှတ်ကြရမယ်။

ဘုရားလက်ထက်တော်က ကာလဆီတုန်းကတော့ အိန္ဒိယအလယ်ပိုင်းမှာ တန်ဆောင်မုန်းလပြည့်ညဥ့်၌ နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကူးဟန်ရှိပါတယ်။ ဘာကြောင့်လည်းဆိုရင် အဲဒီတန်ဆောင်မုန်းလပြည့်ညဥ့်ကို "ပုဏ္ဏာယ ပုဏ္ဏမာယ "လို့ သာမညဖလသုတ်က ဆိုထားရာမှာ သျှ့အဖွင့် အဋ္ဌကထာက "မာသပုဏ္ဏတာယ၊ ရက်သုံးဆယ် တစ်လပြည့်သောကြောင့်လည်းကောင်း၊ ဥတုပုဏ္ဏတာယ၊ မိုးလေးလ ဥတုပြည့်သောကြောင့်လည်းကောင်း၊ သံဝစ္ဆရပုဏ္ဏတာယ၊ ၁၂–လ တစ်နှစ်ပြည့်သောကြောင့်လည်းကောင်း၊ အဲဒီတန်ဆောင်မုန်းလပြည့်ညဥ့်ကို ပုဏ္ဏ–ပြည့်သည် မည်တယ်"လို့ ဖွင့်ပြထားတဲ့အတွက်ကြောင့်ပါပဲ။ အဲဒီစကားထဲမှာ လပြည့်တယ်ဆိုတာကတော့ သီတင်းကျွတ်လပြည့်ကျော် ၁–ရက်ကစပြီး အဲဒီ လဆုတ်ပက္ခမှာ (အဲဒါက ရက်မစုံ ပက္ခဖြစ်တဲ့အတွက်) ၁၄–ရက်၊ တန်ဆောင်မုန်းလဆန်းပက္ခမှာ ၁၅–ရက်၊ ပေါင်း ၂၉–ရက် ဖြစ်ပါတယ်။ ဒါပေမယ့် တစ်လမှာ အများအားဖြင့် ရက်သုံးဆယ်ရှိတဲ့အတွက် ရက်သုံး ဆယ်တစ်လပြည့်တယ်လို့ပဲ ဆိုရပါတယ်။ ဥတုပြည့်တယ်ဆိုတာကတော့ ဝါဆိုလပြည့်ကျော်တစ်ရက်ကစပြီး တန်ဆောင်မုန်းလပြည့်နေ့ ညဥ့်သန်းခေါင်အချိန်မှာ ကြတ္တိကာနက္ခတ်နှင့် လယှဉ်ပြီး မိုးဥတုလေးလ ပြည့်ပါတယ်။ ဒါကြောင့် ဥတုလည်းပြည့်တယ်လို့ ဆိုပါတယ်။ နှစ်ပြည့်တယ် ဆိုတာကတော့ အရင်နှစ် တန်ဆောင်မုန်းလပြည့်ကျော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်ကစပြီး အဲဒီရောက်ဆဲနှစ် တန်ဆောင်မုန်းလပြည့် နေ့ညဥ့်မှာ ၁၂-လ တစ်နှစ်ပြည့်တာကိုပဲ ဆိုပါတယ်။ ဒါကြောင့် အဲဒီ သာမညဖလသုတ်အဖွင့် အဋ္ဌကထာအရအားဖြင့် ဟိုခေတ် ဟိုအခါတုန်းက အဲဒီ အိန္ဒိယအလယ်ပိုင်း အရပ်မှာ တန်ဆောင်မုန်းလပြည့်နေ့ညဥ့်၌ နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်း တယ်လို့ သိရပါတယ်။

အနောက်တိုင်းဥရောပတိုက်သားတွေကတော့ အများသိပြီးဖြစ်တဲ့ အတိုင်း ဒီဇင်ဘာလ ၃၁-ရက်ညဥ့်မှာ နှစ်ဟောင်းမှ နှစ်သစ်ကူးတယ်လို့ အသိအမှတ်ပြုကြတယ်။ သူတို့ဟာကတော့ ကိန်းသေပဲ။ တွက်မနေရတော့ ဘူး၊ ဒီဇင်ဘာ ၃၁-ရက် ညဥ့်သန်းခေါင်ဆိုရင် နှစ်ဟောင်းကုန်ပြီး နှစ်သစ် ကူးတော့တာပဲ။ သူတို့နှစ်သစ်ကူးပုံဟာ သိလွယ်တဲ့အတွက် ကောင်းတယ် လို့ ဆိုဖွယ်ရှိပါတယ်။ မြန်မာနှစ်သစ်ကူးကတော့ အဲဒီလိုသိဖို့မလွယ်ဘူး။ ဗေဒင်တတ်တဲ့ ပုဂ္ဂိုလ်တွေက တွက်ချက်ပြီးစာရွက်စာတမ်း ရိုက်နှိပ်ဖြန့်ဝေမှ အများကသိရတယ်။ ဒါကြောင့် သိဖို့မလွယ်ဘူး၊ ဒါပေမယ့် ဗေဒင် ကိန်းခန်းအရ မိနစ်၊ စက္ကန့်အထိ တိတိကျကျသိရတဲ့အတွက် ဒီမြန်မာ နှစ်သစ်ကူးကလည်း ချီးမွမ်းဖွယ်ဂုဏ်နှင့် ပြည့်စုံပါတယ်။ ယခုနှစ်သင်္ကြန် ဆိုရင် နှောင်းတန်ခူးလဆန်း ၁၂-ရက်(ယနေ့) ညနေ ၅-နာရီ ၁၉-မိနစ် ၉-စက္ကန့်အချိန် သင်္ကြန်ကျတယ်တဲ့။ နေပြဲပြုဟ်ကြီးစပြီး ရာသီပြောင်း တဲ့အချိန်ပါပဲ။ နောက်ပြီးတော့ နှောင်းတန်ခူးလဆန်း ၁၄-ရက် နေ့ည ၁၀- နာရီ ၃-မိနစ် ၄၉-စက္ကန့်အချိန် ၂၇-ခုနှစ်သို့ ကူးပြောင်းမယ်တဲ့။ အဲဒီည ၁၀-နာရီ ၃-မိနစ် ၄၉-စက္ကန့်အချိန်ကစပြီး ၁၃၂၇-ခု နှစ်သစ်

www.burmeseclassic.com



ဖြစ်မယ်လို့ဆိုလိုပါတယ်။

အဲဒီလို နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးတဲ့အခါမှာ ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ဆိုရင် မိမိတို့သန္တာန်မှာ သီလအထူးစင်စင်ကြယ်ကြယ်နဲ့ နှစ်သစ်ကူးဖို့လိုပါတယ်။ တစ်နှစ်လုံး ရက်တိုင်းရက်တိုင်း ဥပုသ်သီလ မစောင့်နိုင်သော်လည်း နှစ်ရဲ့အစနဲ့အဆုံးမှာ သီလအထူးစင်ကြယ်ဖို့ လိုပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ အမျိုးသမီး အမျိုးသား သူတော်ကောင်းတွေဟာ ယခုနှစ်အစကလည်း ဥပုသ်သီလစောင့်ခဲ့ကြပြီ၊ ယခုနှစ်အဆုံးမှာလည်း ဥပုသ်သီလစောင့်ကြတယ်။ ဒီတော့ တစ်နှစ်လုံး အစနဲ့အဆုံး ဥပုသ်သီလစင်ကြယ်တဲ့ဂုဏ်နဲ့ ပြည့်စုံကြတာပေါ့။ တချို့က ဒီသင်္ကြန်ရက်အတွင်းမှာ ၁-ရက်၊ ၂-ရက်၊ ၃-ရက် ဥပုသ်ဆောက်တည် ကျင့်သုံးကြတယ်။ တချို့ကအကြိုအပို့နဲ့တကွ ၅-ရက် ကျင့်သုံးဆောက် တည်ကြတယ်။ အရေးအကြီးဆုံးကတော့ နှစ်သစ်ကူးတဲ့အချိန်မှာ သီလစင် ကြယ်တဲ့ဂုဏ်နဲ့ ပြည့်စုံနေဖို့ပါပဲ။ ဒါကြောင့် သင်္ကြန်ကျတဲ့ ရက်ကစပြီး ဥပုသ်သီလမစောင့်နိုင်တောင် အတာတက်ပြီး နှစ်သစ်ကူးတဲ့ နောက်ဆုံး ရက်တော့ မပျက်မကွက် ဥပုသ်စောင့်သင့်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ အတာတက်တဲ့အချိန်က သန်းခေါင်ကျော်လောက်မှာ တက်တာလည်း ရှိတယ်။ အဲဒီလိုဆိုရင်တော့ အတာမတက်ခင် အလျင်တစ်နေ့ကစပြီး စောင့်ဖို့လိုပါ တယ်။ တတ်နိုင်ရင်တော့ သင်္ကြန်အကျနေ့ကစပြီး အတက်နေ့ထိအောင် စောင့်တာက သာပြီးကောင်းပါတယ်။ ယခုအများအားဖြင့် ဒီအတိုင်းပဲ စောင့်နေကြပါတယ်။ အဲဒါကတော့ တတ်နိုင်သေးရင်တော့ အကြိုနေ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆန်းတစ်ရက်ပါ စောင့်နိုင်ရင် သာပြီးကောင်းပါတယ်။ နှစ်ဆန်းတစ်ရက် ဆိုတာ အတာတက်သည့် အချိန်ကစပြီး နှစ်သစ်နှစ်ဆန်း ဖြစ်တာပါပဲ။ ဒါပေမယ့် အဲဒီ အတာတက်သည့်နေ့က တစ်ရက်မပြည့်ဘဲ တစ်ပိုင်းတစလောက်သာ ဖြစ်တဲ့အတွက် အတာတက်ပြီး နောက်တစ်ရက်ကျမှ နှစ်ဆန်းတစ်ရက်လို့ အသိအမှတ်ပြုထားကြပါတယ်။

ယခုလို နှစ်ဟောင်း နှစ်သစ်ကူးတဲ့အခါ ဥပုသ်သီလနှင့် စင်စင်ကြယ်ကြယ် ကျင့်သုံးနေကြရတာဟာ ချစ်ကျွမ်းဝင်တဲ့ မိတ်ဆွေများကို လိုက်ပို့ရတာ၊ ကြိုဆိုရတာနဲ့တူပါတယ်။ ကိုယ့်အရပ်ကိုယ့်ဌာနမှ ပြန်သွားတဲ့မိတ်ဆွေများကို လိုက်ပို့တဲ့အခါ သန့်ရှင်းစင်ကြယ်တဲ့ အဝတ်များကို ဝတ်ပြီး ရွှင်လန်းဝမ်းမြောက်စွာနဲ့ လိုက်ပို့ကြရတယ်။ အဲဒါလိုပဲ ယခုနှစ် ဟောင်းကုန်တဲ့အခါ ဥပုသ်သီလစောင့်ကြရတာဟာ ကုန်သွားတဲ့နှစ်ဟောင်းကို သီလစင်ကြယ်စွာနှင့် ရွှင်ရွှင်ပြပြနှုတ်ဆက်ကြတဲ့ သဘောပါပဲ။ ကိုယ့်အရပ်ဌာနလာတဲ့ မိတ်ဆွေများကို ကြိုဆိုတဲ့ အခါမှာလည်း သန့်ရှင်းစင်ကြယ်တဲ့ အဝတ်များကို ဝတ်ပြီး ရွှင်လန်းဝမ်းမြောက်စွာနဲ့ နှုတ်ဆက် ကြိုဆိုကြရတယ်။ အဲဒါလိုပဲ ယခုနှစ်သစ်မလာမီကတည်းက ဥပုသ်သီလ စောင့်သုံးနေကြရတာဟာ လာမည့်နှစ်သစ်ကို သီလစင်ကြယ်စွာနဲ့ ရွှင်ရွှင်ပျပျ နှုတ်ဆက်ကြိုဆိုကြတဲ့ သဘောပါပဲ။

နောက်ပြီးတော့ သီလစင်ကြယ်ရုံတွင်လည်း မကသေးပါဘူး၊ ဒါနကုသိုလ်တွေလည်း တတ်စွမ်းနိုင်သမျှ ပြုကြရသေးတယ်။ ဘာဝနာ ကုသိုလ်တွေလည်း ပွားများကြရသေးတယ်။ အဲဒီလို ဒါန သီလ ဘာဝနာ

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တွေနဲ့ နှစ်သစ်ကို ကြိုဆိုရတာဟာ အင်မတန်ကောင်းပါတယ်။ မိမိတို့ သန္တာန်မှာရော သူတစ်ပါးသန္တာန်မှာရော တစ်ကမ္ဘာလုံးမှာရော ဒီနှစ်သစ်အတွင်းမှာ ဘေးရန်အန္တရာယ်တွေကင်းပြီး ကောင်းကျိုးချမ်းသာတွေကို ရဖို့ရာပါပဲ။ အဲဒီလို ဘေးအန္တရာယ်ကင်းပြီး ကောင်းကျိုးချမ်းသာ ဖြစ်ပွားပါစေလို့လဲ ဆုမွန်ကောင်းတောင်းရတယ်။

အဲဒီလို ကောင်းကျိုးချမ်းသာဖြစ်ပွားဖို့ရာ ဒကာ၊ ဒကာမတွေက ကုသိုလ်တရားတွေကို အထူးသဖြင့် တိုးပွားအောင် ကြိုးစားအားထုတ်နေကြတဲ့အခါမှာ ဘုန်းကြီးတို့ကလည်း တတ်နိုင်သမျှ ကူညီအားပေးကြရတယ်။ ဓမ္မာနုဂ္ဂဟအနေဖြင့် တရားဟောပြီး ချီးမြှောက်ကြရတယ်။ ဒါကြောင့် ဒီကနေ့သကြန်တရားကို ဟောရမယ်။ ယခု ဘုန်းကြီး သတင်းစဉ် ဟောနေတဲ့ တရားကတော့ သက္ကပဥ္စသုတ်တရားကို ဟောနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီကနေ့ကတော့ ဒီတရားကိုမဟောဘဲ ယခုနေအခါမှာ အများနားလည်ပြီးကျင့်သုံးနေတဲ့ တရားကိုဟောရမယ်။ ဘာတရားလဲဆိုလျှင် လောကလူတိုင်း သတ္တဝါတိုင်းနဲ့ဆိုင်တဲ့ “လောကစံတရား”ပါပဲ။

## လောကစံဆိုတာ

လောကစံဆိုတာ လောကဓမ္မဆိုတဲ့ ပါဠိမှ ဖြစ်လာတဲ့အမည်ဖြစ်ပါတယ်။ လောကဆိုတာ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကအားဖြင့် သုံးမျိုးရှိပါတယ်။ သတ္တလောကဆိုတာ သတ္တဝါအပေါင်းကိုခေါ်တာပဲ။ သတ္တဝါတစ်ယောက်ယောက်ဟာ လောကတစ်ခုတစ်ခုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ လောကတစ်ခုပဲ။ နတ်တစ်ယောက်လဲ လောကတစ်ခုပဲ။ မိန်းမတစ်ယောက်လဲ လောကတစ်ခုပဲ။ ယောကျ်ားတစ်ယောက်လဲ လောကတစ် ခုပဲ။ ကျွဲနွားအစရှိတဲ့တိရစ္ဆာန်တွေလဲ တစ်ကောင်တစ်ယောက်ဟာ လောကတစ် ခုပဲ။ အတိုချုပ်အားဖြင့် သတ္တဝါတစ်ကောင်တစ်ကောင်ဟာ လောကတစ်ခု တစ်ခုပဲ။ သတ္တဝါတွေအားလုံးကိုလဲ ပေါင်းပြီး သတ္တလောကလို့ ခေါ်ရတယ်။

ဩကာသလောကဆိုတာကတော့ အဲဒီသတ္တဝါတို့ရဲ့ တည်ရာဌာန တွေပါပဲ။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဆိုတဲ့ တည်ရာဌာနတွေပါပဲ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အပါယ်သတ္တဝါတို့၏ တည်ရာဌာနတွေလဲ ဩကာသ လောကပဲ။ ဒါပေမယ့် တိရစ္ဆာန်၊ ပြိတ္တာတို့ရဲ့တည်ရာဌာနကတော့ လူတို့၏ တည်ရာ မြေကြီးပေါ်မှာပဲ ရှိနေပါတယ်။ တစ်သီးတစ်ခြားရယ်လို့တော့ မရှိပါဘူး၊ ဒါပေမယ့် သူတို့ရဲ့ တည်နေရာဟာ သူတို့ရဲ့ ဩကာသလောကပေါ့။

သင်္ခါရလောကဆိုတာကတော့ ရုပ်၊ နာမ်၊ သင်္ခါရ တရားအပေါင်း ပါပဲ။ သတ္တဝါတွေရဲ့သန္တာန်က ရုပ် နာမ် သင်္ခါရတရားတွေလည်း သင်္ခါရလောကပဲ။ သတ္တဝါတို့၏တည်ရာ မြေကြီးသစ်ပင် တော တောင် ဘုံ ဗိမာန် ရေ လေ မီးစသည် ဗဟိဒ္ဓသန္တာန်က ရုပ်တရားတွေလည်း သင်္ခါရ လောကပဲ။ အတိုချုပ်အားဖြင့် သက်ရှိ သက်မဲ့၊ ရုပ် နာမ်တရားဟူသမျှဟာ သင်္ခါရလောကချည်းပါပဲ။

ယခုဟောမည့် လောကဓမ္မပုဒ်မှာပါဝင်တဲ့ လောကဆိုတာကတော့ အဲဒီ လောကသုံးပါးထဲက သတ္တလောကကိုသာ ဆိုလိုပါတယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လောကဆိုတာက သတ္တဝါတွေ၊ ဓမ္မဆိုတာကတရား၊ လောကဓမ္မဆိုတာ သတ္တဝါတွေမှာ မလွှဲမရှောင်သာဘဲ အမြဲထိတွေ့ခံစားနေကြရတဲ့ တရားတွေပါပဲ။ အဲဒီ လောကဓမ္မခေါ်တဲ့ လောကဓံတရားကို မြတ်စွာဘုရားက အကျဉ်းအကျယ် သုတ်နှစ်ခုအဖြစ်နဲ့ ဟောတော်မူခဲ့ပါတယ်။ သင်္ဂါယနာတင် မထေရ်မြတ်တွေ အဲဒီသုတ်များကို အင်္ဂုတ္တရပါဠိတော် အဋ္ဌကနိပါတ်မှာ သင်္ဂါယနာတင်ထားတော်မူခဲ့ကြပါတယ်။ အဲဒီ ၂-သုတ် ထဲက အကျယ်သုတ်ကို ဘုန်းကြီးက ပါဠိမူရင်းအတိုင်းရွတ်ပြပြီး အနက်အဓိပ္ပါယ်ပြောသွားမယ်။

## လောကဓံသုတ် ပါဠိ

အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံ အနုပရိဝတ္တန္တိ၊ လောကော စ ဣမေ အဋ္ဌ လောကဓမ္မေ အနုပရိဝတ္တတိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ အဋ္ဌ၊ ရှစ်ပါးကုန်သော၊ ဣမေ လောကဓမ္မာ၊ ဤလောကဓံတရားတို့သည်၊ လောကံ၊ သတ္တဝါအပေါင်းဟူသော လောကကို၊ အနုပရိဝတ္တန္တိ၊ အစဉ်မပြတ်လိုက်လျက် ရှိကုန်၏။ လောကော စ၊ သတ္တဝါအပေါင်းဟူသော လောကသည်လည်း။ ဣမေ အဋ္ဌ လောကဓမ္မေ၊ ဤရှစ်ပါးသော လောကဓံတရားတို့ကို။ အနုပရိဝတ္တတိ၊ အစဉ်မပြတ်လိုက်လျက် ရှိ၏။

လောကခေါ်တဲ့ သတ္တဝါတွေနဲ့ဆိုင်တဲ့ လောကဓံတရားတွေဟာ ရှစ်ပါးရှိပါတယ်တဲ့။ အဲဒီ လောကဓံတရားတွေက လောကခေါ်တဲ့ သတ္တဝါတွေနောက်ကို တကောက်ကောက် အစဉ်မကွာလိုက်ပါနေပါတယ်တဲ့။ လူက

www.burmeseclassic.com

www.burmeseclassic.com



နေပူထဲလျှောက်သွားနေရင် အရိပ်က အမြဲပါနေတယ်။ အဲဒီအရိပ်ကို မလိုက်ပါအောင် မတားမြစ်နိုင်ဘူး၊ အဲဒါလိုပဲ လောကဓံတရားတွေက သတ္တဝါတွေနောက် အစဉ်မပြတ်လိုက်နေတယ်။ သတ္တဝါတွေကလည်း အဲဒီ လောကဓံတရားနောက်ကို အစဉ်မပြတ် လိုက်နေပါတယ်တဲ့။ လောကဓံတရားတွေနဲ့ တွေ့ရအောင် တမင် လိုက်ရှာနေသလိုပါပဲ။ တမင်လည်း လိုက်ရှာနေကြပါတယ်။

## လောကဓံတရား ၈–ပါး

ကတမေ အဋ္ဌ၊ လာဘောစ အလာဘောစ ယသောစ အယသောစ နိန္ဒာ စ ပသံသာ စ သုခဉ္စ ဒုက္ခဉ္စ။

ကတမေ အဋ္ဌ၊ အဘယ်ရှစ်ပါးတို့နည်း ဟူမူကား။ လာဘောစ၊ လာဘ်ရခြင်းက တစ်ပါး၊ အလာဘောစ၊ လာဘ်မရခြင်းက တစ်ပါး၊ ယသောစ၊ အခြွေအရံများခြင်းက တစ်ပါး၊ အယသောစ၊ အခြွေအရံမဲ့ခြင်းက တစ်ပါး၊ နိန္ဒာစ၊ ကဲ့ရဲ့ခြင်း၊ အကဲ့အရဲ့ခံရခြင်းက တစ်ပါး၊ ပသံသာစ ချီးမွမ်းခြင်း၊ အချီးမွမ်းခံရခြင်းက တစ်ပါး၊ သုခဉ္စ၊ ချမ်းသာခြင်းကတစ်ပါး၊ ဒုက္ခဉ္စ၊ ဆင်းရဲခြင်းက တစ်ပါး။

လောကဓံတရား ရှစ်ပါးဆိုတာ လာဘ်ရတာနဲ့၊ လာဘ်မရတာ ဒီ ၂–ပါးကတစ်စုံ၊ အခြွေအရံများတာနဲ့၊ အခြွေအရံမဲ့တာ ဒီ ၂–ပါးက တစ်စုံ၊ အကဲ့အရဲ့ခံရတာနဲ့၊ အချီးအမွမ်းခံရတာ ဒီ ၂–ပါးက တစ်စုံ၊ ချမ်းသာနဲ့၊ ဆင်းရဲ ဒီ ၂–ပါးက တစ်စုံ၊ ဒီလေးစုံ ဒီရှစ်ပါးရှိပါပဲ။ ဒီရှစ်ပါးထဲမှာ အကောင်းက ၄–ပါးရှိပါတယ်။ အဆိုးကလည်း ၄–ပါးရှိပါတယ်။ အကောင်း ၄–ပါးကိုတော့ လူတွေကကြိုက်တယ်၊ အလိုရှိတယ်၊ အဆိုးလေးပါးကိုတော့

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ကြဘူး၊ အလိုမရှိကြဘူး။

အဲဒီမှာ လာဘ–လာဘ်ရခြင်းဆိုတာက ဘာလဲလိုဆိုရင် နှစ်သစ်စရာ၊ လိုချင်စရာ၊ အသုံးကျတဲ့ ဝတ္ထုပစ္စည်းတွေကို ရတာပါပဲ။ လူတွေမှာဆိုရင် ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ဆန်၊ စပါး၊ အဝတ်အထည်၊ ယာဉ်၊ ရထား၊ အိမ်ယာအစရှိတဲ့ ဝတ္ထုပစ္စည်းတွေကို ရတာဟာ လာဘ်ရတာပဲ၊ ပင်ပင်ပန်းပန်း ရှာကြံလုပ်ကိုင်လို့ရတာဖြစ်စေ၊ မရှာကြံဘဲ ကံအားလျော်စွာ အလွယ်တကူနဲ့ရတာဖြစ်စေ၊ လာဘ်ရတယ်လို့ပဲ ဆိုရတယ်၊ များများရရင် သာပြီးတော့ကောင်းတာပဲ။ စီးပွားရေးလုပ်ငန်းတွေ ချောချော မောမော အောင်မြင်ပြီး ရနေကြတာတွေဟာ လာဘ–လာဘ်ရတာတွေပါပဲ။ ရဟန်းများမှာတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်း ၄–ပါးကိုရတာဟာ လာဘ်ရတာတွေပါပဲ။

အလာဘ– လာဘ်မရခြင်းဆိုတာကတော့ ခုနကပြောခဲ့တဲ့ စီးပွားရေး ဉစ္စာရတနာတွေ အသုံးအဆောင်ပစ္စည်းတွေကို မရတာနဲ့ ရပြီးသားစီးပွား ဉစ္စာပစ္စည်းတွေ ဆုံးရှုံးပျက်စီးတာတွေပါပဲ။ အဲဒီမှာ သူများတွေကတော့ ရကြတယ်။ ကိုယ့်မှာတော့ ကြိုးစားအားထုတ်ပါလျက်နဲ့ မရဘူးဆိုလျှင် စိတ်ပျက်စရာ ဝမ်းနည်းစရာပဲ။ အဲဒါထက် ရပြီးသားပစ္စည်းတွေ ရန်သူမျိုးငါးပါး စသည်ကြောင့် တစ်နည်းနည်းနဲ့ ပျက်စီးဆုံးရှုံးသွားရတယ်ဆိုတယ်ဆိုရင် သာပြီးနစ်နာတယ်။ သာပြီး ဝမ်းနည်းစရာကောင်းတယ်။ အဲဒီ ရပြီးသားတွေ ပျက်စီးသွားတာကိုလည်း အလာဘ–လာဘ်မရခြင်းလို့ပဲ ဆိုရပါတယ်။

အဲဒီလာဘ်ရခြင်းနဲ့ လာဘ်မရခြင်းဆိုတဲ့ တစ်စုံထဲမှာ လာဘ်

www.burmeseclassic.com



ရခြင်းဆိုတာကိုတော့ လူတိုင်း ရှင်တိုင်း ကြိုက်ကြတယ်။ ဘယ်နည်းနဲ့ ပဲရရ ကြိုက်ကြတယ်။ တရားသဖြင့်ရရင်လည်း ကြိုက်တာပဲ။ မတရား သဖြင့်ရရင်လည်း လူမိုက်တွေက ကြိုက်ကြတာပဲ။ လာဘ်မရခြင်းဆိုတာ ကိုတော့ အလိုမရှိကြ။ မကြိုက်ကြဘူး၊ ခေတ်ဟောင်းဝါဒရှိတဲ့လူတွေကလည်း မကြိုက်ကြဘူး၊ ခေတ်သစ်ဝါဒရှိတဲ့ လူတွေကလည်း မကြိုက်ကြဘူး၊ အထူးအားဖြင့် ရပြီး ရှိပြီးဖြစ်တဲ့ ပစ္စည်းဥစ္စာတွေ ပျက်စီးဆုံးပါးသွားတာကို အလိုမရှိကြ၊ မကြိုက်ကြဆုံးပါပဲ။

ယသ– အခြံအရံများခြင်းဆိုတာက အိမ်ထောင်ဖက်ကို ရတာ။ မိတ်ဆွေသင်္ဂဟ အပေါင်းအဖော်တွေကို ရတာ။ တပည့်ပရိသတ်ဩဇာခံ ပုဂ္ဂိုလ်တွေကိုရတာ။ ဒီလို အခြွေအရံတွေကိုရပြီး အဲဒီအခြွေအရံတွေနဲ့ ပြည့်စုံတာကို ဆိုတာပါပဲ။

အယသ– အခြွေအရံမဲ့ခြင်း ဆိုတာကတော့ အဲဒီလို အခြွေအရံဖွဲ့ မပြည့်စုံတာ၊ ရပြီးသား အခြွေအရံတွေ ပျက်စီးဆုံးရှုံးသွားတာ အဲဒါတွေကို ဆိုတာပါပဲ။

ဒီ ယသနဲ့ အယသဆိုတဲ့ တစ်စုံထဲမှာ ယသ–အခြွေအရံများတာကို ကြိုက်ကြတယ်။ တကိုယ်တည်းနေရာက အိမ်ထောင်ဖက်ရတာကိုလည်း ကြိုက်ကြတယ်။ အဲဒီကနောက် သားသမီးတွေရလာတာကိုလည်း ကြိုက်ကြ တယ်။ မိတ်ဆွေ သင်္ဂဟအပေါင်းအသင်းတွေ ရတာကိုလည်း ကြိုက်ကြ တယ်။ တပည့်ပရိသတ်တွေကို ရတာလည်း ကြိုက်ကြတယ်။ မိမိ၏ ဩဇာခံပရိသတ်တွေများများ ရလေလေ ကြိုက်ကြလေလေပဲ။ အယသဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခြွေအရံမှဲ့တာကိုတော့ မကြိုက်ကြဘူး။ ရသင့်တဲ့ အပေါင်းအသင်းမိတ်ဆွေ သင်္ဂဟ တပည့်ပရိသတ်ကို မရရင် မကြိုက်ကြဘူး၊ ရပြီးသား မိတ်ဆွေသင်္ဂဟ တပည့်ပရိသတ်တွေ ပျက်စီးဆုံးပါးသွားရင်တော့ အလွန့်အလွန်ပဲ စိတ်နှလုံး မချမ်းမသာ ဖြစ်တတ်ကြတယ်။ အဲဒီအထဲမှာ အိမ်ထောင်ဖက်ဖြစ်တဲ့သူတွေ ကွဲပြားပျက်စီးသွားရင် အဆိုးဆုံးပါပဲ။

နောက်ပြီးတော့ နိန္ဒာ– ကဲ့ရဲ့ခြင်း၊ ပသံသာ၊ ချီးမွမ်းခြင်းဆိုတဲ့ တတိယအစုံထဲက ကဲ့ရဲ့တယ်ဆိုတာကို မကြိုက်ကြဘူး၊ မဟုတ်တဲ့နဲ့ ဖြစ်စေ၊ ဟုတ်လို့ဖြစ်စေ ကိုယ့်ကိုကဲ့ရဲ့ရင် မကြိုက်တတ်ကြဘူး၊ သည်းမခံနိုင်တတ်ကြဘူး၊ သူတော်ကောင်းစိတ်ဓာတ် မရှိတဲ့သူဆိုရင် ဟုတ်လို့ကဲ့ရဲ့တာကို သာပြီးနာတတ်ကြတယ်။ အနာပေါ်ဒုတ်ကျတာလိုပဲ ဟုတ်မှန်တဲ့ ကိုယ့်အပြစ် ကို သူများသိအောင် ထုတ်ဖော်ပြောရမလားလို့ စိတ်အနာကြီး နာတတ်တယ်။

သူတော်ကောင်းစိတ်ရှိတဲ့သူမှာတော့ ဟုတ်မှန်တဲ့ ကိုယ့်အပြစ်ကို ပြောရင် အသင့်အတင့် နှလုံးသွင်းတဲ့ ယောနိသော မနသိကာရနဲ့ အတော် အတန်တော့ သည်းခံနိုင်တတ်ပါတယ်။ ဒါပေမယ့် ကဲ့ရဲ့တာကိုတော့ အများ အားဖြင့် အလိုမရှိတာ မကြိုက်တာကဘဲ များပါတယ်။ လူကြီးပဲဖြစ်ဖြစ် လူငယ်ပဲဖြစ်ဖြစ် ကဲ့ရဲ့တာကိုတော့ မကြိုက်တာကပဲ များပါတယ်။ ပသံသာ– ချီးမွမ်းတယ်ဆိုတာကိုတော့ အများကကြိုက်ကြတယ်၊ မဟုတ်တဲ့ဂုဏ်နဲ့ ချီးမွမ်းတာတောင် စိတ်မဆိုးဘူး၊ မဟုတ်မှန်းသိလျက်နဲ့ ပြုံးပြီး လက်ခံ တတ်ကြသေးတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



# ချမ်းသာက အရေးကြီးတယ်

နောက်ပြီးတော့ ချမ်းသာနဲ့ ဆင်းရဲဆိုတဲ့ စတုတ္ထအစုံထဲက ချမ်းသာဆိုတာ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းလို့ ဒီလို ၂-မျိုးရှိတယ်။ ဒီချမ်းသာ ၂-မျိုးကတော့ အရေးအကြီးအဆုံးပါပဲ။ ဒီချမ်းသာ ၂-မျိုးနှင့် ပြည့်စုံတယ်ဆိုရင် ဘာမှမလိုတော့ဘူး၊ ဒါကြောင့် ဒီချမ်းသာ ၂-မျိုးနှင့် ပြည့်စုံရအောင် ချမ်းသာကြောင်း အမှုကိစ္စဝတ္ထုပစ္စည်းတွေကို အမြဲတမ်း ကြောင့်ကြစိုက်ပြီး ရှာကြံနေကြရတယ်။ ဒါကြောင့် ရှေးကပညာရှိတစ်ဦးက ( ချမ်းသာတစ်ခု မက်မောမှုကြောင့် ပုပုရွရွဖြစ်သမျှတို့ ဒုက္ခပင်လယ် ကျယ်ထက်ကျယ်သည် ရွယ်တိုင်းမမြောက်နိုင်ပါတကား)လို့ လင်္ကာလေး တစ်ပုဒ်စီထားတယ်။ သူ့လင်္ကာဟာ တော်တော်ဟုတ်တဲ့ လင်္ကာပဲ။ ကိုယ်ချမ်းသာနဲ့ စိတ်ချမ်းသာ ဒီ ၂-မျိုးကိုပေါင်းပြီး ချမ်းသာတစ်ခုမက်မောမှုကြောင့်လို့ ဆိုထားတယ်။ ဒီချမ်းသာကို မက်မောနေကြတဲ့အတွက် သတ္တဝါတွေဟာ ဒုက္ခရောက်နေကြရတာပဲ။

ကိုယ်ထဲမှာ နာကျင်ကိုက်ခဲမှု၊ မခံသာမှုတွေ ကင်းပြီးတော့နေသာထိုင်သာရှိနေဖို့၊ ကောင်းတဲ့အတွေ့တွေနဲ့ တွေ့ထိပြီးတော့ ကောင်းစားချမ်းသာနေဖို့။ ဒါဟာ အင်မတန်အရေးကြီးပါတာပဲ။ ဒါကြောင့် ဒီလိုနေနိုင်အောင်လည်း ရှာကြံနေကြရတယ်။ နောက်ပြီးတော့ စိတ်ထဲမှာလည်း စိတ်ညစ်စရာ စိတ်ပျက်စရာ နှလုံးမသာစရာတွေ လုံးဝကင်းပြီးတော့ ဝမ်းမြောက်ဝမ်းသာစရာ ပျော်ရွှင်စရာတွေနဲ့ချည်း တွေ့ပြီး အမြဲတမ်း စိတ်ရွှင်လန်း

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက် ချမ်းသာနေဖို့ ဒါကလည်း အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် ဒီလိုစိတ်ချမ်းသာပြီး နေနိုင်အောင်လည်း ရှာကြံနေကြရပါတယ်။

လောကကြီးတစ်ခုလုံးကို ဖြန့်ပြီး စစ်ဆေးကြည့်ပါ။ လူချမ်းသာဆိုတာ ဘာတွေလဲ။ နတ်ချမ်းသာဆိုတာ ဘာတွေလဲ၊ အဲဒီလို စစ်ဆေးကြည့်လိုက်ရင် လူချမ်းသာဆိုတာလည်း ဒီကိုယ်ချမ်းသာ စိတ်ချမ်းသာပဲ။ နတ်ချမ်းသာဆိုတာလဲ ဒီချမ်းသာနှစ်ခုပဲ။ ဒါပေမယ့် ဒီချမ်းသာ နှစ်ခုဖြစ်ဖို့ အတွက် အသိုင်းအဝိုင်းအထောက်အပံ့တွေကတော့ အများကြီးရှိပါတယ်။ စီးပွားဥစ္စာတွေ၊ အသုံးအဆောင်တွေ၊ စားဖွယ်သောက်ဖွယ်တွေ၊ အခြွေအရံတွေ၊ ဒီလိုချမ်းသာကြောင်းဝတ္ထုတွေကတော့ အများကြီးပဲ ရှိပါတယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ လုံးဝမရှိဘူး၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ အမြဲတမ်းပြည့်စုံနေ တယ်ဆိုရင် အဲဒီချမ်းသာကြောင်း အသုံးအဆောင်တွေကလဲ ပြည့်စုံပြီးသားချည်း ဖြစ်နေပါတယ်။ ဟုတ်တယ် တစ်ခုခုလိုနေတယ်ဆိုရင် အဲဒီလိုနေတာကလေးအတွက် စိတ်ဆင်းရဲရှိနေဦးမှာပဲ။ ဘာမှမလိုတော့ဘူး၊ အကုန်လုံး ပြည့်စုံနေတယ်ဆိုရင်တော့ အကုန်လုံးချမ်းသာသွားနိုင်တော့တာပဲ၊ ဒါပေမယ့် ဒီလိုအကုန်းလုံး အမြဲတမ်းချမ်းသာတယ်ဆိုတာကတော့ လောကထဲမှာ မရှိနိုင်ပါဘူး။ ဒါကြောင့် ခုနက လင်္ကာထဲမှာ "ပုပုရွရွ မြင်သမျှတို့ ဒုက္ခပင်လယ် ကျယ်ထက်ကျယ်သည် ရှယ်တိုင်း မမြောက်နိုင်ပါတကားလို့" ဆိုထားပေတာပဲ။

နောက်ပြီးတော့ ဆင်းရဲဆိုတာကလည်း ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းလို့ ဒီလို ၂-မျိုးရှိတာပဲ၊ အဲဒီ ၂-မျိုးထဲက ကိုယ်၏

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခြင်းဆိုတာ ရောဂါဝေဒနာ တစ်မျိုးမျိုးနှိပ်စက်လို့ပဲဖြစ်ဖြစ်၊ သူတစ်ပါးက ရိုက်နှက်၊ ပစ်ခတ်၊ နှိပ်စက်လို့ပဲ ဖြစ်ဖြစ်၊ ဆူးညှောင့်ခလုတ် ထိခိုက်လို့ပဲ ဖြစ်ဖြစ်၊ နေပူမိုးပူစသည်လောင်လို့ပဲ ဖြစ်ဖြစ်၊ ကိုယ်ထဲမှာ မနေသာ မခံသာ ဆင်းရဲတဲ့သဘောပါပဲ။ ဒီကိုယ်ဆင်းရဲကို မကြိုက်ကြပါဘူး၊ ကြောက်ကြတယ်၊ ဒါကြောင့် ဒီလို ကိုယ်ဆင်းရဲတွေ မဖြစ်ရအောင် အမြဲသတိပြုပြီး စောင့်ရှောက်နေကြရတယ်။ စိတ်၏ဆင်းရဲခြင်း ဆိုတာကတော့ စိတ်ညစ်စရာ စိတ်ပူစရာ စိတ်ပျက်စရာတွေကို တွေးပြီးတော့ စိတ်ညစ်နေတာ။ စိတ်ပူနေတာ။ စိတ်ပျက်နေတာ။ စိတ်နှလုံးမသာ မယာဖြစ်ပြီး ဆင်းရဲပင်ပန်း နေတာပါပဲ။ ဒီစိတ်ဆင်းရဲကိုလည်း မကြိုက်ကြဘူး၊ ဒီလိုမကြိုက်ကြပေမယ့် ဒီစိတ်ဆင်းရဲဟာ ကိုယ့်ဟာကိုယ် ကြံတွေးပြီးတော့လည်း ဖြစ်တတ်တယ်။ သူတစ်ပါးက စိတ်မချမ်းသာအောင် ပြောဆိုပြုလုပ်လို့လည်း ဖြစ်တတ်တယ်။ ချစ်မြတ်နိုး အပ်တဲ့ ပုဂ္ဂိုလ်တွေ၊ အာရုံဝတ္ထုတွေနဲ့ ကွဲကွာရတဲ့အတွက်လည်း ဒီစိတ်ဆင်းရဲက ဖြစ်တတ်တယ်။ နောင်အခါတွေ့နိုင်တဲ့ ဘေးရန်အန္တရာယ်တွေကို မျှော်တွေးပြီးတော့လည်း ဒီစိတ်ဆင်းရဲက ဖြစ်တတ်တယ်။ ဒီစိတ်ဆင်းရဲတွေကို လည်း အလိုမရှိကြဘူး။ ကြောက်ကြတယ်၊ ဒါကြောင့် ဒီစိတ်ဆင်းရဲတွေ ကင်းအောင်လည်း အမြဲမပြတ် သတိပြုနေကြရတယ်။

## လူတိုင်းကြိုက်ကြတယ်

ယခုပြောလာခဲ့တာဟာ လောကဓံရှစ်ပါးလုံး သရုပ်တော့စုံသွားပြီ။ အဲဒီရှစ်ပါးထဲမှာ မကောင်းတဲ့ဘက်ကလည်း လေးခုရှိတယ်။ ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကလည်း လေးခုရှိတယ်။ ကောင်းတဲ့လောကဓံ ၄–ခုကိုတော့ လူတိုင်း၊ ရှင်တိုင်းက ကြိုက်ကြတယ်၊ မကောင်းတဲ့ လောကဓံ ၄–ခုကိုတော့ လူတိုင်း၊ ရှင်တိုင်းက အလိုမရှိကြ၊ မကြိုက်ကြဘူး၊ ဒါပေမယ့် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒီလောကဓံတရားတွေကတော့ အကြောင်းအားလျော်စွာ တွေ့နေကြရတာပဲ။ ဘယ်သူကမှ မကာင်းနိုင်ဘူး၊ ဘယ်ကိုပြေးလို့မှ မလွတ်နိုင်ဘူး။

## အကောင်းနဲ့တွေ့ရင် အဆိုးလည်းပါလာတယ်

တစ်ခါတစ်ရံ ရချင်တာတွေကိုရမယ်။ အလိုရှိတိုင်းရပြီး ပြည့်စုံကြွယ်ဝနေမယ်။ တစ်ခါတရံကျတော့ ရချင်တာတွေကို မရဘဲရှိနေမယ်။ ရပြီးသားတွေလဲ ပျက်စီးဆုံးရှုံးသွားမယ်။ တစ်သက်လုံးမပျက်စီးဘဲ တည်နေတယ်ဆိုတောင်မှ သေတဲ့အခါကျတော့ အဲဒီရထားတာတွေကို စွန့်လွှတ်ပြီး သွားရမယ်။ ဒီတော့ အကြောင်းညီညွတ်လို့လာဘဆိုတဲ့ ရခြင်းနဲ့ပြည့်စုံလျှင်၊ အလာဘ မရခြင်း၊ ရပြီးသားတွေပျက်စီးဆုံးရှုံးခြင်း ဆိုတာကလည်း တစ်ပါတည်းနောက်က လိုက်ပါလာတော့တာပဲ။

တစ်ခါတရံ အခြွေအရံနဲ့ပြည့်စုံမယ်။ တစ်ခါတစ်ရံကျတော့ အခြွေအရံနဲ့ မပြည့်စုံဘဲ ရှိနေမယ်။ အင်မတန် အခြွေအရံများတဲ့ မြတ်စွာဘုရားတောင်မှ တစ်ပါးတည်း ဝါကပ်နေရတဲ့အခါ ရှိသေးတာပဲ။ သာမန်လူတွေမှာတော့ အထူးပြောစရာမလိုပါဘူး။ တစ်ခါတစ်ရံ ရှိပြီးသားအခြွေအရံတွေ ပျက်စီးဆုံးရှုံးသွားမယ်။ နောက်ဆုံးသေတဲ့အခါကျတော့ ရှိသမျှ အခြွေအရံတွေကို အကုန်လုံးစွန့်ပြီး တစ်ယောက်တည်း ကံအားလျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



သွားရမယ်။ ဒီတော့ ယသဆိုတဲ့ အခြေအရုံနှင့် ပြည့်စုံလျှင် အယသဆိုတဲ့ အခြေအရုံမဲ့ခြင်းကလည်း တစ်ပါးတည်း နောက်က လိုက်ပါလာတော့တာပဲ။

ချီးမွမ်းတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့အတွက် အချီးအမွမ်းခံရတဲ့အခါလည်း ရှိမှာပဲ။ ဒါပေမယ့် ချီးမွမ်းဖွယ်ဂုဏ်နဲ့ ပြည့်စုံအောင် အားထုတ်ရတာက လွယ်တာမဟုတ်ဘူး။ အင်မတန်အားထုတ်နိုင်မှ တကယ်အစစ် ချီးမွမ်းဖွယ် ဂုဏ်တစ်ခုကို ရပါတယ်။ အဲဒါထက် အဲဒီချီးမွမ်းဖွယ်ဂုဏ် မပျက်အောင် စောင့်ရှောက်နေရတာက သာပြီးဝန်လေးပါတယ်။ ဒီလိုစောင့်ရှောက်နေနိုင် ပေမယ့် သူတစ်ပါးက အထင်လွဲလို့ဖြစ်စေ၊ သက်သက်မုန်းလို့ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ အကဲ့ရဲ့ခံရတာလည်း ရှိတတ်သေးတယ်။ အပြစ်ဒေါသလုံးဝကင်းစင်တော်မူတဲ့ မြတ်စွာဘုရားကိုတောင်မှ ကဲ့ရဲ့သူတွေ ရှိသေးတာပဲ။ သာမန်လူတွေမှာတော့ အထူးပြောစရာမလိုပါဘူး။ ဒီတော့ အချီးအမွမ်းခံရတယ်ဆိုရင် မလိုလားအပ်တဲ့သူတွေက ဖန်တီးတဲ့ ကဲ့ရဲ့မှု ကလည်း လိုက်ပါလာတတ်တယ်။

သုခနဲ့ဒုက္ခဆိုတာကတော့ အမြဲမပြတ် ဒွန်တွဲနေပါတယ်။ အကြောင်း ညီညွတ်တဲ့အခါ ကိုယ်ရောစိတ်ပါ ချမ်းသာနေမယ်။ အကြောင်းမညီညွတ်တဲ့ အခါ ဆင်းရဲနေမယ်။ လမ်းလျှောက်နေတဲ့အခါ ခြေတစ်ဖက်က မြေကြီးပေါ်မှာ ရပ်တည်နေသလိုပဲ။ ညာဘက်ခြေက ကြွလှမ်းနေတဲ့အခါ ဘယ်ဘက်က မြေပေါ်မှာရပ်တည်နေမယ်။ ဘယ်ခြေက ကြွလှမ်းနေတဲ့အခါမှာ ညာဘက် ခြေကရပ်တည်နေမယ်။ အဲဒါလိုပဲ ချမ်းသာဆိုတဲ့ အကောင်းတွေဖြစ်ပေါ် နေတဲ့အခါမှာ ဆင်းရဲငြိမ်းနေတယ်။ ဆင်းရဲဆိုတဲ့ မကောင်းတာတွေဖြစ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ချမ်းသာမရှိဘူး။ တစ်လှည့်စီ၊ တစ်ပြန်စီတွေ့ကြုံနေရတဲ့ တရားတွေပဲ။ ဒီတော့ ချမ်းသာနေတယ်ဆိုရင် ဆင်းရဲဆိုတာလည်း တပါတည်း နောက်က လိုက်ပါလာတာပဲ။

## အကောင်းနဲ့တွေ့ရင် ဝမ်းမြောက်တယ်

အဲဒီလို အကြောင်းအားလျော်စွာ လူတိုင်းလူတိုင်း တွေ့ကြုံနေရတဲ့ ဒီလောကဓံတရားတွေကို ဉာဏ်ဖြင့် အသင့်အတင့် နှလုံးသွင်းဆင်ခြင်ပြီး သည်းခံနိုင်ဖို့လိုပါတယ်။ အဲဒီလိုသည်းမခံနိုင်တဲ့သူတွေမှာ လောကဓံ အကောင်း ၄–မျိုးနဲ့ တွေ့ကြုံရတဲ့အခါမှာ အတိုင်းမသိ အလွန်အကျွံ ဝမ်းမြောက်တက်ကြွနေတတ်တယ်။ လောကဓံအဆိုး ၄–မျိုးနဲ့တွေ့ကြုံရတဲ့ အခါမှာလည်း အတိုင်းမသိ အလွန်အကျွံ ဝမ်းနည်းစိတ်ပျက်နေတတ်တယ်။ ဒါကြောင့် လောကဓံအကောင်း ၄–ပါးအတွက် (လာဘ်၊ ခြွေရံရ၊ ချီးမွမ်းကြ သုခဝမ်းသာမြဲ) လို့ဆောင်ပုဒ်ကလေး စီထားပါတယ်။ လာဘ်ရရင်၊ အခြွေအရံ ရရင်၊ အချီးအမွမ်းခံရရင်၊ ချမ်းသာသုခနဲ့ပြည့်စုံရင် ဒီလောကဓံ အကောင်း ၄–ပါးနဲ့ ပြည့်စုံရင် သတ္တဝါတွေက အများအားဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြစမြဲပဲလို့ ဆိုလိုပါတယ်။ ကဲ–အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

လာဘ်၊ ခြွေရံရ၊ ချီးမွမ်းကြ၊ သုခ ဝမ်းသာမြဲ။ (ဆို)

## အဆိုးနဲ့တွေ့ရင်တော့ ဝမ်းနည်းတယ်

ဒါကကောင်းတဲ့ လောကဓံ ၄–ပါးပဲ။ လူတိုင်း ရှင်တိုင်းကြုံကြိုက်တဲ့ လောကဓံ ၄–ပါးပေါ့။ အဲဒီကောင်းတဲ့လောကဓံ ၄–ပါးတွေ့နဲ့ကြုံရရင်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာကြသလိုပဲ။ မကောင်းတဲ့လောကဓံ ၄–ပါးတွေ့နဲ့ကြုံကြတဲ့အခါ ကြတော့ အများအားဖြင့် ဝမ်းနည်းကြ စိတ်ပျက်တတ်ကြပါတယ်။ မကောင်းတဲ့လောကဓံ ၄–ပါးဆိုတာကလည်း လောကဓံအကောင်းလေးပါးမှ အပြန်ဆန့်ကျင်ဘက်ပဲ။ ဒါကြောင့်( ထိုလေးမျိုးမှ၊ ပြောင်းပြန်ကျ၊ လောကဝမ်းနည်းမြဲ၊)လို့ ဆောင်ပုဒ်စီထားပါတယ်။ လာဘ်ရတာနဲ့ ပြောင်းပြန်၊ လာဘ်မရလို့ရှိရင် အခြွေအရံရတာနဲ့ ပြောင်းပြန်၊ အခြွေအရံမရလို့ရှိရင် ချီးမွမ်းတာနဲ့ပြောင်းပြန်၊ ကဲ့ရဲ့လို့ရှိရင် သုခနဲ့ ပြောင်းပြန်၊ ဆင်းရဲ ဒုက္ခတွေ့ရလို့ရှိရင် အဲဒီလောကဓံ အကောင်း ၄–ပါးနဲ့ ပြောင်းပြန်၊ လောကဓံအဆိုး ၄–ပါးကျရောက်လာလို့ရှိရင် လောကဆိုတဲ့ သတ္တဝါတွေက အများအားဖြင့် စိတ်နှလုံးမသာကြ။ ဝမ်းနည်းကြစမြဲပဲလို့ ဆိုပါတယ်။ ကဲ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ထိုလေးမျိုးမှ ပြောင်းပြန်ကျ ၊ လောကဝမ်းနည်းမြဲ။(ဆို)

စီးပွားဥစ္စာရတနာ လာဘ်လာဘတွေကို မရရင်၊ ရပြီးသားစီးပွားဥစ္စာတွေ တစ်နည်းနည်းဖြင့် ပျက်စီးဆုံးပါးကုန်ရင် မနေသာ မထိုင်သာအောင် စိတ်ပျက်တတ်၊ ဝမ်းနည်းတတ်ကြတယ်။ အလွန်အကျွံ ဝမ်းနည်းပြီး စိတ်တွေရူးကြောင်ကြောင်လည်း ဖြစ်တတ်တယ်။ သေသည် အထိလည်း ဒုက္ခရောက်သွားတတ်တယ်။

ဒါကြောင့် ဂျိန်းဘာသာဝင် ဆရာတစ်ယောက်က “ ပစ္စည်းဥစ္စာဟာ လူ့ရဲ့အပြင်ပ အသက်ဖြစ်တယ်။ ပစ္စည်းဥစ္စာကို လုယူရင် အပြင်ပအသက်ကို ညှဉ်းဆဲသတ်ဖြတ်သည် မည်တယ်”လို့ ဆိုပါတယ်။ ဂျိန်းဘာသာ

www.burmeseclassic.com

www.burmeseclassic.com



တရားထဲမှာ အဟိံသာ–မညှဉ်းဆဲ၊ မသတ်ဖြတ်ရဘူးဆိုတဲ့ ကျင့်ဝတ်ဟာ အလွန်အရေးကြီးပါတယ်။ အဲဒီကျင့်ဝတ်အရ သတ္တဝါကို ညှဉ်းဆဲသတ်ဖြတ်ရင် အပြစ်ကြီးတယ်လို့ ဂျိန်းဘာသာတရားကဆိုပါတယ်။ အဲဒီသတ္တဝါကို တိုက်ရိုက်သတ်မှသာ မဟုတ်ပါဘူး၊ သတ္တဝါရဲ့ဥစ္စာကို လုယက်ခိုးယူရင်လည်း အပြင်ပအသက်ကို သတ်သည်မည်တယ်။ သတ်ရာရောက်တယ်။ အပြစ်ကြီးတယ်လို့ အဲဒီ ဂျိန်းဆရာကဆိုချင်တယ်။ ဒါကြောင့် သူက "ပစ္စည်း ဥစ္စာကိုလုရင် ပြင်ပအသက်ကို ညှဉ်းဆဲသတ်ဖြတ်သည် မည်တယ်"လို့ဆိုတာပဲ။ သူ့အဆိုက ယုတ္တိခိုင်ရှိရှိပဲ၊ ဘာကြောင့်လည်းဆိုရင် လူတွေမှာ ပစ္စည်းဥစ္စာကိုမှီပြီး အသက်ရှင်နေကြတယ်။ စားစရာ သုံးစရာ မရှိဘူးဆိုရင် သေဖို့ရှိတော့တာပဲ။

ဒါကြောင့် အမြတ်တနိုး သိမ်းဆည်းထားတဲ့ ပစ္စည်းဥစ္စာတွေကို လုယူသွားတယ်ဆိုရင် အဲဒီ အလုခံရတဲ့လူမှာ အများကြီး စိတ်မချမ်းမသာ ဖြစ်ပေလိမ့်မယ်။ သုံးစရာ၊ စားစရာမရှိအောင် လုယူသွားတယ်ဆိုရင်တော့ ယူကြုံးမရဖြစ်ပြီး သေဖို့ရာပဲရှိတော့တယ်။ အလိုလိုမသေတောင်မှ သေရာသေကြောင်းကြံပြီး သေဖို့ရာအလွန်နီးစပ်နေပါတယ်။ ဒါကြောင့် ပစ္စည်းဥစ္စာကို အပြင်ပအသက်လို့ဆိုတာဟာ သူ့ရည်ရွယ်ချက် သူ့နည်း ပရိယာယ် အရအားဖြင့် အသင့်ယုတ္တိရှိတယ်လို့ ဆိုရမှာပဲ။ အဲဒီလို ပစ္စည်းဥစ္စာက အသက်သဖွယ်ဖြစ်နေတဲ့အတွက် ရပြီးသားပစ္စည်းဥစ္စာတွေ ပျက်စီးဆုံးပါးရတဲ့ အလာဘနဲ့ တွေ့ကြုံရတဲ့သူ့မှာ အကြီးအကျယ်ဆင်းရဲဒုက္ခ ရောက်ရပါတယ်။ သေသည်အထိလည်း ဒုက္ခရောက်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ ယသ–အခြွေအရံရတာနဲ့ ပြောင်းပြန်က အယသ– အခြံအရံမရတာ အခြွေအရံမဲ့တာပဲ။ မိမိရချင်တဲ့ အခြွေအရံကို မရရင်၊ ရပြီးသား အခြွေအရံတွေ ပျက်စီးဆုံးပါးကုန်ရင် စိတ်မချမ်းမသာ ဖြစ်ရတော့တာပဲ။ ဝမ်းနည်းပက်လက်ဖြစ်ရတော့တာပဲ။ နောက်ပြီးတော့ ချီးမွမ်းတာနဲ့ ပြောင်းပြန် အကဲ့ရဲ့ခံရရင်လည်း စိတ်မချမ်းမသာ ဖြစ်တတ်တယ်။ ဒီကဲ့ရဲ့မှုကတော့ အသေးအဖွဲ့ဆိုရင် သိပ်အရေးမကြီးလှပါဘူး၊ သည်းခံနိုင်တတ်ကြပါတယ်။ ဝုဏ်သိက္ခာပျက်လောက်အောင် အကြီးအကျယ်ကဲ့ရဲ့ ခံရရင်တော့ သူကလည်း မသက်သာလှဘူး။ အကြီးအကျယ်စိတ်ဆင်းရဲရတယ်။ နောက်ပြီးတော့ သုခရဲ့ပြောင်းပြန်ဆိုတော့ ဒုက္ခပေါ့။ ဒီဆင်းရဲ ဒုက္ခကတော့ ကြောက်စရာအကောင်းဆုံးပဲ။ ဒါပေမယ့် အသေးအဖွဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကလေးတွေကတော့ တယ်ပြီး အရေးမကြီးလှပါဘူး။ အဲဒီလို ဆင်းရဲကလေးတွေကတော့ ကင်းခဲပါတယ်။ အမြဲလိုလိုပဲရှိနေတတ်ပါတယ်။ အရေးကြီးတာကတော့ ကိုယ်ထဲမှာ မချိမဆန့်ခံရတဲ့ ဆင်းရဲဒုက္ခတွေ၊ စိတ်ထဲမှာ ယူကြုံးမရဖြစ်နေတဲ့ စိတ်ပူပန်မှု၊ စိတ်ဆင်းရဲမှုတွေ အဲဒီလို အကြီးအကျယ် ဖြစ်ပေါ်လာတဲ့ ဆင်းရဲတွေနဲ့တွေ့နေရရင် နောက်ထပ် စိတ်ဆင်းရဲမှု၊ ဝမ်းနည်းမှုတွေလည်း အတိုင်းမသိ ဖြစ်ပေါ်လာတတ်တယ်။ ဒါကြောင့် “ထို လေးမျိုးမှ ပြောင်းပြန်ကျ လောကဝမ်းနည်းအမြဲ”လို့ ဆိုထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားရဟန္တာလည်း တွေ့ရပါတယ်

အဲဒါဟာ ကိလေသာမကင်းသေးတဲ့ အများသော ပုဂ္ဂိုလ်တွေမှာ ဖြစ်ရိုးဖြစ်စဉ်တွေပါပဲ။ ကိလေသာ လုံးဝကင်းတော်မူကြတဲ့ ဘုရားရဟန္တာ အရှင်မြတ်တွေမှာတော့ ဒီလောကဓံတရားတွေကို သည်းခံတော်မူနိုင်ကြပါတယ်။ ကောင်းတဲ့လောကဓံ ၄-မျိုးနဲ့တွေ့လို့လည်း မတက်ကြွမတုန်လှုပ်ဘူး။ ဆိုးတဲ့လောကဓံလေးမျိုးတွေ့လို့လည်း မတတ်ကြွ မတုန်လှုပ်ဘူး။ ဒါကြောင့် မင်္ဂလသုတ်မှာ မြတ်စွာဘုရားက–

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။

အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

လို့ ဟောတော်မူပါတယ်။

လောကဓမ္မေဟိ၊ လောကဓံတရား ရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ၊ တွေ့သော၊ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏–လို့၊ ရဟန္တာပုဂ္ဂိုလ်လည်း ဒီလောကဓံတရားတွေကို တွေ့ရတာပဲ။ သူ့အမည်ကိုက လောကဓမ္မ လောကနှင့်ဆိုင်တဲ့ တရားဆိုတော့ လောကထဲ အတွင်းဝင်နေရင် ဒီလောကဓံတရားတွေနဲ့ တွေ့ရတာပဲ။ ရဟန္တာများလည်း ပရိနိဗ္ဗာန်မဝင်စံခင်မှာဆိုရင် လောကထဲမှာ ပါဝင်နေပါတယ်။ လောကဆိုတဲ့ သူ့နိုင်ငံနယ်ပယ်ထဲမှာ ဝင်နေတော့ လောကဓမ္မဆိုတဲ့ သူ့တရားနဲ့လည်း တွေ့ရတော့ တာပဲ။ မြတ်စွာဘုရားလည်း တွေ့ရတာပဲ။ သတ္တလောကဆိုတဲ့ သူ့နယ်ပယ်မှာနေရင် ဘယ်သူမှ မရှောင်နိုင်ဘူး။ တွေ့ရတာချည်းပဲ။ ဒါကြောင့် (လောကဓမ္မ၊ ရှောင်မရ၊ မုချတွေ့ရ)လို့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

**လောကဓမ္မ၊ ရှောင်မရ၊ မုချတွေ့စမြဲ။(ဆို)**

## ရဟန္တာမှာ မတုန်လှုပ်

လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ၊ တွေ့သော၊ ဝါ၊ လောကဓံတရားရှစ်ပါးတို့က တွေ့ထိနှိပ်စက်အပ်သော၊ ယဿ၊ အကြင် ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်၊ နကမ္ပတိ၊ မတုန်မလှုပ်။ လောကဓံရှစ်ပါး နဲ့ တွေ့ရတဲ့အခါမှာ ရဟန္တာပုဂ္ဂိုလ်၏ စိတ်နှလုံးဟာ တုန်လှုပ်ခြင်း ပြောင်းလဲ ခြင်း မရှိဘဲ တည်တံ့နေပါတယ်–တဲ့။ ကောင်းတာတွေကို တွေ့ရလို့ လည်း ဝမ်းမြောက်တက်ကြွပြီး တုန်လှုပ်ခြင်း မရှိဘူး။ ဆိုးတာတွေကို တွေ့ရလို့လည်း နှလုံးမသာဖြစ်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း မရှိဘူး။ သာမန် ရိုးရိုးအာရုံနဲ့ တွေ့ရသလိုပဲ။ တုန်လှုပ်ခြင်းမရှိဘဲ တည်မြဲတည်နေပါတယ်တဲ့။ သိပ်ကောင်း တာပဲ။ ရဟန္တာသာမဟုတ်ပါဘူး။ အနာဂါမ်ဆိုရင်လည်း တော်တော်သည်း ခံနိုင်ပါပြီ။ တုန်လှုပ်ခြင်း မရှိသလောက် ဖြစ်နေပါပြီ၊ ရူပရာဂနဲ့ အရူပရာဂရှိနေ သေးတဲ့အတွက် ရူပဘဝနဲ့ အရူပဘဝနဲ့ စပ်ပြီးသာယာမှု၊ ဝမ်းမြောက်မှု ဖြစ်နိုင်သေးပေမယ့် ဒေါသကကင်းနေတဲ့အတွက် နှလုံးမသာမှု၊ ဝမ်းနည်းမှုက တော့ လုံးဝမရှိတော့ပါဘူး။ ဒါကြောင့် အနာဂါမ်မှာလည်း စိတ်နှလုံး တုန်လှုပ် မှုဟာ မရှိသလောက်ဘဲ သက်သာနေပါပြီ။

## သောတာပန်လည်း ငိုသေးသည်

သောတာပန် သကဒါဂါမ်များမှာတော့ ကာမရာဂမကင်းသေးတဲ့ အတွက် လောကဓံအကောင်းတွေနဲ့တွေ့တဲ့အခါ နှစ်သက်သာယာပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမြောက် တက်ကြွတန်သလောက်တော့ တက်ကြွပေလိမ့်ဦးမယ်။ ဗျာပါဒ ဒေါသမကင်း သေးတဲ့အတွက် လောကဓံအဆိုးတွေနဲ့ တွေ့တဲ့အခါ နှလုံး မသာမှု၊ စိတ်ပျက်မှု ဝမ်းနည်းမှုလည်း ဖြစ်တန်သလောက်တော့ ဖြစ်ပေလိမ့် ဦးမယ်။ ဒါကြောင့် အနာထပိဏ်သူဌေးကြီးမှာ သုမနာဒေဝီဆိုတဲ့ သမီးငယ် သေဆုံးသွားတာအကြောင်းပြုပြီး နှလုံးမသာခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးမြည် တမ်းခြင်း ဖြစ်ရတယ်။ ဝိသာခါမှာလည်း မြေးမသေဆုံးသွားတဲ့အတွက် နှလုံး မသာဖြစ်ခြင်း ဖြစ်ရတယ်။ အရှင်အာနန္ဒာမှာလည်း ဘုရားပရိနိဗ္ဗာန်စံခါနီးမှာ ငိုကြွေးမြည်တမ်းခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် သောတာပန် သကဒါဂါမ်များမှာ တရားက သိတန်သလောက် သိပြီးဖြစ်နေတဲ့အတွက် တော်တော်တော့ သည်းခံနိုင်ပါပြီ။ ဖြစ်ပေါ်လာတဲ့ သောက ပရိဒေဝတွေကို ပယ်ဖျောက်ဖို့ရာ လွယ်ကူနေပါပြီ။ တော်တော်သက်သာရာ ရနေပါပြီ။ ပုထုဇဉ်တောင်မှ တရားနှလုံးသွင်း အားထုတ်ထားတဲ့သူဆိုရင် ကိုယ့်တရားနဲ့ ဖြေဖျောက်ပြီး သက်သာခွင့် ရနိုင်ပါတယ်။ ဒါကြောင့် လောကဓံတရားဆိုးတွေနဲ့ တွေ့ရတဲ့အခါမှာ အားထုတ်ထားတဲ့ တရားနဲ့ ဖြေဖျောက်ရတယ်။ ဒီလိုအခါမှာ တရားမှတစ်ပါး အားကိုးစရာ မရှိဘူး၊ အကယ်၍ လောကရေးဖက်က အားထုတ်လို့ လောကဓံအဆိုးမှ လွတ်မြောက်နိုင်တဲ့ နည်းလမ်း ရှိသေးရင်တော့ တတ်နိုင်သမျှ နည်းမျိုးစုံနဲ့ အားထုတ်ကာကွယ်ရပါတယ်။ အဲဒီလို လောကဘက်က နည်းလမ်းတွေနဲ့ မကာကွယ်၊ မတားမြစ်နိုင်တော့ဘူးဆိုတဲ့ အခါကျတော့ ကိုယ့်တရားကိုပဲ အားကိုးရတယ်။ ကိုယ့်တရားနဲ့ နှလုံးသွင်းပြီး စိတ်နှလုံး မသာမှုတွေကို ပယ်ဖျောက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တရားလည်း အားမထုတ်ဘူးလို့၊ သို့မဟုတ်ပြည့်ပြည့်စုံစုံ အားမထုတ်ဘူးလို့ တရားအားထုတ်မှုဖြင့် မပယ်ဖျောက်နိုင်ဘူးဆိုရင် ယောနိသောမနသိကာရနဲ့ အသင့်အတင့်နှလုံးသွင်းပြီး ပယ်ဖျောက်ရတယ်။ လောကဓံတရားဆိုတာ ဘုရားရဟန္တာများတောင်မှ မရှောင်နိုင်ဘူး၊ တွေ့ကြသေးတာပဲ။ ငါလိုလူ ဘယ်မှာမတွေ့ဘဲ ရှိမှာလဲ ဘုရား ရဟန္တာအရှင်မြတ်တွေဟာ ဒီလောကဓံတရားနဲ့တွေ့တဲ့အခါ မတုန်မလှုပ် သည်းခံတော်မူနိုင်ကြတယ်။ ငါလည်း ဘုရားရဟန္တာများလို သည်းခံမယ်။ စိတ်နှလုံးမသာခြင်းကို မဖြစ်စေရအောင် ဖြစ်ရင်လည်း ကြာရှည်စွာ မဖြစ်ရအောင် စောင့်ရှောက်မယ်။ ဒီလို စောင့်ရှောက်ခြင်းဖြင့် ဘုရားရဟန္တာအရှင် မြတ်တို့၏ ဂုဏ်တစိတ်တဒေသနှင့် ပြည့်စုံစေရမယ်၊ စသည်ဖြင့် နှလုံးသွင်း ဆင်ခြင်ပြီး နှလုံးမသာမှုကို ပယ်ဖျောက်ရတယ်။ အဲဒီလို ပယ်ဖျောက်နိုင်ဖို့က အရေးကြီးပါတယ်။

## အကောင်းဆုံး မင်္ဂလာ

လောကဓမ္မေဟိ ဖုဋ္ဌဿ–လောကဓံတရားရှစ်ပါးတို့နှင့် တွေ့သော၊ ဝါ၊ လောကဓံတရားရှစ်ပါးတို့က တွေ့ထိနှိပ်စက်အပ်သော၊ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်နှလုံးသည်၊ နကမ္ပတိ၊ မတုန်မလှုပ်၊ အသောကံ၊ စိုးရိမ်ပူဆွေးခြင်းလည်း မရှိ၊ (လောကဓံအဆိုးတွေနဲ့တွေ့ရတဲ့အခါမှာ "ရှေးက ကောင်းနေတာပဲ၊ ယခုအဆိုးတွေနဲ့ တွေ့ရတယ်၊ ဖြစ်မှုဖြစ်ရလေခြင်း"လို့ ဒီလို စိုးရိမ်ပူဆွေးခြင်းလည်း မရှိဘူးတဲ့၊ သိပ်ကောင်းတာပဲ။) ဝိရဇံ၊ ကိလေသာဟူသော မြူလည်းမရှိ၊ (လောကဓံအကောင်းတွေနဲ့ တွေ့ရပေမယ့် နှစ်သက်

www.burmeseclassic.com



သာယာတဲ့ ရာဂကိလေသာမြူအညစ်အကြေး မလူးလဲဘဲ စိတ်ဟာစင်ကြယ်နေတယ်။ လောကဓံအဆိုးတွေနဲ့ တွေ့ရပေမယ့် စိတ်ပျက်စိတ်ဆိုးမှု၊ သည်းမခံနိုင်မှု ဒေါသကိလေသာအညစ်အကြေးမလူးလဲဘဲ စင်ကြယ်မြဲစင်ကြယ်နေပါတယ်တဲ့၊ သိပ်ကောင်းတာပဲ။) ခေမံ–ကြောက်ဖွယ်ဘေးရန်လည်းမရှိ၊ ကြောက်ဖွယ်လောကဓံ အဆိုးတွေနဲ့တွေ့ရပေမယ့် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းမရှိဘူး။ ဘေးရန်မရှိတဲ့အခါလိုပဲ စိတ်နှလုံးဟာ ကြည်လင်မြဲကြည်လင်နေပါတယ်တဲ့။ ဒါလည်း သိပ်ကောင်းတာပဲ။ ဧတံ၊ ဤစိတ်နှလုံးမတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ ကိလေသာမြူကင်းခြင်း၊ ဘေးရန်ကင်းခြင်းသည်၊ ဥတ္တမံ၊ မြတ်သော၊ မင်္ဂလံ၊ ကြီးပွားချမ်းသာကြောင်း မင်္ဂလာမည်၏တဲ့။

ဒါကတော့ မင်္ဂလာဟူသမျှထဲမှာ အကောင်းဆုံးမင်္ဂလာပါပဲ။ ဒီမင်္ဂလာက ရဟန္တာမှာမှ ကောင်းကောင်းကြီး ပြည့်စုံပါတယ်။ ဒီမင်္ဂလာနဲ့ ကောင်းကောင်းကြီး ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ ပရိနိဗ္ဗာန်မစံမီအတွင်းကလည်း စိတ်တက်ကြွပြီး တုန်လှုပ်ခြင်းလည်း မရှိဘူး။ စိတ်ဆင်းရဲပြီး တုန်လှုပ်ခြင်းလည်း မရှိဘူး။ စိုးရိမ်စရာတွေရှိပေမယ့်လည်း မစိုးရိမ်ဘူး၊ ဘေးရန်အန္တရာယ်တွေနဲ့ တွေ့ပေမယ့်လည်း ကြောက်လန့်ခြင်းမရှိဘူး၊ တစ္ဆေမကြောက်တဲ့သူကို တစ္ဆေချောက်သလိုရှိမှာပေါ့။ ဒါကြောင့် စိတ်နှလုံးဟာ ညစ်နွမ်းခြင်းမရှိဘဲ အမြဲတမ်း စင်ကြယ်နေတယ်။ အမြဲတမ်း စိတ်ချမ်းသာနေတယ်။ ပရိနိဗ္ဗာန် စံပြီးတဲ့နောက်မှာတော့ လောကဓံတရားတွေလည်း မတွေ့ရတော့ဘူး၊ ကိုယ်ဆင်းရဲလည်း မရှိတော့ဘူး။ ဘာဆင်းရဲမှ မရှိတော့ဘူး။ အမြဲတမ်း အစဉ်သာဝရ

www.burmeseclassic.com

www.burmeseclassic.com



အေးငြိမ်းချမ်းသာသွားတော့တာပဲ။ ဒါကြောင့် ဒီမင်္ဂလာက နောက်ဆုံး နိဂုံးချုပ်အနေနဲ့ထားပြီး မြတ်စွာဘုရားက ဟောတော်မူခဲ့ပေတာပဲ။

ယခု တရားအားထုတ်နေကြတာဟာလည်း ဒီမင်္ဂလာကို ရအောင်လို့ အားထုတ်နေကြတာပဲ။ ယခု ဒီမှာ ဒွါရ ၆–ပါးက ဖြစ်ခိုက်တရားတွေကို လိုက်ပြီး ရှုမှတ်နေတာနဲ့ ဒီမင်္ဂလာတရားနဲ့ ဘယ်လို ဆိုင်သလဲဆိုရင် ဖြစ်ခိုက်တရားတွေကို လိုက်ပြီးရှုမှတ်နေတော့ မိမိတို့သန္တာန်က ရုပ်နာမ်တရား တွေကို အမှန်အတိုင်းသိရတယ်။ ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူး၊ ဆင်းရဲ အစုမျှပဲ ဘာမှအားကိုးစရာမရှိဘူး၊ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ လည်း မရှိဘူး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိရတယ်။ သူတစ်ပါးသန္တာန်က ရုပ်နာမ်တရားတွေကိုလည်း ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲလို့ အမှန်အတိုင်း သိရတယ်။ ဒီလို သိရတဲ့အတွက် လောကဓံတရားတွေနဲ့ တွေ့ရတဲ့အခါ သည်းခံနိုင်တယ်။

ဒီလိုတရားနှလုံးသွင်းမှု၊ အားထုတ်မှုမရှိတဲ့ သူတွေမှာတော့ ရုပ် ကိုယ်ကြီးရော သိသိနေတဲ့စိတ်ရော ငယ်ငယ်ကတည်းက အမြဲတမ်းတည် နေတဲ့ ငါကောင်ပဲလို့ ထင်မှတ်နေတယ်။ ကောင်းတာတွေနဲ့ တွေ့တဲ့အခါ ငါပဲကောင်းစားချမ်းသာနေတယ်လို့ ဒီလိုကို ထင်မှတ်နေတယ်။ မကောင်း တာတွေနဲ့တွေ့တဲ့အခါ ငါပဲဆင်းရဲနေတယ်လို့ ဒီလိုကို ထင်မှတ်နေတယ်။ စပ်ဆိုင်တဲ့ သက်ရှိသက်မဲ့ ဝတ္ထုတွေကိုလည်း ငါ့ဟာငါ့ဟာလို့ ထင်မှတ် စွဲလန်းနေကြတယ်။ ဒါကြောင့် လောကဓံအကောင်းတွေနဲ့ တွေ့ရတဲ့အခါ မှာ ဝမ်းမြောက်ပြီး စိတ်တက်ကြွနေတယ်။ လောကဓံအဆိုးတွေနဲ့ တွေ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာလည်း ဝမ်းနည်းပြီး စိတ်နှလုံးက ကျဆင်းနေတယ်။ သည်းမခံနိုင်ဘူး၊ အဲဒီလိုတရားသိသူနဲ့ တရားမသိသူ ထူးခြားပုံကို ထင်ရှားသိရအောင် မြတ်စွာဘုရားက ဒီလိုဆက်လက်ပြီး မေးမြန်းဟောကြားတော်မူပါတယ်။

## မေးခွန်းတော်

အဿုတဝတော ဘိက္ခဝေ ပုထုဇ္ဇနဿ ဥပ္ပဇ္ဇတိ လာဘောပိ အလာဘောပိ ယသောပိ အယသောပိ နိန္ဒာပိ ပသံသာပိ သုခမ္ပိ ဒုက္ခမ္ပိ၊ သုတဝတောပိ ဘိက္ခဝေ အရိယသာဝကဿ ဥပ္ပဇ္ဇတိ လာဘောပိ အလာဘောပိ ယသောပိ အယသောပိ နိန္ဒာပိ ပသံသာပိ သုခမ္ပိ ဒုက္ခမ္ပိ ၊ တတြ ဘိက္ခဝေ ကော ဝိသေသော ကော အဓိပ္ပါယော သော ကိံ နာနာကရဏံ သုတဝတော အရိယသာဝကဿ အဿုတဝတာ ပုထုဇ္ဇနေန။

ဘိက္ခဝေ၊ ရဟန်းတို့၊ အဿုတဝတော၊ သုတမရှိသော၊ ဝါ၊ အကြားအမြင်မရှိသော၊ ပုထုဇ္ဇနဿ၊ ပုထုဇဉ်ပုဂ္ဂိုလ်အား၊ လာဘောပိ၊ လာဘ်ရခြင်းသည်လည်း၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ အလာဘောပိ၊လာဘ် မရခြင်းသည်လည်း၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ယသောပိ၊ အခြွေအရံများခြင်း သည်လည်း ဖြစ်ပေါ်၏။ အယသောပိ၊ အခြွေအရံမဲ့ခြင်းသည်လည်း ဖြစ်ပေါ်လာ၏၊ နိန္ဒာပိ၊ အကဲ့ရဲ့ခံရခြင်းသည်လည်း ဖြစ်ပေါ်လာ၏။ ပသံသာပိ၊ အချီးအမွမ်းခံရခြင်းသည်လည်း ဖြစ်ပေါ်လာ၏။ သုခမ္ပိ၊ ချမ်းသာလည်း ဖြစ်ပေါ်လာ၏။ ဒုက္ခမ္ပိ၊ ဆင်းရဲလည်း ဖြစ်ပေါ်လာ၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ သုတဝတောပိ အရိယသာဝကဿ၊ အကြား အမြင်ရှိသော အရိယာသာဝက

www.burmeseclassic.com

www.burmeseclassic.com



အားလည်း၊ လာဘောပိ ဉပ္ပဇ္ဇတိ၊ လာဘ်ရခြင်းလည်း ဖြစ်ပေါ်လာ၏။ အလာဘောပိ၊ လာဘ်မရခြင်းလည်း ဖြစ်ပေါ်လာ၏။ ယသောပိ၊ အခြွေအရံများခြင်းသည်လည်း ဖြစ်ပေါ်လာ၏။ အယသောပိ၊ အခြွေအရံနည်းခြင်းသည်လည်း ဖြစ်ပေါ်လာ၏။ နိန္ဒာပိ၊ အကဲ့ရဲ့ခံရခြင်းလည်း ဖြစ်ပေါ်လာ၏။ ပသံသာပိ၊ အချီးအမွမ်းခံရခြင်းလည်း ဖြစ်ပေါ်လာ၏။ သုခမ္ပိ၊ ချမ်းသာလည်းဖြစ်ပေါ်လာ၏။ ဒုက္ခမ္ပိ၊ ဆင်းရဲလည်းဖြစ်ပေါ်လာ၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ တဩ–ထိုသို့အကြားအမြင်ရှိသူ မရှိသူ ၂–ဦးလုံးမှာ လောကဓံတရားဖြစ်ပေါ်ရာ၌ သုတဝတောပိ အရိယသာဝကဿ၊ အကြားအမြင်ရှိသော အရိယသာဝက၏၊ အဿုတဝတာ ပုထုဇ္ဇနေန၊ အကြားအမြင်မရှိသော ပုထုဇဉ်နှင့်၊ ကောဝိသေသော၊ အထူးကားအဘယ်ပါနည်း၊ အဘယ်သို့ ထူးခြားပါသနည်း။ ကော အဓိပ္ပါယော၊ ထူးကဲသောလုံ့လ ပယောဂကား အဘယ်နည်း။ လုံ့လပြုမှုအဘယ်သို့ ထူးကဲပါသေးသနည်း။ ကိံ နာနာကရဏံ၊ အထူးပြုကြောင်း၊ ကွဲပြားကြောင်းကား အဘယ်ပါနည်း။ အဘယ်သို့ကွဲပြားပါသနည်း–တဲ့။

အတိုချုပ်ဆိုလိုတာကတော့ အကြားအမြင်မရှိတဲ့ ပုထုဇဉ်မှာလည်း လာဘ်ရခြင်း၊ လာဘ်မရခြင်းအစရှိတဲ့ လောကဓံတရားရှစ်ပါးလုံးဖြစ်တာပဲ။ ဒါကြောင့် လောကဓံတရားရှစ်ပါးလုံးဖြစ်ပေါ်တယ်။ အကြားအမြင်ရှိတဲ့ အရိယာသာဝကမှာလည်း အဲဒီလောကဓံတရားရှစ်ပါးလုံး ဖြစ်ပေါ်ပုံချင်းကတော့ အတူတူပါပဲ။ အဲဒီလိုဖြစ်ပေါ်ရာမှာ အကြားအမြင်မရှိတဲ့သူနဲ့ ရှိတဲ့သူမှာ ဘာထူးသေးသလဲ–လို့ ဆိုလိုပါတယ်။

အဲဒီလို အကြားအမြင်ဆိုတဲ့–သုတက အာဂမသုတနဲ့ အဓိဂမ

www.burmeseclassic.com

www.burmeseclassic.com



သုတရယ်လို့ ဒီလို ၂–မျိုးရှိတယ် အဲဒီ ၂–မျိုးထဲက အာဂမသုတဆိုတာ မြတ်စွာဘုရားဟောထားတဲ့တရားတွေကို ကြားနာမှတ်သားထား ဖူးတာကိုပဲ ဆိုလိုပါတယ်။ ဒီသုတ်အရ ကြားနာမှတ်သားဖို့လိုတာကတော့ လောကဓံ တရားအကြောင်း၊ ဒီလောကဓံတရားတွေကို ဘယ်သူမှ မရှောင်နိုင်ဘဲ တွေ့ရမြဲဖြစ်တဲ့အကြောင်း အနိစ္စတရား ဖြစ်တဲ့အကြောင်း၊ မိမိရော သူတစ်ပါး ရော ရုပ်နာမ် ၂–ပါး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောမျှ ဖြစ်တဲ့အကြောင်း စသည်ကို ကြားနာမှတ်သားထားဖူးဖို့လိုပါတယ်။ အဲဒီလို ကြားနာမှတ်သား ထားဖူးလို့ရှိရင် အာဂမသုတခေါ်တဲ့ အကြားနဲ့ပြည့်စုံသည် မည်ပါတယ်။ အဓိဂမသုတဆိုတာကတော့ ရုပ်နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေ၊ သစ္စာ ၄–ပါးတရားတွေကို ဝိပဿနာဉာဏ်၊ အရိယမဂ်ဉာဏ်ဖြင့် ကိုယ်တိုင် တွေ့သိမြင်တာကို ဆိုလိုပါတယ်။ အဲဒီလိုကိုယ်တိုင် တွေ့သိမြင်ရင် အဓိဂမသုတခေါ်တဲ့ အမြင်နဲ့ပြည့်စုံသည် မည်ပါတယ်။ အဲဒီအကြားအမြင် ၂–ပါးလုံး မရှိတဲ့သူနဲ့ ရှိတဲ့သူမှာ လောကဓံတရားရှစ်ပါးနဲ့ တွေ့ရတဲ့အခါ ဘယ်လို ထူးခြားသလဲ–လို့ မြတ်စွာဘုရားက မေးမြန်းတော်မူပါတယ်။ အဲဒီတော့ ရဟန်းတော်များက ဒီလိုပြန်ကြားလျှောက်ထားကြပါတယ်။

## ရဟန်းတော်များက လျှောက်ထားကြပုံ

ဘဂဝံ မူလကာ နော ဘန္တေ၊ ဓမ္မာ ဘဂဝံ နေတ္တိကာ။

ဘဂဝံပဋိသရဏာ၊ သာဓု ဝတ ဘန္တေ ဘဂဝန္တံ ယေဝ။

ပဋိဘာတု ဧတဿ ဘာသိတဿ အတ္ထော၊

www.burmeseclassic.com

www.burmeseclassic.com



ဘဂဝတော သုတွာ ဘိက္ခူ ဓာရေဿန္တိ။

ဘန္တေ၊ မြတ်စွာဘုရား၊ နော၊ အကျွန်ုပ်တို့၏။ ဓမ္မာ၊ သိရသော တရားတို့သည်။ ဘဂဝံမူလကာ၊ မြတ်စွာဘုရားလျှင် မူလရင်းရှိကြပါသည် ဘုရား။ ဘဂဝံနေတ္တိကာ၊ မြတ်စွာဘုရားလျှင် အကြောင်းရင်းရှိပါသည်ဘုရား။ ဘဂဝံပဋိသရဏာ၊ မြတ်စွာဘုရားလျှင်ကိုးကွယ်အားထားရာ ရှိပါသည်ဘုရား။ ဘန္တေ၊ မြတ်စွာဘုရား၊ ဧတဿ ဘာသိတဿ အတ္ထော၊ မိန့်ဆိုမေးမြန်း အပ်သော ထိုစကား၏ အနက်သည်၊ ဘဂဝန္တံယေဝ၊ မြတ်စွာဘုရားအား သာလျှင်၊ ပဋိဘာတု၊ ဟောရန်ဉာဏ်၌ ထင်ပေါ်ပါစေ၊ ဝါ၊ ဉာဏ်ထင်ပေါ်၍ ဟောတော်မူပါလျှင်၊ သာဓုဝတ၊ ကောင်းပါလိမ့်မည်–အရှင်ဘုရား။ ဘဂဝါတော၊ မြတ်စွာဘုရား၏ စကားတော်ကို၊ သုတွာ၊ ကြားနာကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓာရေဿန္တိ၊ ဆောင်ထားကြပါလိမ့်မည်– အရှင်ဘုရားတဲ့။

အတိုချုပ်ဆိုလိုတာကတော့ တပည့်တော်တို့ တရားတွေကို သိနား လည်ကြရတာဟာ မြတ်စွာဘုရားက ဟောလို့ သိရပါတယ်။ တပည့်တော်တို့ သိရတဲ့တရားတွေဟာ မြတ်စွာဘုရားလျှင် အရင်းခံရှိပါတယ်။ ဒါကြောင့် ယခုမေးတဲ့ တရားရဲ့ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရားပင် ဖြေရှင်းဟောကြား တော်မူပါ။ တပည့်တော်တို့ ရဟန်းတွေကတော့ မြတ်စွာဘုရားစကားတော်ကို ကြားနာမှတ်သားပြီး ဆောင်ထားကြပါမည်ဘုရား–လို့ လျှောက်ကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ဒီလို ဖြေရှင်းဟောကြားတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မြတ်စွာဘုရား ဖြေရှင်းချက်

အသုတဝတော ဘိက္ခဝေ ပုထုဇ္ဇနဿ ဥပ္ပဇ္ဇတိ လာဘော၊ သော န ဣတိ ပဋိသဉ္စိက္ခတိ ဥပ္ပန္နော ခေါ မေ အယံ လာဘော၊ သော စ ခေါ အနိစ္စော ဒုက္ခော ဝိပရိဏာမဓမ္မောတိ ယထာဘူတံ နပ္ပဇာနာတိ။

ဘိက္ခဝေ၊ ရဟန်းတို့၊ အသုတဝတော ပုထုဇ္ဇနဿ၊ အကြား အမြင် မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား၊ လာဘော၊ လာဘ်ရမှုသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏၊ သော-ထိုလာဘ်ရသော ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ န ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ မဆင်ခြင် မစဉ်းစားမိ၊ မေ-ငါ့အား၊ လာဘော၊ လာဘ်ရခြင်းသည်၊ ဥပ္ပန္နော၊ ဖြစ်ပေါ်လာခဲ့ပြီ၊ သောစ ခေါ လာဘော၊ ထိုလာဘ်ရခြင်းသည်လည်း၊ အနိစ္စော၊ မမြဲသောတရားပါတကား။ ဒုက္ခော၊ ဆင်းရဲပါတကား၊ ဝိပရိဏာမဓမ္မောတိ၊ ပြောင်းလဲ (သောတာပန်လည်းငိုသေးသည် ၂၅ လောကဓံတရားတော် ၂၄) ဖောက်ပြန်ခြင်းသဘောရှိသော တရားပါတကားဟူ၍၊ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ၊ နပ္ပဇာနာတိ၊ မသိဘဲ ရှိလေတော့၏။

ဆိုလိုတာကတော့ အကြားအမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ လာဘ်ရခြင်း ဆိုတဲ့ လောကဓံတရားနဲ့ တွေ့ရတယ်ဆိုပါတော့။ ဒါတွေလည်း တွေ့ရခဲတာ မဟုတ်ပါဘူး၊ ကံအကျိုးပေး ကောင်းနေတဲ့သူတွေမှာ နေ့စဉ်လိုလိုပဲ တွေ့နေကြရတာပါ။ ရွှေ၊ ငွေ၊ ဥစ္စာ၊ ဆန်ရေ စပါး၊ စားစရာ၊ သုံးစရာ အသုံးအဆောင် ပစ္စည်းအမျိုးမျိုး ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ယာဉ်၊ ရထား အိမ်လယ်သော

www.burmeseclassic.com

www.burmeseclassic.com



စသည် ဒီလိုဟာတွေကိုရအောင် ရှာလည်းရှာနေကြတယ်။ ထိုက်သည့် အားလျော်စွာ ရလည်းရနေကြတယ်။ ပင်ပင်ပန်းပန်း အားမထုတ်ရဘဲနဲ့ အလွယ်တကူရတာလည်း ရှိတယ်။ ပင်ပင်ပန်းပန်းအားထုတ်ပြီးမှ ရတာလည်း ရှိတယ်။ အရောင်းအဝယ် စက်ရုံ အလုပ်ရုံကြီးတွေနဲ့ အောင်မြင်ထမြောက်ပြီး ရတာလည်း ရှိတယ်။ အဲဒီလို ဝင်ငွေကောင်းပြီး လာဘ်ရတဲ့အခါမှာ အကြားအမြင်မရှိတဲ့သူက ဒီလိုမစဉ်းစားမိ၊ မဆင်ခြင်မိဘူးတဲ့။ စဉ်းစား ဆင်ခြင်ပုံကတော့ ငွေတွေ၊ ရွှေတွေ၊ အစရှိတဲ့အသုံးအဆောင်တွေ ဒီပစ္စည်း တွေကို ယခုငါရလာတယ်။ ဒါဟာ လာဘ–လာဘ်ရခြင်းဆိုတဲ့ လောကဓံ တရားပဲ။ ဒီရလာတဲ့ ပစ္စည်းတွေဟာ အမြဲတည်နေကြမှာ မဟုတ်ဘူး၊ သုံးစွဲလို့ လည်း ကုန်သွားနိုင်တယ်။ ရေ၊မီး၊မင်း၊ ခိုးသူစသော ရန်သူမျိုးငါးပါး ကြောင့်လည်း ပျက်စီးသွားနိုင်တယ်။ အလုပ်အကိုင်အဆင်မပြေလို့လည်း ကုန်ဆုံးသွားနိုင်တယ်။ ဒါကြောင့် မမြဲတဲ့ အနိစ္စတရားတွေပဲ။ နောက်ပြီးတော့ ဒီရုပ်ပစ္စည်းတွေဟာ ခဏမစဲ ဖြစ်ပျက်နေလို့လည်း မမြဲတဲ့ အနိစ္စတရားတွေပဲ။ ဒီပစ္စည်းတွေရဲ့ ပိုင်ရှင်လို့ဆိုရတဲ့ မိမိသန္တာန်က ရုပ်နာမ်တရားတွေလည်း မမြဲတဲ့အနိစ္စတရားတွေပဲ–လို့ ဒီလိုလည်း သူကမစဉ်းစား၊ မဆင်ခြင်မိဘူး၊ နောက်ပြီးတော့ မမြဲတဲ့အတွက် နှစ်သက်သာယာဖွယ်မရှိတဲ့ ဆင်းရဲတွေ မကောင်းတာတွေပဲ။ ရလာတဲ့ဒီပစ္စည်းတွေ အကြောင်းပြုပြီး ဆင်းရဲဒုက္ခ ရောက်နိုင်တဲ့အတွက်လည်း ဆင်းရဲတွေပဲလို့ ဒီလိုလည်း သူကမစဉ်းစား၊ မဆင်ခြင်မိဘူး၊ နောက်ပြီးတော့ ရလာတဲ့ဒီပစ္စည်းတွေဟာ မတည်မမြဲ ပြောင်းလဲတတ်တဲ့ သဘောရှိတယ်။ ယခု ကိုယ့်ဟာဖြစ်နေပေမယ့်လို့

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာရင် သူများဟာလည်း ဖြစ်သွားနိုင်တယ်လို့ ဒီလိုလည်းသူက မစဉ်းစားမဆင်ခြင်မိဘူး။ အကြားအမြင်မရှိတဲ့အတွက် အဲဒီလို ဆင်ခြင်ရမှန်းတောင် သူကမသိဘူး၊ ဟုတ်တယ် ဗုဒ္ဓသာသနာမထွန်းကားတဲ့ အရပ်ဒေသမှာဆိုရင် ဒီလိုတရားကို ကြားတောင်မကြားဘူးကြဘူး၊ ဗုဒ္ဓသာသနာမထွန်းကားတဲ့အရပ်ဒေသမှာဆိုရင် ဒီလိုတရားကို ကြားတောင် မကြားဘူးကြဘူး။ ဗုဒ္ဓသာသနာထွန်းကားနေတဲ့ ဒီမြန်မာပြည်မှာတောင် တစ်ချို့က မကြားဘူးရှာကြဘူး။ မကြားဘူးလို့မသိတော့ မဆင်ခြင်တတ်ဘူးပေါ့၊ မဆင်ခြင်တော့ အဲဒီလာဘ်လာဘနဲ့စပ်ပြီး သိသင့်သိထိုက်တဲ့ အမှန်တရားတွေကို မသိရဘဲ ဖြစ်နေပါတယ်။

ထို့အတူပဲ အလာဘ–လာဘ်မရခြင်းဆိုတဲ့ လောကဓံနဲ့ တွေ့ရတဲ့အခါမှာလည်း အဲဒီလာဘ်မရတာရယ် ရပြီးသားတွေ ပျက်စီးဆုံး ရှုံးသွားရတာရယ် အဲဒါတွေနဲ့ စပ်ပြီးတော့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ ပြောင်းလဲဖောက်ပြန်တတ်တဲ့သဘောတွေကို မဆင်ခြင်မိဘူး၊ မဆင်ခြင်တဲ့အတွက် အမှန်တရားတွေကို မသိဘဲ ဖြစ်နေပါတယ်။ အဲဒီလိုမသိတော့ ဘယ်လိုဖြစ်တတ်သလဲဆိုရင် အဲဒါကို မြတ်စွာဘုရားက ဒီလိုဆက်ပြီးတော့ ဟောတော်မူပါတယ်။

တဿ– ထိုသို့ သဘောအမှန်ကို မသိသော ပုထုဇဉ်ပုဂ္ဂိုလ်၏။ စိတ္တံ၊ ကြည်လင်ကောင်းမြတ်သော စိတ်ကို၊ လာဘောပိ၊ လာဘ်ရခြင်းကလည်း၊ ပရိယာဒါယ၊ အကြွင်းမဲ့ယူ၍၊ ဝါ၊ ကုန်ပျောက်စေ၍၊ တိဋ္ဌတိ၊ တည်၏။ အလာဘောပိ စိတ္တံပရိယာဒါယ တိဋ္ဌတိ၊ လာဘ်မရခြင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့စိတ်ကို ကုန်ပျောက်စေ၍ တည်၏–တဲ့။

လာဘ်ရတာကိုရော၊ ရလာတဲ့ပစ္စည်းတွေကိုရော၊ မမြဲဆင်းရဲ ပြောင်းလဲဖောက်ပြန်တတ်တဲ့ တရားပဲလို့ မဆင်ခြင်မိလို့ အမှန်အတိုင်း မသိတဲ့သူမှာ အဲဒီလိုချည်းအမြဲတမ်း ရနေလိမ့်မယ်လို့လည်း မျှော်လင့်နေ တတ်တယ်။ အဲဒီရလာတဲ့ပစ္စည်းတွေကိုလည်း ကိုယ်တစ်ဦးတည်းပိုင်အနေနဲ့ အမြဲ တည်နေလိမ့်မယ်လို့လည်း အထင်ရောက်ပြီး၊ ဝမ်းမြောက်တက်ကြွတဲ့စိတ် တွေချည်း စဉ်းစားမိတိုင်းဖြစ်နေတတ်တယ်။ ဒါကြောင့် အဲဒီလို အချိန်အခါ တွေမှာ ကြည်လင်ကောင်းမြတ်တဲ့ ကုသိုလ်စိတ်ဟာ ဖြစ်ခွင့်မရဘဲ ရှိနေတယ်။ တရားနာဖို့ တရားအားထုတ်ဖို့ တိုက်တွန်းရင် အလုပ်ကိစ္စတွေက များနေလို့၊ မအားသေးဘူးလို့တောင် အဲဒီပုဂ္ဂိုလ်က ပြောတတ်သေးတယ်။ အဲဒါဟာ ကောင်းမြတ်တဲ့စိတ်တွေ ဖြစ်ရမယ့်အစား လာဘ်လာဘနဲ့စပ်တဲ့စိတ်က သူချည်းနေရာယူပြီး တည်နေတာပါပဲ။ တစ်နည်းအားဖြင့်ဆိုရင် အဲဒီစိတ် ကောင်းတွေ ဖြစ်ခွင့်မရအောင် ကုန်ပျောက်အောင်လုပ်ပြီး သူကတည်နေ တာပါပဲ။

အဲဒီလို ပုဂ္ဂိုလ်မှာ လာဘ်မရရင်လည်း သည်းမခံနိုင်ဘူး။ ရပြီး သားကိစ္စတွေ ဆုံးပါးသွားရင်လည်း သည်းမခံနိုင်ဘူး။ သူများတွေတော့ ရကြတယ်။ ငါတော့မရဘူးလို့ ဒီလိုစဉ်းစားပြီးတော့လည်း စိတ်ပျက်ဝမ်း နည်းနေတတ်တယ်။ ငါ့ဥစ္စာတွေကုန်ပါပြီ။ ဖြစ်မှဖြစ်ရလေခြင်း စသည်ဖြင့် စဉ်းစားပြီးတော့လည်း စိတ်ပျက်ဝမ်းနည်းနေတတ်တယ်။ အဲဒီလို စိတ် ပျက်ဝမ်းနည်းနေရင်လည်း ကောင်းမြတ်တဲ့ ကုသိုလ်စိတ်တွေ ဖြစ်ခွင့်မရဘဲ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမရတာနဲ့ ဆုံးပါးတာတွေကို ထပ်တလဲလဲ စဉ်းစားပြီး အချိန်ကုန်နေတတ်တယ်။

အဲဒီလို လာဘ်ရရင်လည်း ဝမ်းသာနေတာ။ လာဘ်မရပြန်တော့ ဝမ်းနည်းနေတာတွေဟာ လာဘ်လာဘ ပစ္စည်းဥစ္စာတွေနဲ့ လိုက်လျောပြီး အမြတ်တနိုး မက်မောနေတာ။ ပစ္စည်းဥစ္စာဆုံးပါးတာနဲ့ ဆန့်ကျင်ပြီး စိတ်ပျက်နေတာတွေပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောပြန်ပါတယ်။

သော၊ ထိုသို့ ရရင်ဝမ်းသာ၊ မရရင် ဝမ်းနည်းနေသော ပုဂ္ဂိုလ်သည်၊ ဉပ္ပန္နံလာဘံ၊ ဖြစ်ပေါ်လာသော လာဘ်လာဘပစ္စည်းဥစ္စာကို၊ အနုရုဇ္ဈတိ၊ လိုက်လျောနှစ်သက်ကာ သာယာမြတ်နိုးလျက်ရှိကြ၏။ အလာဘေ၊ မရခြင်း၊ ဆုံးပါးပျက်စီးခြင်း၌၊ ပဋိဝိရုဇ္ဈတိ၊ ဝမ်းနည်းစိတ်ပျက် ဆန့်ကျင်လျက်ရှိ၏။ (ရတာကိုတော့ နှစ်သက်သဘောကျအားရနေတယ်။ မရတာဆုံးပါးတာကိုတော့ အမျက်ထွက်ပြီး စိတ်ပျက်နေတယ်။ ဖြစ်မှုဖြစ်ရလေခြင်း၊ ဖြစ်မှုဖြစ်ရလေခြင်းနဲ့ အဖန်ဖန်အထပ်ထပ် ခလုတ်တိုက်သလို ဆန့်ကျင်ထိခိုက်နေတယ်။)

## ဆင်းရဲမှ မလွတ်

ဝဝံ၊ ဤဆိုခဲ့သည့်အတိုင်း၊ အနုရောဓ ဝိရောဓသမာပန္နော၊ ရရင်နှစ်သက် မရရင် ဆုံးပါးရင် စိတ်ပျက်ဆန့်ကျင်ခြင်းသို့ ရောက်နေသော၊ သော၊ ထိုသို့သော ပုထုဇ္ဇဉ်ပုဂ္ဂိုလ်သည်၊ န ပရိမုစ္စတိ ဇာတိယာ၊ ဘဝအသစ်ဖြစ်ခြင်းမှမလွတ်၊ ဇရာယ မရဏေန၊ အိုခြင်း သေခြင်းမှမလွတ်၊ သောကေဟိ

www.burmeseclassic.com

www.burmeseclassic.com



ပရိဒေဝေဟိ၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်းတို့မှမလွတ်၊ ဒုက္ခေဟိ ဒေါမနဿေဟိ၊ ဆင်းရဲခြင်း နှလုံးမသာခြင်းတို့မှ မလွတ်၊ ဥပါယာသေဟိ၊ စိတ်နှလုံး၌ ပြင်းစွာပူပန်ရခြင်းတို့မှ၊ န ပရိမုစ္စတိ၊ မလွတ်၊ န ပရိမုစ္စတိ ဒုက္ခသ္မာတိ၊ ဆင်းရဲဟူသမျှမှ မလွတ်ဟူ၍၊ ဝဒါမိ၊ ငါဘုရား ဟောပေ ဆို၏တဲ့။

ဒီပါဠိအနက်ကတော့ ထင်ရှားနေပါပြီ။ ပစ္စည်းဥစ္စာရတဲ့အခါ နှစ်သက်ဝမ်းမြောက်နေတယ်။ မရတဲ့အခါ၊ ရပြီးဥစ္စာတွေဆုံးပါးပျက်စီးသွားတဲ့အခါ စိတ်ပျက်ဝမ်းနည်းနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်မှာ ကုသိုလ်ဖြစ်ဖို့အချိန်မှ မရှိတော့ဘဲ။ နှစ်သက်ဝမ်းမြောက်တဲ့အခါ လောဘတွေ မပြတ်ဖြစ်နေတယ်။ စိတ်ပျက်ဝမ်းနည်းနေတဲ့အခါ ဒေါသတွေမပြတ်ဖြစ်နေတယ်။ လောဘ၊ ဒေါသတွေနဲ့သာ အချိန်ကုန်နေတယ်။ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်စေနိုင်တဲ့ ဘာဝနာကုသိုလ်ကို ပွားစေဖို့ အချိန်အခွင့်ကို သူ့မှာ မရနိုင်ဘူး။ သံသရာဝဋ်ဆင်းရဲက ဘယ်လိုနည်းနဲ့လွတ်မလည်း မလွတ်နိုင်ဘူးပေါ့။ ဒါကြောင့် မြတ်စွာဘုရားက ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှ မလွတ်မြောက်နိုင်ဘူးလို့ ဟောတော်မူတာပဲ။ အဲဒီထဲမှာ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ စိတ်နှလုံးမသာခြင်း၊ စိတ်၌ပြင်းစွာပူပန်ခြင်းဆိုတဲ့ ဆင်းရဲတွေကတော့ လာဘ်မရခြင်း၊ ဆုံးပါးခြင်းနဲ့စပ်ပြီး စိတ်ပျက်တဲ့သူမှာ ယခုမျက်မှောက်မှာပဲ တွေ့နေရပါတယ်။ သူကကို သဘော ကျလို့ လက်ခံယူနေတာနဲ့ တူနေပါတယ်။ လာဘ်မရတာ၊ ပျက်စီးဆုံးပါး တာကို နှလုံးမသွင်းဘဲ လျစ်လျူရှုထားလိုက်မယ်ဆိုရင် သက်သာစရာ

www.burmeseclassic.com



အကြောင်းရှိပါတယ်။ နောက်ပြီးတော့ ရလာတဲ့ပစ္စည်းတွေကို စောင့်ရှောက်ရလို့ဖြစ်တဲ့ ကိုယ်ဆင်းရဲ၊ ဆုံးပါးသွားရတဲ့ ပစ္စည်းတွေနဲ့စပ်ပြီးတော့ မအိပ်နိုင်၊ မစားနိုင်ဖြစ်ပြီး ခံစားရတဲ့ ကိုယ်ဆင်းရဲဆိုတာတွေကိုလည်း မျက်မှောက်မှာပဲ တွေ့ရတတ်သေးတယ်။ အဲဒီဆင်းရဲတွေမှလည်း ခုနကပြောခဲ့တဲ့အတိုင်း လျစ်လျူရှုထားလိုက်ရင် လွတ်မြောက်စရာအကြောင်း ရှိပါတယ်။

ယခု ပြောခဲ့တာဟာ လာဘ်ရခြင်း– လာဘ်မရခြင်းဆိုတဲ့ လောကဓံတရား ပထမတစ်စုံနှင့်စပ်ပြီး အကြားအမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ မျက်မှောက်ဘဝ၌ ဆင်းရဲတွေ့ရပုံ၊ သံသရာဆင်းရဲတွေမှ မလွတ်ပုံကို ပြဆိုတဲ့ စကားတွေဖြစ်ပါတယ်။ ကျန်တဲ့လောကဓံတရား ၃–စုံနှင့်စပ်ပြီးတော့ ဆင်းရဲတွေ့ရပုံ၊ ဆင်းရဲမှ မလွတ်ပုံတွေကိုလည်း နည်းတူပဲ သိနိုင်ပါတယ်။ ယခုအကျဉ်းချုပ်လောက်ပဲ ပြောသွားမယ်။

## ယသနှင့် အယသ

အကြားအမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ အခြွေအရံနဲ့ပြည့်စုံတဲ့ အခါ နှစ်သက်အားရ သဘောကျပြီး ဝမ်းမြောက်ပျော်ရွှင်နေတယ်။ အိမ် ထောင်ဖက်ရတဲ့အခါ၊ သားသမီးရတဲ့အခါ၊ တပည့် ပရိသတ်တွေရတဲ့အခါ အဲဒီလို အခါမျိုးမှာ အားရဝမ်းမြောက်နေတတ်တယ်။ အဲဒီအခြွေအရံတွေနဲ့ အမြဲတမ်း အတူနေရမည့်အနေမျိုး အထင်ရောက်နေတတ်တယ်။ အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဓမ္မ–ဆိုတာတွေကို သူကမဆင်ခြင်မိဘူး၊ ဆင်ခြင်ရမှန်းလည်း အများအားဖြင့် မသိဘူးတဲ့။ သိတဲ့လူကလည်း နိမိတ် မကောင်းဘူးဆိုပြီး မဆင်ခြင်ဘူး။ အဲဒီလိုပုဂ္ဂိုလ်မှာ သားသမီးလင်မယား စသည်နှင့် ရှင်ကွဲဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



သောကပြဖြစ်စေ၊ တခြားစီ ကွဲရတဲ့အခါ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်တတ်တယ်။ ပဋာစာရာတို့လို စိတ်ဖောက်ပြန်သည်အထိလည်း ဒုက္ခရောက် တတ်တယ်။ သေသည်အထိလည်း ဒုက္ခရောက်တတ်တယ်။ အဲဒီလိုပုဂ္ဂိုလ်မှာ ကုသိုလ်စိတ်ဖြစ်ခွင့်မရဘဲ နှစ်သက်ဝမ်းမြောက်တဲ့ လောဘစိတ်တွေ စိတ်ပျက် ဝမ်းနည်းတဲ့ ဒေါသစိတ်တွေချည်း ထပ်တလဲလဲ မပြတ်ဖြစ်နေတတ်တယ်။ ဒါကြောင့် ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း အစရှိသော ဆင်းရဲတွေမှ မလွတ်နိုင်ဘူး။

## နိဗ္ဗာနဲ့ ပသံသာ

အချိုးအမွှမ်းခံရတဲ့အခါလည်း အတိုင်းမသိ ဝမ်းမြောက်တတ်တယ်၊ အကဲ့အရဲ့ခံရတဲ့အခါမှာလည်း မနေသာအောင် စိတ်ညစ် စိတ်ပျက်နေ တတ်တယ်။ အဲဒီ ချီးမွှမ်းမှုကဲ့ရဲ့မှုကို "ခေတ္တခဏပဲ မမြဲဘူး"လို့လည်း မဆင်ခြင်မိဘူး၊ အဲဒီ ချီးမွှမ်းမှု၊ ကဲ့ရဲ့မှုနဲ့စပ်ပြီး စဉ်းစားနေတဲ့ စိတ်ကိုလည်း "မမြဲဘူး ဆင်းရဲမှုပဲ ပြောင်းလဲဖောက်ပြန်တတ်တဲ့ သဘောပဲ" လို့ ဒီလိုလည်း မဆင်ခြင်မိဘူး၊ အချိုးအမွှမ်းခံရတဲ့ အခါ နှစ်သက်သဘောကျတဲ့ လောဘစိတ် တွေ မပြတ်ဖြစ်နေတယ်။ အကဲ့အရဲ့ခံရတဲ့အခါ စိတ်ညစ်စိတ်ပျက်တဲ့ ဒေါသစိတ်တွေ မပြတ်ဖြစ်နေတယ်။ ကုသိုလ်စိတ်ဖြစ်ခွင့်ကို မရနိုင်ဘူး။ ဒါကြောင့် အဲဒီလို ပုဂ္ဂိုလ်လည်း ဘဝအသစ် ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်း အစရှိသော ဆင်းရဲတွေမှ မလွတ်နိုင်ဘူး။

## သုခနှင့် ဒုက္ခ

ကိုယ်အလိုရှိတာတွေကို ရပြီးတော့ အလိုရှိတိုင်း သုံးဆောင်ခံစား

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အခါ ကိုယ်ရော စိတ်ပါ ချမ်းသာနေတယ်။ အဲဒီလို ချမ်းသာနေတဲ့ အခါ အလွန်နှစ်သက်အားရသဘောကျပြီး ဝမ်းမြောက်နေတတ်တယ်။ အဲဒီ ချမ်းသာကို "မမြဲဘူး၊ဆင်းရဲဒုက္ခရောက်စေတတ်လို့ ဆင်းရဲပဲ"လို့လည်း မဆင်ခြင်မိဘူး။ "နောက်တစ်ချိန်မှာ ပြောင်းလဲဖောက်ပြန်သွားနိုင်တယ်။ လုံးဝမရှိတော့ဘဲ ကွယ်ပျောက်ပျက်စီးသွားနိုင်တယ်။"လို့လည်း မဆင်ခြင်မိဘူး။ ဒီချမ်းသာဆိုတဲ့ လောကဓံတရားကတော့ လောကအနေနဲ့ဆိုရင် တကယ့်ကို နှစ်သက်သာယာစရာပေပဲ။ ယခုလူတွေ လှုပ်လှုပ်ရှရှနဲ့ နေ့ရောညဉ့်ပါ ရှာကြံအားထုတ်နေကြတာဟာ ဒီချမ်းသာကိုရဖို့အတွက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ချိန်က တာဝတိံသာနတ်ပြည်ရောက်ခါစ နတ်သားတစ်ယောက်က နန္ဒဝန်ဥယျာဉ်ထဲ ပျော်ပွဲခံနေရင်း သူရော တခြားနတ်တွေရော ပျော်ပွဲခံနေကြတာကို အကြောင်းပြုပြီးတော့" န တေ သုခံ ပဇာနန္တိ၊ ယေ န ပဿန္တိ နန္ဒနံ –နန္ဒဝန်ဥယျာဉ်ကို မတွေ့မမြင်ဖူးသေးရင် ချမ်းသာကို မသိသေးဘူး။ ချမ်းသာရာဌာနကို မသိသေးဘူး" လို့တောင် အားရဝမ်းသာ ပြောဖူးပါသေးတယ်။ အဲဒီလို ချမ်းသာသုခကို အထင်ကြီးနေတဲ့သူဟာ ဒုက္ခနဲ့တွေ့ရတဲ့ အခါကျတော့ နေမထိ ထိုင်မသာ အကြီးအကျယ် ဆင်းရဲရတယ်။ အဲဒီလိုဆင်းရဲကိုလည်း "မမြဲတဲ့ အနိစ္စတရား"လို့လည်း မဆင်ခြင်နိုင်ဘူး၊ "ဖြစ်မှုပျက်မှုက နှိပ်စက်နေတဲ့ သင်္ခါရ ဒုက္ခတရား"လို့လည်း မဆင်ခြင်နိုင်ဘူး။ "ပြောင်းလဲ ဖောက်ပြန်တတ်တဲ့တရား"လို့လည်း မဆင်ခြင်နိုင်ဘူး။ "ငါပဲ ဆင်းရဲနေရတယ်" လို့ ဒီလိုသာ ထင်မှတ်စွဲလမ်းနေတတ်တယ်။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်မှာ ချမ်းသာနဲ့တွေ့ရတော့ နှစ်သက်

www.burmeseclassic.com

www.burmeseclassic.com



သာယာတဲ့ လောဘစိတ်တွေ မပြတ်ဖြစ်နေတယ်။ ဆင်းရဲနဲ့တွေ့တော့ စိတ်ပျက်တဲ့ ဒေါသစိတ်တွေ မပြတ်ဖြစ်နေတယ်။ ကုသိုလ်စိတ် ဖြစ်ခွင့်မရဘူး။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်မျိုးဟာ ဘဝသစ်ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်း၊ အစရှိသော သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ဘူး။

ယခုပြောခဲ့တာဟာ အကြားအမြင်မရှိတဲ့ သူမှာ လောကဓံနဲ့တွေ့ရတဲ့အခါ အမှန်အတိုင်း မဆင်ခြင်တတ်လို့ သည်းမခံနိုင်ပုံ ကုသိုလ်ဖြစ် ခွင့်မရပုံ၊ သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ပုံတွေပါပဲ။ အကြားအမြင်ရှိတဲ့ ဘုရားတပည့် အရိယာသာဝကမှာတော့ အဲဒီလောကဓံတရားတွေကို အမှန်အတိုင်း ဆင်ခြင်ပြီး သည်းခံနိုင်ပါတယ်။ ဒါကြောင့် ကုသိုလ်ဖြစ်ခွင့်ရပြီး သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ပါတယ်။ အဲဒါကို မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောကြားတော်မူပါတယ်။

## သုတရှိသူ၏ ထူးခြားသောဂုဏ်

သုတဝတော စ ခေါ ဘိက္ခဝေ အရိယသာဝကဿ ဥပ္ပဇ္ဇတိ လာဘော၊ သော ဣတိ ပဋိသဉ္စိက္ခတိ "ဥပ္ပန္နော ခေါ မေ အယံ လာဘော၊ သော စ ခေါ အနိစ္စော ဒုက္ခော ဝိပရိဏာမ ဓမ္မော"တိ ယထာဘူတံ ပဇာနာတိ ဥပ္ပဇ္ဇတိ အလာဘော။

ဘိက္ခဝေ၊ ရဟန်းတို့။ သုတဝတော စ ခေါ အရိယသာဝကဿ၊ အကြားအမြင်ရှိသော ဘုရားတပည့်သာဝကအားမူကား၊ လာဘော၊ လာဘ်ရခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဝါ၊ ဖြစ်ပေါ်လာငြားအံ့။ သော၊

www.burmeseclassic.com



ထိုအရိယာသာဝကသည်။ ဂ္ဂတိ ပဋိသဥ္စိက္ခတိ၊ ဤသို့ ဆင်ခြင်၏။ အယံ လာဘော၊ ဤလာဘ်ရခြင်းသည်။ မေ၊ ငါ့အား။ ဥပ္ပန္နတိ၊ ဖြစ်ပေါ်လာ၏။ သော ၀ ခေါ၊ ထိုလာဘ်ရခြင်းသည်ကား။ အနိစ္စော၊ မမြဲ၊ ဒုက္ခော၊ ဆင်းရဲတည်း။ ဝိပရိဏာမ ဓမ္မောတိ၊ ပြောင်းလည်းဖောက်ပြန်ခြင်း သဘော ရှိ၏ဟူ၍။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ၊ သိပေ၏။ ဥပ္ပန္နတိ အလာဘော၊ လာဘ်မရခြင်းဖြစ်လျှင်လည်း ထို့အတူဆင်ခြင်၍ ဟုတ်တိုင်း မှန်စွာ သိအပ်၏။

ဆိုလိုတာကတော့ အကြားအမြင်နှင့် ပြည့်စုံတဲ့ အရိယာသာဝက မှာတော့ လာဘ်ရခြင်းဖြစ်ပေါ်လာရင် အဲဒါကို ဆင်ခြင်ပြီး အမှန်အတိုင်း သိပါတယ်။ လာဘ်မရခြင်း ဖြစ်ပေါ်လာလျှင်လည်း အမှန်အတိုင်း သိပါတယ်။ ဒီကစပြီး အကြားအမြင်မရှိတဲ့ ပုထုဇဉ်နဲ့ ထူးခြားသွားပါတယ်။ အဲဒီမှာ အကြားအမြင်ဆိုတာက ခုနက ရှေ့ပိုင်းကပြောခဲ့တဲ့ အာဂမသုတ၊ အဓိဂမ သုတဆိုတာတွေပါပဲ။ အရိယာပုဂ္ဂိုလ်တွေဆိုတော့ ဘုရားဟော တရားတွေကို ကြားနာမှတ်သားဖူးတဲ့ အာဂမသုတနဲ့လည်း ပြည့်စုံနေကြ တာချည်းပဲ။ ရုပ်နာမ်သဘောတွေ အနိစ္စ၊ ဒုက္ခ အနတ္တသဘောတွေ သစ္စာ ၄–ပါးတရားတွေ ကို ကိုယ်တိုင်သိမြင်တဲ့ အဓိဂမသုတနဲ့လည်း ပြည့်စုံနေကြတာချည်းပဲ၊ ကလျာဏ ပုထုဇဉ်တောင်မှ ကြားနာဖူးတဲ့ အာဂမသုတနဲ့လည်း ပြည့်စုံ နေတာပဲ။ ဝိပဿနာတရားကို စနစ်တကျအားထုတ်ဖူးတဲ့သူဆိုရင် ရုပ်နာမ် သဘော အနိစ္စ၊ ဒုက္ခ၊အနတ္တသဘောတွေကို ကိုယ်တိုင်တွေ့အားဖြင့် သိတန် သလောက်တော့ သိပြီးဖြစ်နေတဲ့အတွက် အဓိဂမသုတနဲ့လည်း ပြည့်စုံနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဆိုရတာပါပဲ။ ဒါကြောင့် ဒီသုတ်မှာ အရိယာသာဝကဆိုတာ ကလျာဏပုထုဇဉ် ကစပြီး ယူရပါတယ်။ နောက်ပြီးတော့ ဘုရားဟောတရားကို ကြားနာမှတ်သားဖူးရုံမျှဖြစ်တဲ့ ဘုရားတပည့်ကိုလည်း ယူသင့်ပါတယ်။

## ရတာ မရတာနဲ့စပ်၍ ဆင်ခြင်ပုံ

ဒါကြောင့် အဲဒီလိုဘုရားတပည့်ဖြစ်တဲ့သူဟာ လာဘ်လာဘရလာရင် အဲဒီလာဘ်ရတာလည်း မမြဲဘူး၊ အမြဲတမ်းဒီလိုချည်းရနေမှာ မဟုတ်ဘူး။ ရလာတဲ့ပစ္စည်းဥစ္စာတွေလည်း မမြဲဘူးလို့ ဒီလိုလည်း ဆင်ခြင်ရပါတယ်။ နောက်ပြီးတော့ အဲဒီရတာနှင့် ရလာတာတွေကို ဒုက္ခဆင်းရဲတွေပဲလို့လည်း ဆင်ခြင်ရပါတယ်။ ဒီနေရာမှာ ဆင်းရဲဆိုတာက အခံရခက်တဲ့ ဒုက္ခဝေဒနာ ကိုပြောတာ မဟုတ်ဘူး။ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ ပရိယာယဒုက္ခ မျိုးကိုပြောတာပါ၊ သင်္ခါရဒုက္ခဆိုတာက ဖြစ်ပြီးပျက်သွားတတ်လို့ မမြဲတဲ့ အတွက် နှစ်သက်ဖွယ်အားကိုးဖွယ်မရှိသောကြောင့် မကောင်းတာကိုပဲ ဆိုလိုပါတယ်။ လာဘ်ရတာရော ရလာတဲ့ပစ္စည်းဥစ္စာရော ဖြစ်ပြီးပျက်သွား တတ်လို့ မမြဲတာချည်းပဲ၊ မမြဲတဲ့အတွက် နှစ်သက်ဖွယ်အားကိုးဖွယ်မရှိလို့ မကောင်းတာချည်းပဲ၊ မမြဲတဲ့အတွက် နှစ်သက်ဖွယ်အားကိုးဖွယ်မရှိလို့ မကောင်းတာချည်းပဲ။ ဒါကြောင့် ဒုက္ခဆင်းရဲလို့ ဆိုရပါတယ်။ ဝိပရိဏာမ ဒုက္ခဆိုတာကတော့ တစ်မျိုးတစ်မည်ပြောင်းလဲဖောက်ပြန်သွားတဲ့အခါ ဆင်းရဲ ဒုက္ခရောက်စေတတ်တာကိုဆိုလိုပါတယ်။ ဒီလာဘ်ရတာကလည်း ရနေကျ မရရင်၊ ရပြီးသားတွေ ပျက်စီးသွားရင် ဆင်းရဲဒုက္ခရောက်စေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လာဘ်ရတာနဲ့ ရလာတဲ့ဥစ္စာကို ဒုက္ခဆင်းရဲလို့ ဆိုရပါတယ်။ မကောင်းတဲ့ဟာလို့ ဆိုလိုပါတယ်။ ပရိယာယဒုက္ခဆိုတာကတော့ ဆင်းရဲဒုက္ခရောက်စေတတ်တဲ့အကြောင်း ဖြစ်တာကိုဆိုပါတယ်။ အဲဒါကတော့ ခုနကပြောခဲ့တဲ့ ဝိပရိဏာမဒုက္ခထဲမှာအတွင်း ဝင်သွားပါပြီ။ ဒါကြောင့် ရတာနှင့်ရလာတဲ့ ဥစ္စာတွေကို ဒုက္ခဆင်းရဲတွေ မကောင်းတာတွေလို့လည်း ဆင်ခြင်ရပါတယ်။ နောက်ပြီးတော့ အဲဒါတွေကို ပြောင်းလဲဖောက်ပြန်တတ်တဲ့ဟာတွေပဲ။ ယခုရနေပေမယ့် နောက်ကျတော့ ဒီလို မရဘဲလည်း ဖြစ်နိုင်ပါတယ်။ ယခုကိုယ့်ဟာကို ဟုတ်နေပေမယ်လို့ တော်တော်ကြာရင် ကိုယ့်ဟာမဟုတ်ဘဲလည်း ဖြစ်သွားနိုင်တယ်လို့ ဒီလိုလည်းဆင်ခြင်ရပါတယ်။ နောက်ပြီးတော့ လာဘ်ရတဲ့ ပိုင်ရှင်လို့ဆိုရတဲ့ မိမိသန္တာန်က ရုပ်နာမ်တရားတွေကိုလည်း အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဓမ္မတွေပဲလို့ ဒီလိုလည်းဆင်ခြင်ရပါတယ်။ အဲဒါဟာ အမှန်အတိုင်း ဆင်ခြင်ပြီး သိပုံပါပဲ။

အဲဒီလိုရစဉ်ကတည်းက ဆင်ခြင်တဲ့သူမှာ လာဘ်ရခြင်းနဲ့ စပ်ပြီးတော့ အလွန်အကျွံ ဝမ်းမြောက်တက်ကြွခြင်းမရှိဘူး၊ ဒါကြောင့် နှစ်သက်သာယာတဲ့လောဘစိတ်က ကောင်းမြတ်တဲ့စိတ်ကို လွှမ်းမိုးပြီး မဖြစ်နိုင်ဘူး။ အဲဒီလို မဖြစ်နိုင်ပုံကို မြတ်စွာဘုရားက–

တဿ စိတ္တံ၊ ထိုသို့ ဆင်ခြင်၍ အမှန်အတိုင်းသိသော သူ၏ စိတ်ကို။ လာဘောပိ၊ လာဘ်ရခြင်းကလည်း။ နပရိယာဒါယ တိဋ္ဌတိ၊ ကုန်ပျောက်စေ၍ မတည်ပေလို့ ဟောတော်မူပါတယ်။

နောက်ပြီးတော့ အဲဒီလိုဆင်ခြင်တဲ့သူမှာ လာဘ်မရှိလို့လည်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်မပျက် စိတ်မညစ်ဘူး " လာဘ်ရခြင်းဆိုတာ မြဲတဲ့သဘော မဟုတ်ဘူးလို့ ငါဆင်ခြင်ထားတဲ့အတိုင်း ယခုအကြောင်းမညီညွတ်လို့ မရတာဘဲလို့" နှလုံးသွင်းပြီး သည်းခံနိုင်တယ်။ နောက်ပြီးတော့ ရပြီးသားပစ္စည်းတွေ ရေ၊ မီး၊ မင်း၊ ခိုးသူစသော ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးသွားရင်လည်း အလွန်အကျွံ စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်း မဖြစ်ရဘူး။ အရင်က ငါဆင်ခြင်ထားတဲ့အတိုင်း မမြဲတာတွေမို့ ပျက်တတ်တာတွေမို့ ပျက်စီးသွားတာပဲလို့ ဆင်ခြင်ပြီးသည်းခံနိုင်တယ်။ နောက်ပြီးတော့ အဲဒီလိုလာဘ်မရတာ ပျက်စီးသွားတာတွေကိုလည်း "ဒီလိုချည်းပဲ အမြဲတမ်း မဟုတ်ဘူး၊ အကြောင်းညီညွတ်တဲ့အခါ ကုသိုလ်ကံက အကျိုးပေးတဲ့အခါရဦးမှာပဲ။ မွေးခါစက ဘာမှ မပါခဲ့ဘူး၊ အဝတ်တောင်မပါခဲ့ဘူး၊ ဒါပေမယ့် ယခုတော့ အဲဒါနှင့်နှိုင်းစာကြည့်ရင် ရထားတာတွေ အများကြီး ရှိသေးတာပဲ"လို့ ဒီလိုလဲဆင်ခြင်ရတယ်။ နောက်ပြီးတော့ "ယခုပျက်စီး သွားတာတွေဟာ ဘိဇ္ဇန ဓမ္မော ဘိဇ္ဇတိ၊ ပျက်တတ်တဲ့ တရားမို့ ပျက်သည်လို့ဆိုတဲ့အတိုင်း သူတို့ကိုက ပျက်တတ်တဲ့တရားတွေမို့ ပျက်စီးဆုံး ပါးသွားတာပဲ"လို့ ဒီလိုလဲ ဆင်ခြင်ရတယ်။

ဟုတ်တယ်၊ ကွဲတတ်တဲ့မြေအိုးဟာ လွတ်ကျရင် ကွဲတာပဲ။ မကွဲတတ်တဲ့ သံအိုး သတ္တုအိုးဆိုရင် လွတ်ကျပေမယ့်လို့ မကွဲပါဘူး။ ဒါကြောင့် တစ်စုံတရာ လွတ်ကျလို့ ကွဲပျက်သွားရင် ပျက်တတ်လို့ ပျက်သွားတာပဲလို့ ဒီလို အသင့်အတင့် နှလုံးသွင်းပြီး ဖြေဖျောက်ရတယ်။ ဒါပေမယ့် လူငယ် သူငယ်ချင်းများကြောင့် တစ်စုံတစ်ခုကွဲပျက်သွားရင် လူကြီးတွေက မာန်မဲကြိမ်းမောင်းခြောက်တတ်ကြသေးတယ်။ အဲဒါဟာ ယောနိသောမနသိကာရလွှတ်

www.burmeseclassic.com



သွားတာပဲ။ အမှန်ကတော့ အဲဒီလို မာန်မဲပေမယ်လို့ ကွဲပျက်သွားတဲ့ ပစ္စည်းကတော့ ပြန်ပြီး မကောင်းနိုင်တော့ပါဘူး။ အဲဒီလိုပဲ ပျက်စီးဆုံးပါးသွားတဲ့ ပစ္စည်းတွေဟာ စိတ်ပျက်ဝမ်းနည်း နေပေမဲ့လို့ ပြန်ရမှာတော့ မဟုတ်ဘူး။ ဒါကြောင့် "ပျက်စီးတတ်တဲ့ဥစ္စာမို့ ပျက်စီးသွားတယ်။ မမြဲတဲ့သဘောပဲ ဒုက္ခဆင်းရဲသဘော မကောင်းတဲ့ သဘောပဲ။ ဝိပရိဏာမဓမ္မ–ပြောင်းလဲ ဖောက်ပြန်တတ်တဲ့ သဘောလို့ ဒီလိုသာ ယောနိသောမနသိကာရနဲ့ အသင့် အတင့် နှလုံးသွင်းဆင်ခြင်ရတယ်။

အဲဒီလို နှလုံးသွင်းဆင်ခြင်ရင် လာဘ်မရတာ စီးပွားဥစ္စာပျက်စီးတာနဲ့ စပ်ပြီးတော့ စိတ်ညစ်မှု၊ စိတ်ပျက်မှု၊ ဝမ်းနည်းမှု အလွန်အကျွံမဖြစ်ဘဲ သက်သာရာရနိုင်ပါတယ်။ ပုထုဇဉ်မှာလည်း သက်သာရာရပြီး သည်းခံနိုင် ပါတယ်။ သောတာပန် သကဒါဂါမ်ဆိုရင်တော့ သာပြီး သည်းခံနိုင်ပါတယ်။ အနာဂါမ်ရဟန္တာမှာတော့ လာဘ်မရခြင်း ဆုံးပါးခြင်းနဲ့စပ်ပြီး စိတ်မချမ်းသာ မှုဆိုတာ လုံးဝကို မဖြစ်နိုင်ဘူး။ အဲဒါဟာ အလာဘ–လာဘ်မရခြင်းဆိုတဲ့ လောကဓံတရားက မနှိပ်စက်နိုင်တာပါဘဲ။ အဲဒီလို ဖြစ်ပုံကို မြတ်စွာဘုရားက–

အလာဘောပိ၊ လာဘ်မရခြင်းကလဲ၊ စိတ္တံ၊ ကောင်းတဲ့စိတ်ကို၊ နပရိယာဒါယ တိဋ္ဌတိ၊ ကုန်စေ၍မတည်စေပါဘူးလို့ ဟောတော်မူပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း လာဘ်ရခြင်း၊ လာဘ်မရခြင်းဆိုတာတွေကို ဆင်ခြင်ပြီးအမှန်အတိုင်း စိတ်ကိုထိန်းနိုင်တဲ့ပုဂ္ဂိုလ်မှာ ကောင်းမြတ်တဲ့ စိတ်တွေကို အလိုရှိတိုင်းဖြစ်ပွားစေနိုင်တယ်။ ဖွါရ ၆–ပါးကဖြစ်တိုင်းသော ရုပ်နာမ်တရားတွေကို မပြတ်ရှုပြီး အမှန်အတိုင်းသိနိုင်တယ်။ လာဘ်ရမှု ခံစားတဲ့

www.burmeseclassic.com



စိတ်ဖြစ်ပေါ်လာရင် အဲဒီစိတ်ကို ရှုပြီးပယ်နိုင်တယ်။ ဒါကြောင့် လာဘ်ရတာကို လိုက်လျောပြီး နှစ်သက်မြတ်နိုးတဲ့စိတ်တွေ မဖြစ်ရဘူး။ ဖြစ်ရင်လည်းကြာရှည်စွာ မဖြစ်ရဘူး၊ ရှုမိတာနဲ့ ငြိမ်းပျောက်သွားတယ်။ လာဘ်မရမှုနှင့်စပ်ပြီး စိတ်ဖြစ်ပေါ်လာရင်လည်း အဲဒီစိတ်ကို ရှုပြီးပယ် နိုင်တယ်။ ဒါကြောင့် လာဘ်မရမှုနှင့်ဆန့်ကျင်ပြီး စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်းတွေမဖြစ်ရဘူး။ ဖြစ်ရင်လည်း ကြာရှည်စွာမဖြစ်ရဘူး။ ရှုမိတာနဲ့ ငြိမ်းပျောက်သွားနိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောပြန်ပါတယ်။

သော၊ ထိုသို့ရရင်လည်း ဝမ်းမသာ၊ မရရင်လည်း ဝမ်းမနည်းသော ပုဂ္ဂိုလ်သည်၊ ဥပ္ပန္နံလာဘံ၊ ဖြစ်ပေါ်လာသော လာဘ်လာဘပစ္စည်းဥစ္စာကို၊ န အနုရုဇ္ဈတိ၊ လိုက်လျောနှစ်သက်ကာ သာယာမြတ်နိုးလျက်မနေ၊ အလာဘော၊ မရခြင်း၊ ဆုံးပါးပျက်စီးခြင်း၌၊ န ပဋိဝိရုဇ္ဈတိ၊ ဝမ်းနည်း စိတ်ပျက် ဆန့်ကျင်လျက် မနေ။

ရတာနဲ့စပ်ပြီးတော့လည်း၊ နှစ်သက်ဝမ်းမြောက်မနေရဘူး၊ မရတာနဲ့ စပ်ပြီးတော့လည်း စိတ်ပျက်ဝမ်းနည်းမနေဘူး၊ ကိုယ့်အလုပ်ကို သာလုပ်နေတယ်။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဆိုရင် ဒွါရ ၆-ပါးက ဖြစ်ပေါ်လာသမျှကို အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်အောင် မပြတ်ရှုမှတ်ပြီးတော့သာ နေတယ်လို့ ဆိုလိုပါတယ်။

## ဆင်းရဲမှ လွတ်မြောက်သည်

ဝဲ၊ ဤဆိုခဲ့သည့်အတိုင်း၊ အနုရောဓ-ဝိရောဓ-ဝိပ္ပဟီနော၊

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောနှစ်သက်ခြင်း စိတ်ပျက်ဆန့်ကျင်ခြင်းကို ပယ်ပြီးသော၊ သော၊ ထိုသို့သောဘုရားတပည့်သည်။ ပရိမုစ္စတိ ဇာတိယာ၊ ဘဝအသစ်ဖြစ်ခြင်းမှ လွတ်မြောက်၏။ ဇရာယ မရဏေန–အိုခြင်း သေခြင်းမှ လွတ်မြောက်၏။

ခုနကပြောခဲ့တဲ့အတိုင်း လာဘ်ရတာနောက် လိုက်ပြီးတော့လည်း နှစ်သက်ဝမ်းမြောက်မနေဘဲ လာဘ်မရတာနဲ့လည်း ဆန့်ကျင်ပြီး စိတ်ပျက်ဝမ်းနည်းမနေဘဲ ရှုသင့်တဲ့ ရုပ်နာမ်တရားကို မပြတ်ရှုနေတဲ့အတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို အမှန်အတိုင်း သိပြီးတော့ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်တွေ့မြင်သွားတယ်။ အဲဒီလို တွေ့မြင်တဲ့အခါ ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်းမှ လွတ်မြောက်သွားတယ်။ မဂ်ဉာဏ် ၄–ပါးထဲက သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်လျှင် အပါယ်ဘဝတွေ ခုနစ်ဘဝထက် အလွန် ဖြစ်ရမည့် ဘဝတွေအကုန်ငြိမ်းတယ်။ ဒါကြောင့် အဲဒီဘဝတွေနဲ့ဆိုင်တဲ့ ဘဝအသစ်ဖြစ်ရခြင်း၊ အိုရခြင်း၊ သေရခြင်းတွေမှ လွတ်မြောက်သွားတယ်။ သကဒါဂါမိမဂ်ဖြင့် နှစ်ဘဝထက်အလွန်ဖြစ်ရမည့် ဘဝတွေငြိမ်းတယ် ဒါကြောင့် သကဒါဂါမိမှာ ၂–ဘဝထက်အလွန်ဖြစ်ရမည့် ဘဝတွေနဲ့ဆိုင်တဲ့ ဇာတိ ဇရာ မရဏတွေမှ လွတ်မြောက်သွားတယ်။ အနာဂါမိမဂ်ဖြင့် တစ်ဘဝထက် အလွန်ဖြစ်ရမည့် ဘဝတွေငြိမ်းတယ်။ ဒါကြောင့် အနာဂါမိမှာ-တစ်ဘဝထက် အလွန်ဖြစ်ရမည့် ဘဝတွေနဲ့ဆိုင်တဲ့ ဇာတိ၊ ဇရာ၊ မရဏတွေမှ လွတ်မြောက်သွားတယ်။ ရဟန္တာမှာတော့ ဘဝအသစ်ဖြစ်ခြင်း လုံးဝမရှိတော့ဘူး။ ဒါကြောင့် ဇာတိ ဇရာ မရဏ အလုံးစုံမှ အပြီးအငြိမ်း လွတ်မြောက်သွားတယ်။ အဲဒီလို လွတ်မြောက်သွားတယ်လို့ဆိုလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ သောကေဟိ ပရိဒေဝေဟိ၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်းတို့မှ၊ ပရိမုစ္စတိ၊ လွတ်မြောက်၏။ ဒုက္ခေဟိ ဒေါမနဿေဟိ၊ ဆင်းရဲခြင်း နှလုံးမသာခြင်းတို့မှ လွတ်မြောက်၏။ ဥပါယာသေဟိ၊ စိတ်နှလုံး၏ ပြင်းစွာပူပန်ရခြင်းတို့မှ လွတ်မြောက်၏။ ပရိမုစ္စတိ ဒုက္ခသ္မာတိ၊ ဆင်းရဲဟူသမျှမှ လွတ်မြောက်သည်ဟူ၍။ ဝဒါမိ၊ ငါဘုရား ဟောဆို၏လို့လည်း ဟောတော်မူပါတယ်။

အဲဒီ စိုးရိမ်ခြင်းစသည်မှ လွတ်မြောက်တဲ့ အကျိုးတွေက ယခု မျက်မှောက် ဘဝကတည်းကစပြီး ရနိုင်ပါတယ်။ ဘယ်လိုလည်းဆိုရင် လာဘ်ရခြင်း မရခြင်းများကို အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မတွေပဲလို့ ဆင်ခြင်ပြီး သဘောထားကြရင် အဲဒီလာဘ်ရခြင်းစသည်နှင့် စပ်ပြီး စိုးရိမ်ခြင်းစသည် မဖြစ်ရဘူး။ အထူးအားဖြင့် ရပြီးသား ပစ္စည်းဥစ္စာတွေ ပျက်စီးဆုံးပါးသွားတဲ့အခါမျိုးမှာ ဖြစ်မှဖြစ်ရလေခြင်းလို့ ကြံတွေးပြီး စိုးရိမ်ပူဆွေးခြင်းလည်း မဖြစ်ရဘူး။ နှလုံးမသာခြင်းလည်း မဖြစ်ရဘူး။ စိတ်နှလုံး၏ ပြင်းစွာပူပန်ခြင်းလည်း မဖြစ်ရဘူး။ ငါဆင်ခြင်ထားတဲ့အတိုင်း မမြဲတာတွေ ဖြောင်းလဲ ဖောက်ပြန်တတ်တာတွေ ပျက်စီးသွားတတ်တာတွေမို့ ဖောက်ပြန်ပျက်စီးသွားတာပဲ စသည်ဖြင့် နှလုံးသွင်းပြီး သည်းခံနိုင်တယ်။ ဒါကြောင့် ငိုကြွေး မြည်တမ်းခြင်းနှင့် အအိပ်ပျက် အစားပျက်စသည်ဖြင့် ကိုယ်ဆင်းရဲတွေလည်း မဖြစ်ရဘူး။ နှလုံးမသာဖြစ်ဖို့ ကြံတွေးတဲ့စိတ်ကလေးဖြစ်ပေါ်လာရင် အဲဒီ စိတ်ကို ရှုမှတ်ပြီးပယ်လိုက်တာနဲ့ ငြိမ်းသွားတယ်။ အကယ်၍နှလုံးမသာတဲ့ စိတ်ဖြစ်ပေါ်လာတောင် အဲဒီစိတ်ကိုရှုမှတ်ပြီး ပယ်လိုက်တာနဲ့ငြိမ်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စိုးရိမ်ပူဆွေးခြင်းအစရှိသော ဆင်းရဲတွေမှ ယခုမျက်မှောက်မှာလည်း လွတ်မြောက်နေပါတယ်။ လုံးဝမလွတ်မြောက်သေးတောင် သက်သာရာတော့ အများကြီး ရနေတတ်ပါတယ်။ ဒီလိုလွတ်မြောက်နိုင်တာကို ရည်ပြီးတော့ မဟာသတိပဋ္ဌာန်သုတ်မှာလည်း–

## သောကကင်းရေး အကောင်းဆုံးနည်း

အယံ မဂ္ဂေါ၊ ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို အမှတ်ရမှု သတိပဋ္ဌာန် ၄–ပါးဟူသော ဤလမ်းခရီးသည်၊ သောက ပရိဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်အလို့ငှာ၊ ဧကာယနော မဂ္ဂေါ၊ တစ်ကြောင်းတည်းသောလမ်း တစ်ခုတည်းသော လမ်းပါပေတည်း။ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏ ချုပ်ငြိမ်း ကွယ်ပျောက်ရန် အလို့ငှာ၊ ဧကာယနော မဂ္ဂေါ၊ တစ်ကြောင်းတည်းသောလမ်း တစ်ခုတည်းသောလမ်းပါပေတည်းလို့ ဟောထားပါတယ်။

ဒါကြောင့် အမှတ်ရမှု သတိတရားနဲ့ ရှုမှတ်နေတဲ့ အလုပ်ဟာ သောကကင်းဝေး နေနိုင်ရေးဆိုတဲ့ နည်းတွေထဲမှာ အကောင်းဆုံးနည်းပါပဲ၊ ဒီလို ရှုမှတ်နေခြင်းဖြင့် နောက်ဆုံးမှာ အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ဆင်းရဲဟူ သမျှမှ လုံးဝလွတ်မြောက်သွားနိုင်ပါတယ်။ ဒါကြောင့် " ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ –ဆင်းရဲဟူသမျှမှ လွတ်မြောက်သည်ဟု ငါဘုရား ကောန်ဟောတော် မူတယ်။"လို့ မြတ်စွာဘုရားက ဝန်ခံတော်မူပါတယ်။

ယခုပြောလာခဲ့တာဟာ လာဘ်ရခြင်း လာဘ်မရခြင်းဆိုတဲ့ လောကဓံ

www.burmeseclassic.com

www.burmeseclassic.com



တရား ပထမတစ်စုံနဲ့စပ်ပြီး အကြားအမြင်ရှိတဲ့ ဘုရားတပည့်မှာ အမှန်အတိုင်း ဆင်ခြင်ပြီး ဆင်းရဲပဟုသမျှမှ လွတ်မြောက်သည့်အထိ အကျိုးရသွားပုံကို ပြဆိုတဲ့ စကားတွေဖြစ်ပါတယ်။ ကျန်တဲ့ လောကဓံတရား ၃–စုံနဲ့ စပ်ပြီးတော့ ဆင်ခြင်ပုံ အကျိုးရပုံတွေကိုလည်း နည်းတူပဲသိနိုင်ပါတယ်။ ယခု အကျဉ်းချုပ်လောက်ပဲ ပြောသွားမယ်။

## အခြေအရံ ရှိ မရှိနှင့် စပ်၍ ဆင်ခြင်ပုံ

အကြားအမြင်ရှိတဲ့ ဘုရားတပည့်ဟာ အခြေအရံနဲ့ ပြည့်စုံတဲ့ အခါလည်း အဲဒီအခြေအရံနှင့်စပ်ပြီး "မမြဲဘူး ဒီလိုချည်း ပြည့်စုံနေမှာ မဟုတ်ဘူး၊ အခြေအရံကို အကြောင်းပြုပြီး ဆင်းရဲဒုက္ခ ရောက်နိုင်တဲ့အတွက် ဒုက္ခဆင်းရဲပဲ၊ တစ်မျိုးတစ်မည် ပြောင်းလဲဖောက်ပြန်သွားနိုင်တယ်" စသည်ဖြင့် ဆင်ခြင်ရပါတယ်။ ကိုယ့်အခြေအရံနှင့်ကိုယ် စောစောကတည်းက တစ်ခြားစီ လည်း ခွဲပြီးကြည့်ထားရတယ်။ လင်မယား သားသမီး တပည့်ပရိသတ်တွေနဲ့ ခွဲပြီးဆင်ခြင်ကြည့်ရတယ်။ မင်္ဂလာမရှိဘူးလို့ မအောက်မေ့နဲ့၊ ဒါက မင်္ဂလာပဲ။ အဲဒီလိုစောစောကတည်းက ခွဲကြည့်ထားတဲ့သူမှာ အကြောင်းမညီညွတ်လို့ တကွဲတပြားဖြစ်ကြရလို့ရှိရင် သည်းခံနိုင်တယ်။ သက်သာရာရတယ်။ အခြေအရံမဲ့တဲ့အခါလည်း အဲဒါကို အနိစ္စသည်ဖြင့် ဆင်ခြင်ရတယ်။ ဒီလိုချည်း အခြေအရံတွေကို ရဦးမှာပဲ၊ အခြေအရံရှိရင် အခြေအရံကို အကြောင်းပြုပြီး ဆင်းရဲဒုက္ခရောက်ရတာလည်း ရှိတယ်။ အခြေအရံမရှိတော့ အဲဒီလို ဆင်းရဲဒုက္ခမရောက်နိုင်ဘူး။ တစ်ကိုယ်တည်းနေရင် လွတ်လပ်ပြီး အေးသာ

www.burmeseclassic.com

www.burmeseclassic.com



တယ် စသည်ဖြင့် သင့်လျော်အောင် ဆင်ခြင်ရတယ်။ အဲဒီလိုဆင်ခြင်နိုင်တဲ့ သူမှာ အခြေအရံရှိခြင်း မရှိခြင်းနဲ့စပ်ပြီး နှစ်သက်ဝမ်းမြောက်ခြင်း စိတ်ပျက် ဝမ်းနည်းခြင်းတွေ အလွန်အကျွံမဖြစ်ရဘူး။ ဒါကြောင့် အဲဒီအခြေ အရံရှိခြင်း၊ မရှိခြင်းက ကောင်းတဲ့စိတ်ကို မလွှမ်းမိုးနိုင်ဘူး။ ဘာဝနာကုသိုလ်စိတ်တွေ ဖြစ်ခွင့်ရတယ်။ အဲဒီလို ဖြစ်ခွင့်ရတဲ့အတွက်လည်း ဒွါရ ၆–ပါးက ဖြစ်တိုင်းသော ရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အနတ္တ ထင်မြင်အောင် ရှုပြီး ဆင်းရဲဒုက္ခဟူသမျှမှ လွတ်မြောက် သွားနိုင်ပါတယ်။

## ကဲ့ရဲ့ချီးမွမ်းနှင့်စပ်၍ ဆင်ခြင်ပုံ

အချီးမွမ်းခံရတဲ့ အခါလည်း "ချီးမွမ်းတယ်ဆိုတာ မြဲတာ မဟုတ်ဘူး၊ တော်တော်ကြာရင် အခု ချီးမွမ်းနေတဲ့သူတွေကပဲ ကဲ့ရဲ့ချင် ကဲ့ရဲ့မှာပဲ၊ အချီးမွမ်းခံရတဲ့ ငါဆိုတာလည်း ရုပ် နာမ်မျှပဲ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဖွေသဘောမျှပဲ"စသည်ဖြင့် ဆင်ခြင်ရတယ်။ အဲဒီလို ဆင်ခြင်ရင် အလွန်အကျွံ တက်ကြွဝမ်းမြောက်ခြင်း မဖြစ်ဘူး၊ နောင်တစ်ချိန်မှာ အကဲ့အရဲ့ခံရပေမယ့် သည်းခံနိုင်တယ်၊ အကဲ့ရဲ့ခံရတဲ့အခါမှာလည်း "ကဲ့ရဲ့ခြင်းဆိုတာ အမြဲတည် မြဲနေတာမဟုတ်ဘူး၊ တော်တော်ကြာရင် ပျောက်သွားမှာပဲ။ ယခုကဲ့ရဲ့နေတဲ့ သူတွေပေမယ့် နောင်တစ်ချိန်မှာ ချီးမွမ်းချင် ချီးမွမ်းမှာပဲ။ အကဲ့ရဲ့ခံရတဲ့ ငါဆိုတာကလည်း ရုပ်နာမ်မျှပဲ။ အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဖွေသဘောမျှပဲ။ ကိုယ့်မှာအပြစ်မရှိရင် အခြားကကဲ့ရဲ့ပေမယ့် ဘာမျှအကျိုး မယုတ်နိုင်၊ မနစ်နာနိုင်ဘူး။ အပြစ်ကင်းဖို့ကသာ အရေးကြီးတယ်" စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ရတယ်။ အဲဒီလို ဆင်ခြင်ရင် အကဲ့အရဲ့ခံရတဲ့အတွက် အလွန်အကျွံ စိတ်ပျက် ဝမ်းနည်းခြင်းမဖြစ်ဘူး။ ဒါကြောင့် ကောင်းမြတ်တဲ့ ဘာဝနာကုသိုလ်တွေ ဖြစ်ပွားစေနိုင်တယ်။ အနိစ္စ ဒုက္ခ အနတ္တသဘောတွေ ထင်မြင်အောင်ရှုပြီး ဆင်းရဲဟူသမျှမှ လွတ်မြောက်သွားနိုင်ပါတယ်။

## ချမ်းသာဆင်းရဲနဲ့ စပ်၍ဆင်ခြင်ပုံ

အလိုရှိတာတွေကိုရပြီး အလိုရှိတိုင်း သုံးဆောင်နေရလို့ ချမ်းသာနေတဲ့ အခါ အဲဒီချမ်းသာကို "ဒီလိုချည်း အမြဲတမ်း ချမ်းသာနေမှာ မဟုတ်ဘူး။ အကြောင်းမညီညွတ်တဲ့အခါ ဒီချမ်းသာတွေ အကုန်ပျောက်ပြီး ဆင်းရဲဒုက္ခလည်း ရောက်လာနိုင်တယ်။ ယခု ကျန်းမာချမ်းသာနေပေမယ်လို့ တော်တော်ကြာရင် မကျန်းမမာဖြစ်ပြီး ဆင်းရဲဒုက္ခရောက်လာနိုင်တယ်။ ချမ်းသာသုခဆိုတာကလည်း အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဓမ္မပဲ၊ ချမ်းသာနေတဲ့ငါဆိုတာလည်း အနိစ္စ ဒုက္ခ အနတ္တရုပ်နာမ်သဘောမျှပဲ၊ ချမ်းသာဆိုတာ သူရှိနေတုန်း ကောင်းပေမယ့် သူမရှိတဲ့ အခါကျတော့ မနေသာ မထိုင်သာဖြစ်အောင် ဆင်းရဲစေတတ်တဲ့ သဘောပဲ"စသည်ဖြင့် ဆင်ခြင်ရတယ်။ အဲဒီလို ဆင်ခြင်ထားရင် အဲဒီချမ်းသာပျောက်သွားလို့ ဆင်းရဲနှင့်တွေ့ရတဲ့အခါမှာလည်း သည်းခံနိုင်တယ်။ စိတ်ဆင်းရဲမှု သက်သာတယ်။ နောက်ပြီးတော့ အကြောင်း မညီညွတ်လို့ ဆင်းရဲဒုက္ခရောက်နေတဲ့ အခါမှာလည်း ဒီလိုဆင်ခြင်ရတယ်။ "ဒီဆင်းရဲကို ဒီလိုချည်း အမြဲတမ်းတွေ့နေမှာ မဟုတ်ဘူး၊ ကုသိုလ်က အကျိုးပေးလို့ အကြောင်းညီညွတ်တဲ့အခါ ချမ်းသာကိုလည်း တွေ့ရဦးမှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝမှာ မချမ်းသာတောင် နောင်ဘဝကျတော့ ချမ်းသာသွားမှာပဲ။ ဒီဆင်းရဲ ဒုက္ခဟာလည်း အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မပဲ။ ယခု ငါပြုထားတဲ့ ကုသိုလ်တွေကြောင့် ယခုဘဝတွင်လည်း မကြာမီအတွင်း တစ်မျိုးတစ်မည်ပြောင်းလဲပြီး ကောင်းစားချမ်းသာသွားနိုင်တယ်''စသည်ဖြင့် ဆင်ခြင်ရတယ်။ ဒီလို ဆင်ခြင်နေရင် ကိုယ်ဆင်းရဲကို တွေ့နေရပေမယ့် စိတ်ဆင်းရဲအဖြစ် သက်သာနိုင်ပါတယ်။ ဖြစ်ပေါ်လာရင်လည်း အဲဒီ စိတ်ဆင်းရဲကို ရှုစိုက်ပြီး ရှုမှတ်ရတယ်။ သမာဓိဉာဏ်အားကောင်းနေတဲ့အခါဆိုရင် တစ်ချက်နှစ်ချက်လောက် ရှုမှတ် ရုံနှင့် အဲဒီစိတ်ဆင်းရဲဟာ ပျောက်ပြီး ချမ်းသာသွားနိုင်ပါတယ်။

## အင်မတန်ကောင်းတဲ့ ဆေးနည်း

သူတစ်ပါး၏ ပယောဂကြောင့်ဖြစ်စေ၊ ရောဂါကြောင့်ဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ကိုယ်ထဲမှာ ဆင်းရဲဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လာတဲ့အခါ အခြားနည်းဖြင့် ပြုပြင်စရာမရှိရင် အဲဒီ ဒုက္ခဝေဒနာကိုပဲ ရှုစိုက်ပြီး ရှုမှတ်နေရတယ်။ အဲဒီ ရှုမှတ်နေရင် ဒုက္ခဝေဒနာဟာ ပျောက်လဲပျောက်သွားတတ်ပါတယ်။ လုံးလုံးမပျောက်တောင် သက်သာနေတတ်ပါတယ်။ မသက်သာတောင် စိတ်ဆင်းရဲမှုမဖြစ်နိုင်တဲ့အတွက် အဲဒီကိုယ်ဆင်းရဲ တစ်မျိုးသာခံစားရတယ်။ အဲဒီကိုယ်ဆင်းရဲကို မရှုနိုင်ရင်တော့'' ငါ့ကို ဘယ်သူတွေက မတရားနှိပ်စက်တယ်။ ငါ့နှယ်ကံဆိုးလိုက်တာ၊ ဖြစ်မှဖြစ်ရလေခြင်း''စသည်ဖြင့် ကြံစည်ပြီး စိတ်ဆင်းရဲတွေလည်း များစွာဖြစ်လာတတ်တယ်။ အဲဒါကို မြတ်စွာဘုရားက ''ဆူးနှစ်ချောင်း စူးတာနဲ့တူတယ်'' လို့ ဥပမာပေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာအကျယ်ကတော့ လူတစ်ယောက်မှာ ဆူးစူးတယ်ဆိုပါတော့၊ အဲဒီဆူးကို အခြားဆူးတစ်ချောင်းနဲ့ ထိုးပြီးထွင်တဲ့အခါ အဲဒီနောက် ဆူးကလည်း အသားထဲမှာ ကျိုးပြီးကျန်နေရင် ပထမဆူးကြောင့်လည်း နာနေတယ်။ ဒုတိယထွင်တဲ့ဆူးကြောင့်လည်း နာနေတယ်။ နှစ်နာဖြစ်နေတယ်။ အဲဒါလိုပဲ မရှုမမှတ်နိုင်တဲ့သူမှာ သူ့အလိုလို ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲကလည်း နှိပ်စက်နေတယ်။ အဲဒီကိုယ်ဆင်းရဲကို သည်းမခံနိုင်တဲ့အတွက် နောက်ထပ် ဖြစ်ပေါ်လာတဲ့ စိတ်ဆင်းရဲကလည်း နှိပ်စက်နေတယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ နှစ်မျိုးလုံး၏ အနှိပ်အစက်ကို ခံနေရတယ်။ ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲကို ရှုမှတ်နိုင်တဲ့သူမှာတော့ နောက်ထပ်စိတ်ဆင်းရဲ မဖြစ်ရဘူး။ ကိုယ်ဆင်းရဲ တစ်မျိုးတည်းကိုသာ ခံစားရတယ်။ အဲဒါဟာ ဘုရားရဟန္တာနဲ့တူနေတာပဲ။ ဘုရားရဟန္တာများမှာ အပူအအေး ခြင်မှက်ကိုက်ခြင်းစသည်ကြောင့် ကိုယ်ဆင်းရဲ ကတော့ ရှိတာပဲ။ ဒါပေမယ့် စိတ်ဆင်းရဲကတော့ မရှိဘူး။ အဲဒီကိုယ်ဆင်းရဲ တစ်မျိုးတည်းကိုသာ ခံစားရတယ်။ အဲဒါလိုပဲ ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲကို နိုင်နိုင်နင်းနင်း ရှုမှတ်နိုင်ရင် စိတ်ဆင်းရဲဖြစ်ခွင့်မရဘဲ ငြိမ်းနေတတ်ပါတယ်။ ဒီတော့ ကိုယ်ဆင်းရဲ တစ်မျိုးတည်းကိုသာ ခံစားရတဲ့အတွက် သက်သာ တာပေါ့။ ဒါကြောင့် ဒုက္ခဝေဒနာကို ရှုမှတ်ပြီးပယ်ရတဲ့ သတိပဋ္ဌာန်နည်းဟာ အင်မတန်ကောင်းတဲ့ဆေးနည်းပါပဲ။ စောစောက အချိုးကျအောင် ရှုမှတ်လေ့ လာထားတဲ့သူတွေမှာ သေလုနီးပါး ကြီးကျယ်ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေကို တွေ့ရတဲ့အခါ ဒီနည်းဖြင့် ရှုမှတ်ပြီး သက်သာရာ ရသွားကြတာတွေများလှပါပြီ။

ယခုပြောခဲ့တဲ့အတိုင်း အကြားအမြင်ရှိတဲ့ ဘုရားတပည့်မှာ ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



သုခနှင့်တွေ့ရတဲ့ အခါမှာလည်း သင့်လျော်အောင် ဆင်ခြင်နိုင် ရှုနိုင်တဲ့အတွက် အဲဒီချမ်းသာသုခက စိတ်ကို လွှမ်းမိုးပြီး မတည်ဘူး။ ဆင်းရဲဒုက္ခနှင့် တွေ့ရတဲ့ အခါမှာလည်း သင့်လျော်အောင် ဆင်ခြင်နိုင် ရှုနိုင်တဲ့အတွက် အဲဒီဆင်းရဲဒုက္ခက စိတ်ကိုလွှမ်းမိုးပြီး မတည်ဘူး။ ဆင်ခြင်တဲ့ ရှုတဲ့စိတ်ကသာ အဲဒီသုခဒုက္ခကို လွှမ်းမိုးပြီးတည်နေတယ်။ အဲဒီလောကဓံကို အနိုင်ရနေတယ်။ ဒါကြောင့် ကောင်းမြတ်တဲ့ ကုသိုလ်စိတ်တွေ ဖြစ်မြဲ ဖြစ်ခွင့်ရနေတယ်။ ဖြစ်ခွင့်ရနေတဲ့ အတွက် ဒွါရ ၆-ပါးက ဖြစ်ပေါ်လာသမျှ ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တသဘောအားဖြင့် အမှန်အတိုင်း ထင်မြင်နိုင်အောင် ရှုမှတ်နိုင်တယ်။ ဒါကြောင့် ဝိပဿနာဉာဏ် ရင့်သန်တဲ့ အခါမှာ အရိယမဂ်လေးပါးကိုရောက်ပြီး ဆင်းရဲဟူသမျှမှ လုံးဝလွတ်မြောက်သွားနိုင်ပါတယ်။ အဲဒီလို လွတ်မြောက် သွားနိုင်ပုံကို မြတ်စွာဘုရားက " ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ-ဆင်းရဲဟူသမျှမှ လွတ်မြောက်သည် ငါဘုရား ဟောတော်မူတယ်"လို့ ထုတ်ဖော်ပြီး ဝန်ခံတော်မူပါတယ်။

ယခုပြောလာခဲ့တာဟာ လောကဓံရှစ်ပါးနှင့်စပ်ပြီး သင့်လျော်အောင် ဆင်ခြင်ပုံနဲ့ ဆင်းရဲဟူသမျှမှ ထွက်မြောက်ပုံအထိ အကျိုးရပုံတွေကို ပြောလာ ခဲ့တာပဲ။ ဒီတော့ လောကဓံရှစ်ပါးနဲ့စပ်ပြီး မဆင်ခြင်နိုင်ရင် အကျိုးမဲ့ ဖြစ်တတ်ပုံရော၊ ဆင်ခြင်နိုင်ရင် အကျိုးရပုံရော တော်တော်စုံသွားပါပြီ။ ဒီလောကဓံတရားတွေဟာ လောကထဲမှာနေကြရတဲ့ ပုဂ္ဂိုလ်တိုင်း မရှောင်မလွှဲ နိုင်ဘဲ တွေ့ကြရကြောင်း၊ မြတ်စွာဘုရားတောင်မှ တွေ့ရသေးကြောင်း၊ မြတ်စွာဘုရားမှာတော့ တုန်လှုပ်ခြင်းမရှိကြောင်းများကို နည်းယူပြီး သည်းခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် ထုတ်ပြဖို့လောက်သာ လိုပါတော့တယ်။ ဒါကြောင့် ခုနကဆိုခဲ့တဲ့ ဆောင်ပုဒ်ကလေးတွေကို ပြန်ကောက်လိုက်ကြဦးစို့။

## လောကဓံတရား ဘုရားသော်လည်း မရှောင်နိုင်

(၁) လာဘ်၊ ခြွေရံရ၊ ချီးမွမ်းကြ၊ သုခဝမ်းသာမြဲ။(ဆို)

(၂) ထိုလေးမျိုးမှ၊ ပြောင်းပြန်ကျ၊ လောကဝမ်းနည်းမြဲ။(ဆို)

(၃) လောကဓမ္မ၊ ရှောင်မရ၊ မုချ တွေ့စမြဲ။ (ဆို)

လောကထဲမှာနေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဒီလောကဓံတရားတွေနဲ့ တွေ့ကြတာချည်းပဲ၊ ဘယ်သူမှ မရှောင်နိုင်ဘူး။ ကံကောင်းတဲ့ သူတွေမှာ ကုသိုလ်ကံက အကျိုးပေးတဲ့အခါကောင်းတဲ့ လောကဓံတရား ၄-ပါးနှင့် တွေ့ကြရတယ်။ ကံမကောင်းတဲ့သူတွေမှာ အကုသိုလ်ကံက အကျိုးပေးတဲ့အခါ ဆိုးတဲ့လောကဓံတရား ၄-ပါးနှင့်တွေ့နေကြရတယ်။ အဲဒီမှာ ကောင်းတဲ့ လောကဓံတရားတွေကိုတော့ အများကကြိုက်ကြတယ်။ အဲဒီ လောကဓံတွေနဲ့ တွေ့ပါစေ။ တွေ့ပါစေလို့ပဲ တောင့်တနေကြတယ်။ တွေ့ရအောင်လည်း ရှာကြနေကြတယ်။ ဒါကြောင့် အဲဒါတွေကတော့ လောကအနေနဲ့ဆိုရင် အရေးမကြီးဘူးလို့ ဆိုရမှာပဲ။ ဆိုးတဲ့လောကဓံ တွေကိုတော့ အလိုမရှိကြဘူး။ ကြောက်ကြတယ်။ ရှောင်ပါစေ။ လွဲပါစေ၊ ဖယ်ပါစေလို့ တောင့်တနေကြတယ်။ မတွေ့အောင်လည်း ကြိုးစားနေကြတယ်။ ဒါပေမယ့် လုံးလုံးတော့ မလွတ်မြောက်နိုင်ကြပါဘူး။ တွေ့ကြရသေးတာပဲ။ အနည်းနဲ့အများသာ ကွာခြားပါတယ်။ မြတ်စွာဘုရားကိုယ်တော်

www.burmeseclassic.com



မြတ်ကြီးတောင်မှ နည်းနည်းတော့ တွေ့ရသေးတာပဲ။ အဲဒါကို ထောက်ဆကြည့်ရင် "ငါတို့လို သာမန်ပုဂ္ဂိုလ်တွေ မတွေ့ရဘဲ နေပါ့မလား"လို့ ဆင်ခြင်ပြီး အတော်အတန်တော့ သည်းခံနိုင်စရာအကြောင်း ရှိပါတယ်။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဆိုးတဲ့လောကဓံတွေနဲ့ တွေ့ရပုံကို ယခု ဖော်ပြသွားပါမယ်။

## လာဘ်မရခြင်းနှင့် ဘုရား

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ ပဉ္စသာလခေါ်တဲ့ ပုဏ္ဏားရွာကို အမှီပြုပြီး သီတင်းသုံးနေတော်မူပါတယ်။ အဲဒီရွာမှာ သီတင်းသုံးတော်မူ ခြင်း၏ အကြောင်းကတော့ အဲဒီရွာက အမျိုးသမီးပျိုငါးရာတို့ သောတာပန် ဖြစ်မည်ကို မြင်တော်မူတဲ့အတွက်ပဲ ဖြစ်ပါတယ်။ နက္ခတ်ပွဲနေ့မှာ အဲဒီ အမျိုးသမီးငယ်တွေဟာ အပြင်ထွက်ခွင့်ရကြတဲ့အတွက် မြစ်ဆိပ်ကို သွားကြပြီး ရေချိုးကြတယ်။ ရေချိုးပြီးတော့ အဝတ်အဆင်တန်ဆာများကိုဝတ်ဆင်ပြီး ရွာဆီကို ပြန်လာနေကြတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားက ပဉ္စသာလရွာထဲဆွမ်းခံကြွတော်မူပါတယ်။

ပဉ္စဆိုတာက ငါးခု၊ သာလဆိုတာက တဲအိမ်၊ ဒီတော့ ပဉ္စသာလဆိုတာ ငါးအိမ်လို့ အဓိပ္ပါယ်ရှိပါတယ်။ မူလတည်စက ငါးအိမ်သာရှိလို့ ငါးအိမ်စုရွာလို့ ခေါ်တွင်နေဟန်ရှိပါတယ်။ မြန်မာပြည်မှာလည်း ဒီလို အမည်တွင်နေတဲ့ရွာတွေ ရှိကြပါတယ်။ ငါးအိမ်စုရွာ၊ လေးအိမ်စုရွာတဲ့၊ တစ်အိမ်တဲ ရွာလို့တောင် ရှိပါသေးတယ်။ အဲဒီအမည်တွေဟာ ရွာတည်စက အမည်တွေပဲ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကာလကျတော့ တိုးပွားလာလို့ အိမ်တွေများစွာပဲ ရှိနေကြပါတယ်။ ယခုပြောခဲ့တဲ့ ပဉ္စသာလ ငါးအိမ်စု ရွာမှာလည်း အမျိုးသမီးပျို ငါးရာတောင် ရှိတယ်ဆိုတော့ အမျိုးသားပျိုတွေ ကလေးသူငယ်တွေ လူကြီး မိဘတွေပါဆိုရင် လူဦးရေဟာ ၂-ထောင်ထက်မနည်းရှိပါလိမ့်မယ်။ လူဒီလူဦးရေများသလောက် အိမ်အရေအတွက်ကလည်း ရာနှင့်ချီပြီး များစွာပဲ ရှိပါလိမ့်မယ်။

အဲဒီ ပဉ္စသာလရွာကို မြတ်စွာဘုရား ဆွမ်းခံကြွတော်မူတဲ့အခါမှာ အဲဒီရွာမှာက လူတွေဟာ မြတ်စွာဘုရားအား ဆွမ်းမလောင်းနိုင်အောင် မာရ်နတ်က အဲဒီလူတွေကို ပူးကပ်ပြီး အန္တရာယ်ပြုပါသတဲ့။ ဒါကြောင့် မြတ်စွာဘုရားဟာ ဆွမ်းတစ်ဇွန်းမျှမှမရဘဲ ဆေးမြဲအတိုင်း သပိတ်နှင့်ပဲ ရွာကပြန်ထွက်လာရတယ်။ အဲဒီအခါမှာ မာရ်နတ်က ရွာတံခါးဝကနေပြီး " အရှင်ရဟန်း ဆွမ်းရခဲ့ပါသလား" လို့ လူတစ်ယောက်အနေနှင့် မေးပါတယ်။ ဒီတော့ မြတ်စွာဘုရားက "ဟဲ့ မာရ်နတ်၊ ငါ ဆွမ်းမရအောင် သင်လုပ်ထားတာပဲ မဟုတ်လား" လို့ မိန့်တော်မူပါတယ်။ ဒါဖြင့် "အရှင်ဘုရား တစ်ခါ ထပ်ပြီ ဆွမ်းခံဝင်ပါဦး "လို့ မာရ်နတ်က ဆိုတယ်။ သူ့ရည်ရွယ်ချက်ကတော့ ဒီတစ်ခါပြန်ပြီးဆွမ်းခံဝင်ရင် လူတွေကို ပူးကပ်ပြီး မြတ်စွာဘုရားရှေ့က လက်ခုပ်တီးပြီး ရယ်ရွှင်ဖွယ် ပျက်ရယ်ပြုမယ်လို့တဲ့။

အဲဒီအချိန်မှာ မြစ်ဆိပ်က ရေချိုးပြီး ပြန်လာကြတဲ့ အမျိုးသမီးပျို ငါးရာတို့က အဲဒီရွာတံခါးကို ရောက်လာကြတယ်။ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီး သင့်လျော်တဲ့နေရာမှာ တည်နေကြတယ်။ မာရ်နတ်ကလည်း "အရှင်ဘုရား ဆွမ်းမရရင် ဆာလောင်ခြင်း ဆင်းရဲခြင်းက မနှိပ်စက်ဘူး

www.burmeseclassic.com

www.burmeseclassic.com



လား''လို့ မေးမြန်းပါတယ်။ ဒီမေးခွန်းကို အကြောင်းပြုပြီး အဲဒီရွာသူ အမျိုးသမီးပျို ငါးရာတို့အား သင့်လျော်သောတရားကို ဟောရန်အတွက်ပဲ။ ဒီရွာမှာ ဆွမ်းမရမည်ကို သိလျက်နဲ့ ဆွမ်းခံကြွတော်မူခဲ့ခြင်းဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက ''ဟဲ့ မာရ်နတ် ငါတို့ဟာ ဒီကနေ့ စားဖွယ်တစ်စုံ တစ်ခုကိုမျှ မရသော်လည်း အာဘဿရာဘုံက မဟာဗြဟ္မာကြီးတို့ကဲ့သို့ ပီတိ သုခဆိုတဲ့ ဝမ်းမြောက်မှု၊ ချမ်းသာမှုဖြင့်သာလျှင် အချိန်ကုန်စေမယ်လို့ မိန့်တော်မူပြီးတော့ အမျိုးသမီးပျို ငါးရာအတွက် ရည်ရွယ်ပြီး ဒိလိုဂါထာတစ်ပုဒ် တရားကို ဟောကြားတော်မူပါတယ်။

သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။

ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။

ယေသံနော၊ အကြွင်ငါတို့အား၊ ကိဉ္စနံ၊ လိုချင်တောင့်တမှု ရာဂ စသော ကိလေသာတည်းဟူသောကြောင့်ကြမှုသည်၊ နတ္ထိ၊ မရှိပေ၊ တေ မယံ၊ ကြောင့်ကြမှုမရှိသော ထိုငါတို့သည်။ ဝတ၊ စင်စစ်၊ သုသုခံ၊ အလွန် ချမ်းသာစွာ၊ ဇီဝါမ၊အသက်မွေးကြ အသက်ရှင်ကြပါကုန်၏။ ဒေဝါ အာဘဿရာ ယထာ၊ အာဿဘရာ မိုးဗြဟ္မာတို့ကဲ့သို့၊ ပီတိ ဘက္ခာ၊ ပီတိလျှင် အစာရှိကုန်သည်။ ဘဝိဿာမ၊ ယနေ့အဖို့မှာ ဖြစ်ကြပါကုန်တော့အံ့တဲ့။

ဆိုလိုတာကတော့ လောကမှာ လူတွေဟာ စားဝတ်နေရေးအတွက် သတ်ဖြတ် လုယက် ခိုးယူပြီးတော့၊ လိမ်လည်ပြီးတော့ စီးပွားရှာကြတာတွေ လည်းရှိတယ်။ အဲဒီလို မတရားသဖြင့်ရှာပြီး ရလာတဲ့ ပစ္စည်းဥစ္စာတွေကို အလိုရှိတိုင်း သုံးဆောင်နေကြတဲ့အတွက်''ချမ်းသာစွာ အသက်မွေး

www.burmeseclassic.com

www.burmeseclassic.com



နေကြတယ်။ ချမ်းသာစွာ အသက်ရှင်နေကြတယ်"လို့ ဒီလို ထင်မှတ်ပြောဆိုနေကြတယ်။ အမှန်ကတော့ အဲဒီလို မတရားသဖြင့် အသက်မွေးနေကြတာဟာ မကြာခင်ပဲ အပါယ်လေးပါးကျပြီး ဒုက္ခရောက်ရမှာမို့ ဆင်းရဲစွာ အသက်မွေးခြင်းသာမည်တယ်။ တရားသဖြင့် ရှာကြံပြီး အသက်မွေးတာဖြစ်စေကာမူ ကြောင့်ကြမှုကိလေသာ ရှိနေသေးရင် ချမ်းသာတဲ့ အသက်မွေးမှုအစစ်မဖြစ်သေးဘူး။ မြတ်စွာဘုရားမှာတော့ မရသေးတာကို လိုချင်တောင့်တတဲ့ ရာဂတည်းဟူသော ကြောင့်ကြခြင်းလည်း မရှိဘူး။ ရချင်တာကို မရတဲ့ အတွက် စိတ်ပျက်စိတ်ဆိုးတဲ့ ဒေါသတည်းဟူသော ကြောင့်ကြခြင်းလည်း မရှိဘူး။မကောင်းတာတွေကို အကောင်းထင်ပြီး ကြောင့်ကြပြုတတ်တဲ့ မောဟတည်းဟူသော ကြောင့်ကြခြင်းလည်းမရှိဘူး။ အဲဒီလို ကြောင့်ကြမှုကိလေသာ လုံးဝကင်းနေတဲ့ အတွက် ဆွမ်းမရလို့ လည်း စိတ်ဆင်းရဲခြင်းမရှိဘူး။ မစားရလို့လည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မရှိဘူး။ တရားနှင့်စပ်တဲ့ နှစ်သိမ့် ဝမ်းမြောက်မှု၊ ပီတိဖြင့် ချမ်းသာစွာမျှတပြီး နေနိုင်တယ်။ အဲဒီလိုနေနိုင်တဲ့ အတွက် ငါဘုရားတို့မှာ အလွန်ချမ်းသာစွာ အသက်မွေးကြ အသက်ရှင်ကြ ပါတယ်တဲ့။

ဘာကြောင့် ဒီလိုချမ်းသာစွာ မျှတနေနိုင်ပါသလဲဆိုရင် ရှေ့နားပိုင်းကပြောခဲ့တဲ့အတိုင်း လာဘ–လာဘ်ရတယ်ဆိုတာကိုရော၊ အလာဘ–လာဘ်မရဘူးဆိုတာကိုရော၊ ရတဲ့သူဆိုတာကိုရော အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမမွေမျှပဲဆိုတာကို သိပြီး ဖြစ်နေတဲ့အတွက် တောင့်တမှု၊ ကြောင့်ကြမှု၊ ကိလေသာတွေ လုံးဝကင်းနေလို့ပါပဲ။ ဒါကြောင့်–

www.burmeseclassic.com

www.burmeseclassic.com



ယေသံနော၊ အကြွင်ငါတို့အား။ ကိဥ္စိနံ၊ လိုချင်တောင့်တမှု ရာဂစသော ကိလေသာတည်းဟူသော ကြောင့်ကြမှုသည်၊ နတ္ထိ၊ မရှိပေ။ တေမယ်– ကြောင့်ကြမှုမရှိသော ထိုငါဘုရားတို့သည်။ ဝတာ–စင်စစ်၊ သုသုခံ၊ အလွန်ချမ်းသာစွာ၊ ဇီဝါမ၊ အသက်မွေးကြ အသက်ရှင်ကြပါကုန်၏လို့ မိန့်ဆိုတော်မူပါတယ်။

ဒါပေမယ့် အစာမစားရဘဲနဲ့ ချမ်းသာစွာနေလို့ ဖြစ်ပါ့မလားလို့ မေးစရာ စဉ်းစားစရာရှိပါသေးတယ်။ ဘာကြောင့်လည်းဆိုရင် ကာမဘုံက သတ္တဝါတွေမှာ အစာအာဟာရအထောက်အပံ့က အရေးကြီးပါတယ်။ ရုပ်ကိုတည်တံ့ရေးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့အကြောင်း ၄– ပါးရှိတဲ့ အနက်က ကံရှိရုံ၊ စိတ်ရှိရုံ၊ သင့်လျော်တဲ့ ဥတုရှိရုံနဲ့ အသက်မရှင်နိုင်ဘူး။ အစာအာဟာရရှိပါမှ အသက်ရှင်နေနိုင်တယ်။ ဒါကြောင့် လူတွေဟာ နေ့စဉ် ၂–ကြိမ်၊ ၃–ကြိမ်ရှာပြီး စားနေကြရတယ်။ အနည်းဆုံးတစ်နေ့ တစ်ကြိမ်တော့ ရှာပြီးစားနေကြရပါတယ်။ လူတွေသာမဟုတ်ဘူး။ ကုန်း သတ္တဝါ၊ ရေသတ္တဝါ၊ တိရစ္ဆာန်တွေလည်း နေ့စဉ်ရှာပြီး စားနေကြရတာပဲ။ စားဝတ်နေရေးဆိုတဲ့ အရေးသုံးခုထဲမှာ စားရေးက အရေးကြီးဆုံးပဲ။ အရေး ကြီးတဲ့အတွက် အစာရှာရတဲ့ အာဟာရ ပရိယေသနဒုက္ခဟာ အကြီးဆုံးပဲ။ ဒါကြောင့် သတ္တဝါတွေဟာ အစာအတွက် အမြဲမပြတ်ရှာနေကြရတယ်။ ဒီအထဲမှာ ပုရွက်ဆိတ်ဆိုတဲ့ အကောင်ကလေးတွေဟာ အကဲဆုံးပါပဲ။ သူတို့ ကိုယ်က ဘာမှကြီးတာမဟုတ်ဘဲနဲ့ သူတို့မှာ နေ့တွင်မဟုတ်ဘူး။ ညပါ တလှုပ်လှုပ် တရွရွနဲ့ ရှာနေကြတယ်။ အဲဒီလိုရှာနေကြတာဟာ မစားရရင်

www.burmeseclassic.com

www.burmeseclassic.com



မချမ်းသာနိုင်ဘူး။ စားရမှ ချမ်းသာမယ်ဆိုတာ သိပြီး ရှာနေကြရတာပဲ။ ဒီတော့ အစာမစားရဘဲနဲ့ ချမ်းသာနိုင်ပါ့မလားလို့ တွေးစရာ၊ မေးစရာရှိပါတယ်။ အဲဒီပြဿနာကို မြတ်စွာဘုရားက–

ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ–လို့ ဖြေရှင်းလိုက်ပါတယ်။ဒေဝါ အာဘဿရာ ယထာ၊ အာဘဿရာ မိုးပြဟ္မာကြီးတို့ကဲ့သို့၊ ပီတိဘက္ခာ၊ ပီတိလျှင် အစာရှိကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကြပါကုန်တော့ အံ့–တဲ့။

ပြဟ္မာတွေဆိုတာ အစာအာဟာရကို စားသောက်ခြင်းမရှိဘူး။ ဈာန်ကုသိုလ်အဟုန်ကြောင့် ဖြစ်သော ပီတိ သုခဈာန်နှင့်ယှဉ်သော ပီတိ၊ သုခဖြင့် မျှတနေကြရတယ်။ သူတို့မှာ ဆာတယ်လို့လည်း မရှိဘူး။ ပီတိ သုခဆိုတဲ့ နှစ်သိမ့်မှု၊ ချမ်းသာမှု အမြဲတမ်းပြည့်စုံနေကြတယ်။ အထူးသဖြင့် ဒုတိယဈာန်က ပီတိဟာ အကောင်းဆုံး အမြတ်ဆုံးဖြစ်တဲ့အတွက် အဲဒီ ဒုတိယဈာန်ကြောင့် ဖြစ်ကြတဲ့ ဒီဒုတိယဈာန် ပြဟ္မာတွေမှာ လွန်ကဲ့ထူးမြတ်တဲ့ ပီတိတွေ ဖြစ်တယ်။ အဲဒီ ဒုတိယဈာန် ပြဟ္မာ ၃–မျိုးထဲမှာလည်း အာဘဿရာ ဆိုတဲ့ မဟာပြဟ္မာကြီးတွေမှာ သာပြီးထူးမြတ်တဲ့ ပီတိတွေဖြစ်တယ်။ ဒါကြောင့် ဆွမ်းမစားပေမယ့် အဲဒီအာဘဿရာ ပြဟ္မာကြီးများလိုပဲ ပီတိဖြင့် မျှတပြီး နေမယ်လို့ မိန့်ဆိုတော်မူပါတယ်။

ဝမ်းမြောက်တဲ့ ပီတိဖြစ်နေရုံမျှဖြင့် အစာမစားဘဲနေနိုင်တယ်ဆိုတာကတော့ လောကဘက်ကရော တရားဘက်ကရော ထင်ရှားပါတယ်။ တစ်ချို့လူတွေမှာ အင်မတန်ခဲယဉ်းတဲ့ အလုပ်ကိစ္စ အကြံအစည် အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာတာနဲ့ ထမင်းစားချင်စိတ်မရှိဘဲ မစားနိုင် မအိပ်နိုင်ဘဲ ဖြစ်နေတာတွေ ရှိနေကြပါတယ်။ တစ်ချို့ ကုသိုလ်ရေးနှင့် စပ်ပြီး ဝမ်းမြောက်ဝမ်းသာနေတာနဲ့ ထမင်းတစ်နပ် နှစ်နပ်လောက်တော့ မစားဘဲနေနိုင်တာ ရှိကြပါတယ်။ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာလဲ သမာဓိအား ဉာဏ်အားကောင်းတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်တရားကိုယ် ရှုမှတ် နှလုံးသွင်းနေရင်း ၁–ရက်၊ ၂–ရက် ကြာအောင် မစားမသောက်ဘဲ ကျင်ကြီး ကျင်ငယ်တောင် အစွန့်ရဘဲ တစ်ထိုင်တည်းနဲ့ နေနိုင်ကြတာရှိပါတယ်။ မြတ်စွာ ဘုရားမှာတော့ ဖလသမာပတ်ကိုဖြစ်စေ၊ နိရောဓသမာပတ်ကိုဖြစ်စေ၊ ဝင်ရောက်နေမယ်ဆိုရင် ခုနစ်ရက်ပတ်လုံးတောင် နေတော်မူနိုင်ပါတယ်။ ဈာန်သမာပတ်နဲ့လည်း နေနိုင်ပါတယ်။ တစ်ရက်လောက်ကတော့ ဝိပဿနာ ရှုပြီးတော့လည်း နေနိုင်ပါတယ်။ အဲဒီ ဝိပဿနာပီတိ ဈာန်ပီတိ ဖိုလ်ပီတိတွေနဲ့ နေနိုင်တာကို ရည်ပြီးတော့ "ပီတိဘက္ခာ၊ ပီတိလျှင် အစာရှိကုန်သည်၊ ဘဝိဿာမ၊ ဒီကနေ့အဖို့မှာ ဖြစ်ကြပါကုန်မည်"လို့ မိန့်တော်မူပါတယ်။

ဒီဂါထာဟာ မာရ်နတ်ရဲ့ အမေးကိုဖြေတဲ့ ဂါထာပါပဲ။ ဒါပေမယ့် အဲဒီအခါတုန်းက ပဉ္စသာလရွာသူ အမျိုးသမီးငါးရာက အနီးအပါးမှာလက် အုပ်ချီပြီး တရားနာနေကြတယ်။ အဲဒီ အမျိုးသမီးငါးရာအတွက် ရည်ရွယ် ပြီး ဟောတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအမျိုးသမီးငါးရာဟာ အဲဒီတရားဂါထာကို ကြားနာရင်း သောတာပန် ဖြစ်သွားကြပါသတဲ့။

ဒီဂါထာကို ကြားနာရုံနဲ့ ဘယ်ပုံဘယ်နည်းဖြင့် သောတာပန်ဖြစ် ကြသလဲဆိုရင် အဲဒီ အမျိုးသမီး ငါးရာဟာ ကုသိုလ်ထူးပါရမီထူးရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတွေပါ။ ဒါကြောင့် သူတို့ဟာ ဘုရားကိုယ်တော်တိုင်ကိုလည်း ဖူးမြော်ကြရတယ်။ ဘုရားကိုယ်တော်တိုင်ဟောတဲ့ တရားကိုလည်း နာကြရတယ်။ ဘုရားကိုယ်တော်တိုင်ကို ဖူးမြော်ကြရတဲ့အတွက် သူတို့မှာ ပီတိတွေ ဖြစ်နေတယ်။ တရားကို နာရတဲ့အတွက်လည်း ပီတိတွေ ဖြစ်နေတယ်။ အထူးအားဖြင့်တော့ မြတ်စွာဘုရားမှာ ကြောင်းကြမှုကိလေသာကင်းနေတဲ့အတွက် ချမ်းသာစွာ နေရတယ်ဆိုတာရယ်၊ ဆွမ်းမစားရပေမယ့် ပီတိနဲ့ပဲ မျှတနေမယ်ဆိုတာရယ် ဒီတရားစကားတွေကို ကြားရတဲ့အခါ အလွန်ကြည်ညိုပြီး ပီတိတွေ ထက်သန်စွာဖြစ်တယ်။ အဲဒီပီတိတွေကို ရှုမိကြသဖြင့် ကုန်ခြင်းပျက်ခြင်းသဘော ထင်မြင်ပြီးတော့ ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်ပြီး သောတာပတ္တိမဂ်ဖိုလ်ကို ရောက်သွားကြတယ်လို့ ယူရပါမယ်။

ယခုတရားနာနေကြတဲ့ ဒကာ ဒကာမတွေလည်း ဒီပုံဒီနည်းအရ ဖြစ်နိုင်ပါတယ်။ အဲဒီ ပဉ္စသာလရွာမှာ မြတ်စွာဘုရားဆွမ်းခံကြွနေတဲ့ပုံကိုလည်း ဆင်ခြင်ကြည့်ပါ၊ ရွာမှအထွက် တံခါးပေါက်အနီးမှာ မာရ်နတ်ကမေးနေပုံနဲ့ အမျိုးသမီးငါးရာက ရှိသေစွာရှိခိုးပြီး တရားနာနေပုံကိုလည်း ဆင်ခြင်ကြည့်ပါ။ အဲဒီအခါမှာ မြတ်စွာဘုရားက ရပ်တော်မူရင်း တရားဟောတော်မူပုံကိုလည်း ဆင်ခြင်ကြည့်ပါ။

သုသုခံ ဝတ ဇီဝါမ၊ ယေသံနော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။

ယေသံနော၊ အကြင်ငါတို့ကား၊ ကိဉ္စနံ၊ လိုချင်တောင့်တမှု ရာဂစသော ကိလေသာတည်းဟူသော ကြောင့်ကြမှုသည်။ နတ္ထိ၊ မရှိပေ၊ တေ မယံ–

www.burmeseclassic.com



ကြောင့်ကြမှုမရှိသော ထိုငါဘုရားတို့သည်၊ ဝတ၊ စင်စစ်၊ သုသုခံ၊ အလွန် ချမ်းသာစွာ။ ဇီဝါမ၊ အသက်မွေးကြ အသက်ရှင်ကြပါကုန်၏။( ဟုတ်တယ်၊ တောင့်တမှု၊ ကြောင့်ကြမှုရှိနေရင် ဘယ်လို ပြည့်စုံနေပေမယ့် ဆင်းရဲနေတာပဲ။ တောင့်တမှု၊ ကြောင့်ကြမှုမရှိရင် ရသမျှနဲ့ ဖြစ်သမျှနဲ့ ရောင့်ရဲပြီး ချမ်းသာ နေတာပဲ။ ဒါကြောင့်) တေ မယံ၊ ကြောင့်ကြမှုမရှိသော ထိုငါဘုရားတို့သည်။ ဝတ၊ စင်စစ်ကေန် အမှန်အားဖြင့်၊ သုသုခံ၊ အလွန်ချမ်းသာစွာ၊ ဇီဝါမ၊ အသက်မွေးကြ အသက်ရှင်ကြပါကုန်၏။ ဒေဝါ အာဘဿရာ ယထာ၊ အာဘဿရာ မိုးပြဟ္မာတို့ကဲ့သို့၊ ပီတိဘက္ခာ၊ ဆွမ်းမရပြားသော်လည်း ပီတိလျှင် အစာရှိကုန်သည်။ ဝါ၊ ဈာန်ပီတိ၊ ဝိပဿနာပီတိ၊ အရဟတ္တဖိုလ် ပီတိတို့ဖြင့် မွေ့လျော်ကုန်သည်။ ဘဝိဿာမ၊ ယနေ့အဖို့မှာ ဖြစ်ကြကုန်အံ့ သတည်း။

ယခုတရားနာနေရင်းလည်း ပီတိဖြစ်နိုင်ပါတယ်။ အဲဒီလို ပီတိကို ရှုမှတ်လိုက်ရင် ခယတော ဝယတော–ဆိုတဲ့အတိုင်း ကုန်သွားတယ်၊ ပျောက် သွားတယ်လို့ သိမြင်နိုင်ပါတယ်။ အဲဒါဟာ ဝိပဿနာဉာဏ်ပဲ။ အဲဒီလိုသိရင်း ပါရမီထူးတဲ့သူမှာ မဂ်ဖိုလ်သို့ ရောက်နိုင်ပါတယ်။

## မိလိန္ဒ၏အမေး

အဲဒီတုန်းက ပဉ္စသာလရွာမှာ မြတ်စွာဘုရားဆွမ်းမရတာကို အကြောင်း ပြုပြီးတော့ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကို ဒီလိုမေးမြန်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားဟာ လာဘ်လာဘ အလှူ့ပေါ်များတယ်။ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတွေကို အလှူများစွာရတယ်လို့လည်း အရှင်ဘုရားတို့ ပြောဆိုကြပါတယ်။ နောက်ပြီးတော့ ပဉ္စသာလရွာမှာ ဆွမ်းခံကြွတဲ့အခါ မြတ်စွာဘုရားဟာ ဆွမ်းတစ်ဇွန်းမျှမှမရဘူးလို့လည်း အရှင်ဘုရားတို့ပဲပြောဆိုကြပါတယ်။ အဲဒီစကားနှစ်ခွန်းဟာ ရှေ့နောက်မညီပါ။ လာဘ်လာဘအလှူ ပေါ်များတယ်ဆိုရင် ဆွမ်းတစ်ဇွန်းမျှမှမရဘူး ဆိုရင်လည်း လာဘ်လာဘအလှူဆိုရင် ဆွမ်းတစ်ဇွန်းမျှမှမရဘူးဆိုတာမဖြစ်သင့်ဘူး။ ပဉ္စသာလရွာမှာဆွမ်းခံတာ ဆွမ်းတစ်ဇွန်းမျှမရဘူးဆိုရင်လည်း လာဘ်လာဘအလှူပေါ်များတယ်ဆိုတာ မဖြစ်သင့်ဘူး။ ဒီလိုအစွန်း၂-ခုထွက်နေတဲ့ ပြဿနာကို အရှင်နာဂသိန် ရှင်းလင်းဖြေကြားတော်မူပါလို့ မေးလျှောက်ပါတယ်။

## အရှင်နာဂသိန်၏ အဖြေ

မိလိန္ဒမင်းကြီး မြတ်စွာဘုရားမှာ လာဘ်လာဘ အလှူဖပေါ်များတယ်ဆိုတာ မှန်ပါတယ်။ ပဉ္စသာလရွာမှာ ဆွမ်းတစ်ဇွန်းမျှမှ မရဘူးဆိုတာလည်း မှန်ပါတယ်။ ဒါပေမယ့် အဲဒီပဉ္စသာလရွာမှာ ဆွမ်းမရတာနဲ့ လာဘ်လာဘမရဘူး၊ ရှားပါးတယ်လို့တော့ မဆိုသင့်ဘူး။ ဥပမာအားဖြင့် စကြာဝတေးမင်းကြီးထံ တောရွာကလူတစ်ယောက် လက်ဆောင်ဆက်သဖို့ လာတယ်ဆိုပါတော့၊ ပျားရည်ဖြစ်စေ၊ ပျားလဘို့ဖြစ်စေ ဆက်သဖို့လာတဲ့အခါ တံခါးစောင့်က ဝင်ခွင့်မပေးဘဲ ဟန့်တားထားတယ်။ "ဟေ့အကောင်၊ ပြန်သွား ဒီအချိန်ဟာ မင်းမြတ်ကို တွေ့ခွင့်ပြုတဲ့ အချိန်မဟုတ်ဘူး။ ပြန်သွား

www.burmeseclassic.com



ပြန်မသွားရင် မင်းဒဏ်ခတ်မယ်''လို့ ခြိမ်းခြောက်ပြီး ဟန့်တားတယ်။ အဲဒီတော့ တောရွာသားက ကြောက်တာနဲ့ ပြန်သွားရရှာတယ်။ သူယူလာခဲ့တဲ့ လက်ဆောင်ကို မင်းထံ မဆက်သရတော့ဘူး။ အဲဒီလို မဆက်သရတာ ဘာကြောင့်လဲ၊ တံခါးစောင့်က ဟန့်တားနှောင့်ယှက်လို့ မဟုတ်ပါလား။ အဲဒီတောရွာသား၏ လက်ဆောင်ပဏ္ဏာကိုမရတဲ့အတွက် အဲဒီစကြာဝတေး မင်းကို ဘုန်းကံနည်းတယ်။ လာဘ်လာဘနည်းတယ်လို့ ဆိုသင့်ပါ့မလား။ မဆိုသင့်ပါဘုရား။

အဲဒီလိုပဲ မြတ်စွာဘုရားမှာတော့ လာဘ်လာဘတွေ အလွန်ပေါများ ပါတယ်။ ဒါပေမယ့် ပဉ္စသာလရွာမှာဆွမ်းခံစဉ်အခါကတော့ အဲဒီတံခါးစောင့်နဲ့ တူတဲ့မာရ်နတ်က နှောက်ယှက်ထားလို့ ဆွမ်းမရဘဲ ဖြစ်သွားပါတယ်။ အဲဒီရွာက ဆွမ်းကိုမရတာ အကြောင်းပြုပြီးတော့ မြတ်စွာဘုရားမှာ လာဘ်လာဘမများ ရှားပါးတယ်လို့တော့ မဆိုသင့်ပါဘူး။ အဲဒီတစ်ရက်မှတပါး ၄၅–ဝါအတွင်း ရက်ပေါင်းတစ်သောင်း ခြောက်ထောင်လေးရာကျော်မှာ နေ့စဉ်နေ့တိုင်း လာဘ်လာဘပေါများတာကိုသာ အကြောင်းပြုပြီးတော့ မြတ်စွာဘုရားမှာ လာဘ်လာဘအလွန်ပေါများတယ်လို့သာ ဆိုသင့်ကြောင်း အရှင်နာဂသိန်က ရှင်းလင်းဖြေကြားတော်မူပါတယ်။

အဲဒီမှာ ဆင်ခြင်ဖို့ကတော့ မြတ်စွာဘုရားမှာ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကာလပတ်လုံး ဖြည့်ဆည်းဖူးတော်မူခဲ့တဲ့ ဒါနစသော ပါရမီတော် တွေကြောင့် အတိုင်းမသိ အလွန့်အလွန်လာဘ်လာဘ ပေါများတော်မူပါတယ်။ ဒါပေမယ့် မာရ်နတ်၏ နှောင့်ယှက်မှုကြောင့် ပဉ္စသာလရွာမှာ ဆွမ်းတစ်နပ်မျှ

www.burmeseclassic.com

www.burmeseclassic.com



မှမရတဲ့ အလာဘဆိုတဲ့ လောကဓံတရားနဲ့ တွေ့ရချေသေးတယ်။ ငါတို့လို သာမန်လူသားတွေမှာ "မရခြင်း ရပြီးသားတွေ ဆုံးပါးပျက်စီးခြင်း"ဆိုတဲ့ အလာဘ လောကဓံနဲ့ ဘယ်မှာမတွေ့ရဘဲရှိမလဲ၊ တွေ့ရပေလိမ့်မယ်။ ဒီလို တွေ့ရပေမယ့် မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို ယုံကြည်၍ မြတ်စွာဘုရားကို ပူဇော်သောအားဖြင့် မြတ်စွာဘုရားလိုပင် စိတ်မပျက်ဘဲ စိတ်မညစ်ဘဲ သည်းခံနေမယ်လို့ ဒီလို နှလုံးသွင်း ဆင်ခြင်သင့်ပါတယ်။ အဲဒီလို ဆင်ခြင်ရင် လုံးဝမကင်းတောင် စိတ်ဆင်းရဲမှု သက်သာခွင့်တော့ ရပါလိမ့်မယ်။

## မှယောဆွမ်းတော် ဘုဉ်းပေးရတယ်

နောက်တစ်ခုဆင်ခြင်စရာကတော့ မြတ်စွာဘုရားဟာ ဘုရားဖြစ်တော်မူပြီးတဲ့နောက် ၁၂-ဝါမြောက်မှာ အိန္ဒိယပြည်အနောက်ပိုင်းမှာရှိတဲ့ ဝေရဉ္ဇာမြို့ကို ကြွတော်မူပါတယ်။ ဝေရဉ္ဇာမြို့အနီး နဠေရုတမာပင်ကြီးအောက်မှာ သီတင်းသုံးနေတော်မူပါတယ်။ နဠေရုဆိုတာ အဲဒီ တမာပင်ကြီးကို သိမ်းပိုက်ထားတဲ့ ဘီလူးရဲ့ အမည်လို့ဆိုပါတယ်။ မြန်မာပြည်တောရွာတွေမှာ ဘာအရှင်ကြီးသစ်ပင် ညာအရှင်ကြီးသစ်ပင် စသည်ဖြင့် ခေါ်တာမျိုးဖြစ်မှာပေါ့။ ဒါကြောင့် အဲဒီတမာပင်ကြီးကိုလည်း နဠေရုအရှင်ကြီးပင်လို့ ဆိုရမှာပဲ။ မြတ်စွာဘုရားနှင့် အတူပါလာတဲ့ သံဃာတော်ကလည်း ရဟန်းတော်ငါးရာ အရေအတွက်ရှိပါတယ်။

အဲဒီအခါမှာ ဝေရဉ္ဇာမြို့သား ပုဏ္ဏားကြီးတစ်ယောက်က မြတ်စွာဘုရားထံရောက်လာပြီး အရွယ်ကြီးသူတွေကို အရှိအသေမပြုတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားကို စွပ်စွဲ အပြစ်တင်ပါတယ်၊ မြတ်စွာဘုရားက သူစွပ်စွဲ သမျှတွေကို ဖြေရှင်းပြီးတော့ သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်။ အဲဒီတရားကို ဖြေရှင်းပြီးတော့ သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်။ အဲဒီတရားကိုနာရတဲ့အခါ ဝေရဉ္စာပုဏ္ဏားဟာ သောတာပန်ဖြစ်ပြီးတော့ ဝေရဉ္စာမြို့မှာ ဝါကပ်ဖို့ မြတ်စွာဘုရားကို လျှောက်ထားတောင်းပန်တယ်။ ဒါကြောင့် မြတ်စွာဘုရားဟာ တပည့်ရဟန်းတော်ငါးရာနှင့်တကွ အဲဒီမှာပဲ ဝါကပ်သီတင်းသုံးတော်မူပါတယ်။

ဝေရဉ္စာပုဏ္ဏားကြီးက ဝါကပ်ဖို့လျှောက်ပေမယ့် ကျောင်းဆောက် လှူတာလည်း မဟုတ်ဘူး။ ဒါကြောင့် အဲဒီနဠေရုအရှင်ကြီး တမာပင်ကြီး အောက်မှာပဲ မြတ်စွာဘုရားသီတင်းသုံးတော်မူရတယ်။ တပည့်ရဟန်းတော် တွေလည်း အဲဒီအနီးအပါးက သင့်လျော်တဲ့ သစ်ပင်တွေအောက်မှာ သီတင်း သုံးတော်မူကြရပါလိမ့်မယ်။ အဲဒီအရပ်မှာ တမာပင်ကြီးတွေကပေါတယ်လို့ ဆိုပါတယ်။ ဒါကြောင့် တမာပင်ကြီးတွေအောက်မှာလည်း ဖြစ်စရာအကြောင်း ရှိပါတယ်။ ဒါပေမယ့် အဲဒီနှစ်က မိုးခေါင်လို့ အဲဒီအရပ်မှာ ဒုဗ္ဘိက္ခဘေး သင့်နေပါတယ်။ ဒါကြောင့် မိုးစိုမှာတော့ စိုးရိမ်စရာရှိဟန် မတူပါဘူး။

အဲဒီလို ဝေရဉ္စာပုဏ္ဏားကြီးက လျှောက်လို့ မြတ်စွာဘုရားက လက်ခံပြီး ဝါကပ်သီတင်းသုံးနေတော်မူတဲ့အခါမှာလည်း မာရ်နတ်က ဝေရဉ္စာမြို့နှင့်တကွ ပတ်ဝန်းကျင်မှာ ဆွမ်းခံသွားနိုင်ပြန်နိုင်လောက်တဲ့ တစ်ယူဇနာရှိတဲ့အရပ်မှာ ဘုရားမှန်း ရဟန်းသံဃာမှန်းမသိအောင် လှည့်စားဖြားယောင်းထားပါသတဲ့။ နောက်ပြီးတော့ အဲဒီအရပ်မှာ အစာရှားပါးတဲ့ ဒုဗ္ဘိက္ခကပ်ဆိုးနဲ့လည်း ကြုံနေ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ သလာကာဝုတ္တာ စာရေးတံဖြင့် အသက်မွေးရတယ် လို့ဆိုပါတယ်။ ယခုကာလ ရာရှင်စနစ်မျိုးဖြင့် ပစ္စည်းဖြန့်ဖြူးပြီး ကန့်သတ်ထားသလောက်သာ ဝယ်ယူပြီး သုံးဆောင်ရတာကို ဆိုလိုပါတယ်။ ဟိုတုန်းက သယ်ယူပို့ဆောင်ရေး တွေက မပြည့်စုံတဲ့အတွက် ဒီလို ဒုဗ္ဘိက္ခကပ်ဆိုးနဲ့ တွေ့ရဟန်တူပါတယ်။ အိန္ဒိယနိုင်ငံထဲမှာပင် အခြားမြို့တွေမှာတော့ အဲဒီတုန်းက ဒီလိုရှားပါးဟန် မတူပါဘူး။

အဲဒီလိုအစာရှားပါးတဲ့ ဒုဗ္ဘိက္ခကပ်ဆိုးနဲ့ ကြုံနေတဲ့အခါမှာ မာရ်နတ်ကလည်း လှည့်စားထားတဲ့အတွက် ရဟန်းတော်တွေ ဆွမ်းခံကြွတဲ့အခါ ဆွမ်းလောင်းမည့်သူမရှိလို့ ဆွမ်းမရဘဲနဲ့မြို့မှ ပြန်ထွက်လာကြရပါသတဲ့။ အဲဒီအခါမှာ ဥတ္တရာပထအရပ်က ကသ္မီရ ဂန္ဓာရဆိုတဲ့ အိန္ဒိယမြောက်ပိုင်း ဥတ္တရာပထအရပ်က မြင်းကုန်သည်ငါးရာကလည်း အဲဒီမြို့ရောက်လာကြတယ်။ လူတွေမှာ အစာရှားတဲ့ ဒုဗ္ဘိက္ခကပ်ဆိုက်နေတဲ့အခါ မြင်းကိုဝယ်မည့်သူကလည်း မရှိဘူး။ မိုးရာသီမှာ သူတို့နေရပ်ကိုလည်း ပြန်လို့မဖြစ်ဘူး။ ဒါကြောင့် အဲဒီမြင်းကုန်သည်တွေကလည်း အဲဒီဝေရဉ္ဇာမြို့မှာပဲ စခန်းချပြီး မိုးခိုနေကြတယ်။ အဲဒီမြင်းကုန်သည်တွေက ရဟန်းတော်တွေ ဆွမ်းမရကြတာကို မြင်တွေ့ကြရတဲ့အတွက် ဆွမ်းလှူဖို့ရာ စေတနာဖြစ်လာကြတယ်။ ဒါပေမယ့် သူတို့မှာ ရပ်ဝေးက ဧည့်သည်တွေဖြစ်ကြတဲ့အတွက် နေ့စဉ်ဆွမ်းလှူဖို့ရာတော့လည်း မတတ်နိုင်ကြဘူး။ သူတို့မှာမြင်းစာရှားတဲ့အခါ မြင်းကျွေးဖို့ ပုလကလို့ ခေါ်တဲ့ ဂျုံဆန်တွေပါလာကြတယ်။ ပုလကဆိုတာ ယဝခေါ် အခွံကြမ်းပါတဲ့ ဂျုံကိုအခွံချွံပြီး ပြုတ်ဆန်များ ပြုလုပ်ပေါင်းသင်ထားတဲ့ ဂျုံဆန်ပင်ဖြစ်ပါတယ်။ အဲဒီပြုတ်ထားတဲ့ ဂျုံဆန်ကို အိန္ဒိယမှာ ခရီးရိက္ခာအဖြစ် ဆောင်ယူလေ့ရှိကြပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရှေးဆရာများကတော့ အဲဒီ ယဝနှင့် ပုလကာပုဒ်များကို မုယောစပါးလို့ ဘာသာပြန်ခဲ့ကြပါတယ်။ အဲဒီမုယောဆိုတာကိုလည်း ဂျုံဆန်လို့ မှတ်ယူရပါတယ်။ ဒါကြောင့် အဲဒီ မြင်းကုန်သည်တွေက မြင်းငါးရာကို နံနက်တစ်စလယ်၊ ညနေတစ်စလယ်၊ မုယောဆန် ဂျုံဆန်တွေကျွေးနေတာထဲက မြင်းတွေကို တစ်နေ့ တစ်ကြိမ်သာ ကျွေးမယ်။ ကျန်တစ်ကြိမ်အတွက် မုယောဆန်တွေကို ရဟန်းတော်များအား လှူမယ်လို့ကြပြီး ရဟန်းတော်များ သူတို့တည်းခိုရာမြင်းဝင်းစခန်းသို့ နေ့စဉ်ဆွမ်းခံကြွရန် ပင့်လျှောက်ပြီး တစ်ပါးတစ်ပါးကို မုယောခေါ်တဲ့ ဂျုံဆန် တစ်စလယ်စီ လောင်းလှူကြပါတယ်။ သူတို့ကလည်း ညှိသည်တွေဆိုတော့ ချက်ပြုတ်ပြုပြင်ပြီး ကပ်ဖို့ရာ မတတ်နိုင်ကြပေဘူး။ ဒါကြောင့် အရှင်ဘုရားတို့ သင့်လျော်သလိုလုပ်ပြီး ဘုဉ်းပေးကြပါတော့လို့ဆိုတဲ့ သဘောမျိုးနဲ့ လှူလိုက် ကြဟန်တူပါတယ်။

ပိုးမထိုးရအောင် ပြုတ်ပြီးပေါင်းတင်ပြီးသား ပြုတ်ဆန်တွေဆိုတော့ ထောင်းထုပြီး ရေနှင့်ဆွတ်ပြီး စားနိုင်ပါတယ်။ ဒါကြောင့် ရဟန်းတော်တွေလည်း ရှစ်ပါးစီ၊ ဆယ်ပါးစီ၊ တစ်ဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး ဆုံနှင့်ထောင်းကြရတယ်။ ထောင်းပြီးတော့ ရေနှင့်နှူးပြီး ဘုဉ်းပေးတော်မူကြရပါတယ်တဲ့။ မြတ်စွာဘုရားအတွက်ကတော့ မြင်းကုန်သည်တွေက မုယောဆန်တစ်စလယ်ရော အဲဒါနဲ့ ရောစားဖို့ သင့်လျော်လောက်တဲ့ ထောပတ် ပျားသကာရော လှူကြပါတယ်။ အဲဒီ မုယောဆန်ကို အရှင်အာနန္ဒာက ကျောက်ပြင်မှာ ကြိတ်ချေပြီးတော့ ထောပတ် စသည်နှင့် သင့်လျော်အောင် ရောစပ်ပြီး မြတ်စွာဘုရားအား ကပ်ပါတယ်။ အဲဒီမှာ နတ်တွေက နတ်ဩဇာကိုလည်း ထည့်ပေးတယ်လို့

www.burmeseclassic.com



ဆိုပါတယ်။ အဲဒီမှယောဆွမ်းကို ဘုဉ်းပေးတော်မူပြီးတော့ မြတ်စွာဘုရားဟာ နေ့ရတမာ ပင်ကြီးအောက်မှာ ဖလသမာပတ်ဝင်စားလျက် အချိန်ကုန်စေပါတယ်တဲ့။ ရဟန်းတွေလည်း အရှင်အာနန္ဒာမှ တစ်ပါးဆိုရင် ရဟန္တာပုဂ္ဂိုလ်တွေချည်းပါပဲ။ အရှင်အာနန္ဒာကတော့ အများသိပြီး ဖြစ်တဲ့အတိုင်း အဲဒီတုန်းက သောတာပန်မျှပဲ ဖြစ်နေသေးတယ်။ ဒီတော့ အားလုံး အရိယာအရှင်မြတ်တွေချည်းပါပဲ။ ဒါကြောင့် အဲဒီရဟန်းတော်ငါးရာလည်း အဲဒီမှယောဆွမ်းကို ဘုဉ်းပေးပြီး သစ်ပင်တွေအောက်မှာ ဖလသမာပတ် ဝင်စားနေကြပေလိမ့်မယ်။ အဲဒီ တစ်ဝါ တွင်းလုံး ဒီပုံဒီနည်းဖြင့် သံဃာတော်ငါးရာနှင့်တကွ မြတ်စွာဘုရား သီတင်းသုံး နေတော်မူပုံကို မျှော်တွေးဆင်ခြင်ပြီးကြည့်လိုက်ရင် သိပ်ပြီးကြည်ညိုစရာ ကောင်းတာပါပဲ။

ဒီနေရာမှာ သာမန်ပုဂ္ဂိုလ်အနေနဲ့ စဉ်းစားကြည့်ရင် ကျေနပ်စရာ မကောင်းတာကတော့ မြတ်စွာဘုရားမှာ ဘဝပေါင်းများစွာ ကမ္ဘာပေါင်း များစွာက ဖြည့်ဆည်းပူးခဲ့တဲ့ ဒါနအစရှိသော ပါရမီတော်တွေ ဘုန်းကံတော်တွေ အနန္တတွေရှိနေပါလျက်နဲ့ ဘာကြောင့် ဒါလောက် ယုတ်ညံ့တဲ့ မှယော ဆွမ်းကို ဘုဉ်းပေးတော်မူရပါသလဲ၊ သံဃာတော်ငါးရာကလည်း အရိယာတွေ ရဟန္တာအရှင်မြတ်တွေဖြစ်နေပါလျက် ဘာကြောင့် ဒီလိုမှယောဆွမ်းကို ဘုဉ်းပေး တော်မူကြရသလဲဆိုတာ ကျေနပ်စရာမကောင်းဘူး၊ အဲဒါ ဘာကြောင့်လည်းလို့ မေးစရာရှိပါတယ်။ အဖြေကတော့ လောကဓံတရားမို့ မရှောင်မလွှဲသာလို့ တွေ့ရတယ်ဆိုရင်လည်း တိုတိုနဲ့ပြေလည်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီလိုတဲ့ လောကဓံနဲ့ ဘာကြောင့် တွေ့ရသလဲလို့လည်း ဆက်ပြီးမေးစရာရှိ တာပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒါကိုတော့ ပါဠိ အဋ္ဌကထာတွေမှာ တိုက်ရိုက်ဖြေထားပြီး ရှိပါတယ်။ အဲဒါက ဘယ်လိုလည်းဆိုလျှင် အပါဒါန်ပါဠိတော်မှာ ဒီလိုဟောထားပါတယ်။

ဖုဿဿာဟံ ပါဝစနေ၊ သာဝကေ ပရိဘာသယိံ။
ယဝံ ခါဒထ ဘုဉ္ဇထ၊ မာစ ဘုဉ္ဇထ သာလယော။
တေန ကမ္မဝိပါကေန၊ တေမာသံ ခါဒိတံ ယဝံ။
နိမန္တိတော ဗြဟ္မဏေန၊ ဝေရဉ္ဇာယံ ဝသိံ တဒါ။

(အပ၊ ပ၊ ၃၄၉)

အဟံ၊ ငါသည်။ ဖုဿဿ ပါဝစနေ၊ ဖုဿမြတ်စွာဘုရား၏ သာသနာတော်၌။ သာဝကေ၊ တပည့်သာဝကတို့ကို။ ယဝံ ခါဒထ ဘုဉ္ဇထ၊ မုယောဆွမ်းကို ခဲကြစားကြကုန်လော့။ မာစ ဘုဉ္ဇထ သာလယော၊ သလေးဆွမ်းတို့ကို မစားကြကုန်လင့်ဟူ၍။ ပရိဘာသယံ၊ ကြိမ်းမောင်းဆဲဆိုမိလေပြီ။

တေန ကမ္မဝိပါကေန၊ ထိုဆဲဆိုမှု ဝစီကံ၏ အကျိုးအားဖြင့် ဗြဟ္မဏေန နိမန္တိတော၊ ဝေရဉ္ဇာပုဏ္ဏားက ပင့်လျှောက်အပ်သည်ဖြစ်၍။ ဝေရဉ္ဇာယံ ဝသိံ၊ ဒုန္တိက္ခကပ်ဆိုက်နေသော ဝေရဉ္ဇာမြို့၌ ဝါကပ်၍နေခဲ့ပြီ။ တဒါ၊ ထိုသို့နေစဉ် အခါ၌။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ ယဝံ၊ မုယောဆွမ်းကို။ ခါဒိတံ၊ ဘုဉ်းပေးသုံးဆောင်ရခဲ့လေပြီတဲ့။

ဖုဿမြတ်စွာဘုရားရဲ့ တပည့်သာဝက ရဟန်းတော်တွေကို "သလေးဆွမ်းမစားကြနဲ့ မုယောဆွမ်းစားကြ"လို့ ကြိမ်းမောင်းဆဲရေးခဲ့တဲ့ ဝစီကံကြောင့် ဝေရဉ္ဇာမြို့မှာ ဝါကပ်စဉ် မုယောဆွမ်းကို ဘုဉ်းပေးတော်မူရတယ်လို့ ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ♦

ဝိနည်းအဋ္ဌကထာပြဆိုထားပုံကတော့ အဲဒီ ၁၂-ဝါမြောက်မှာ အဲဒီအကုသိုလ်ကံကြောင့် မာရ်နတ်က လှည့်စားဖို့ အခွင့်ရတဲ့အတွက် ခုနက ပြောခဲ့တဲ့အတိုင်း မာရ်နတ်က ဝေရဉ္ဇာတစ်မြို့လုံးနှင့်တကွ ပတ်ဝန်းကျင် တစ်ယူဇနာအရပ်ရှိ လူအားလုံးကို ရှိသေမှု၊ လှူဒါန်းမှုမပြုနိုင်အောင် လှည့်စားဖြားယောင်းထားသောကြောင့် အဲဒီအရပ်ရှိ လူတွေက ဆွမ်းမလှူကြဘဲဖြစ်နေရာမှာ မာရ်နတ်လှည့်စားပြီးတဲ့နောက်မှ ရောက်လာတဲ့ မြင်းကုန်သည်တွေက တစ်ပါးတစ်ပါးလျှင် မုယောဆန်တစ်စလယ်စီ ဖိတ်မာန် ဝတ်တည်ထားတဲ့အတွက် အဲဒီမုယောဆွမ်းကိုသာ သင့်လျော်သလို ပြုပြင်ပြီး သုံးဆောင်ရကြောင်း ပြဆိုထားပါတယ်။

---

♦ ဤနေရာ၌ စဉ်းစားဖွယ်ရှိ၏။ ဇာတ်တော်၌ ဖုဿ မြတ်စွာဘုရားသည် လွန်ခဲ့သော ၉၂-ကမ္ဘာထက်က ပွင့်တော်မူခဲ့ကြောင်း ထိုစဉ်အခါက ငါတို့မြတ်စွာဘုရားအလောင်းတော်သည် ဝိဓိတာဝီမည်သော မင်းဖြစ်၍ ရဟန်းပြုကာ တရားကျင့်သုံးပြီးလျှင် ဈာန်အဘိညာဉ်ရ၍ ဗြဟ္မာ ပြည်သို့လားကြောင်း ပြဆိုလျက်ရှိ၏။ ထိုပြဆိုချက်အရအားဖြင့် ဝိဓိတာဝီမင်းသည် ဖုဿမြတ်စွာဘုရား၏ သာသနာတော်ကို မကြည်ညိုမီက ကြိမ်းမောင်းဆဲဆိုခဲ့လေသလောဟု ယူဆဖွယ်ရှိ၏။ အပါဒါန်အဋ္ဌကထာ၌မူ ဘုရားအလောင်းတော်သည် ထိုဘုရားလက်ထက်က အညတရ တစ်ခုသောအမျိုး၌ ဖြစ်၍ ရဟန်းတော်များကို ထိုကဲ့သို့ပြစ်မှားပြောဆိုခဲ့သည်ဟု ပြဆိုထား၏။ ထိုကြောင့် အညတရ တစ်ခုသောအမျိုး၌ဖြစ်ခြင်းသည် ဝိဓိတာဝီမင်း မဖြစ်မီက ဖြစ်သည်ဟု ယူရန်လည်း မသင့်။ ဝိဓိတာဝီမင်းက ရဟန်းပြု၍ ဗြဟ္မာပြည်သို့လားသည်ဟု ဇာတ်တော်၌ ဆိုထားသောကြောင့် ဝိဓိတာဝီမင်းဘဝမှ နောက်ကာလ၌ ဖြစ်သည်ဟု ယူရန်လည်း မလျော်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုရင် မာရ်နတ်မလှည့်စားရသေးတဲ့ အခြားမြို့တွေမှာ သွားပြီး ဝါကပ်ရလို့ရှိရင် မသင့်တော်ပေဘူးလားလို့ ဒီလိုလည်း စဉ်းစား စရာရှိပါတယ်။ အဲဒီနှစ်မှာတော့ ဘယ်မြို့ပဲကြွကြွ မာရ်နတ်ကလိုက်ပြီး လှည့်စားမှာပဲတဲ့။ ဝေရဥ္စာမြို့မှာတော့ မြင်းကုန်သည်တွေကလှူတဲ့ မုယောဆွမ်းကို ရနေတဲ့ အတွက် အဲဒီမြို့ဟာ အသင့်လျော်ဆုံးပါပဲတဲ့။

ဒါဖြင့် မာရ်နတ်က မြင်းကုန်သည်တွေကိုတော့ ဘာကြောင့် မလှည့်စား ပါသလဲဆိုရင် မြင်းကုန်သည်တွေက သူလှည့် စားပြီးတဲ့နောက်မှ ရောက်လာ ကြတယ်။ ရောက်လာပြီးတော့လည်း ဘုရားနှင့်တကွ သံဃာငါးရာအား မုယောဆန်ဆွမ်းလှူဖို့ ဖိတ်မာန် လျှောက်ထားပြီးဖြစ်တဲ့ အလှူဝတ်ကိုတော့ ဘယ်သူမှ အန္တရာယ်မပြုနိုင်ဘူးလို့ မိလိန္ဒပဥှာနဲ့ အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားမှာတော့ ပြစ်မှားပြောဆိုခဲ့တဲ့ ဝစီကံကြောင့်ဆိုတာကို သိရပါပြီ၊ အဲဒီတုန်းက မုယောဆွမ်းကို ဘုဉ်း ပေးတော်မူကြတဲ့ ရဟန်းတော်ငါးရာမှာတော့ ဘာကြောင့်ပါလဲလို့ ဒီလိုလည်း မေးစရာရှိပါတယ်။ အဖြေကတော့ ဘုရားအလောင်းတော်ကြီးတောင် ဒီလိုရှုန့်ရင်းတဲ့ ဝစီကံ ကျူးလွန်ခဲ့တယ်ဆိုရင် သာဝကအလောင်းတွေမှာတော့ ဒီလိုအကုသိုလ်ကံတွေ အများကြီးရှိနိုင်ပါတယ်။ အဲဒီလိုကံကြောင့် တပည့် ရဟန်းတော် သာဝကတွေလည်း အဲဒီတုန်းက မုယောဆွမ်းကို ဘုဉ်းပေးကြရ တယ်လို့ ယူဆနိုင်ပါတယ်။

အဲဒီတော့ အနန္တဘုန်းတော် ကံတော်တွေနဲ့ ပြည့်စုံတော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားတောင် တစ်ချိန်ကပြစ်မှားခဲ့ဘူးတဲ့ ဝစီကံကြောင့် မွန်မြတ်တဲ့ ဆွမ်းကို မရတဲ့အလာဘဆိုတဲ့ လောကဓံနဲ့တွေ့ရသေးရင် ငါတို့လို သာမန်လူသားတွေမှာ "မရခြင်း ရပြီးသားတွေ ဆုံးပါးပျက်စီးခြင်း"ဆိုတဲ့ အလာဘ လောကဓံနှင့် ဘယ်မှာမတွေ့ရဘဲ ရှိမလဲ။ တွေ့ရပေလိမ့်မယ်။ တွေ့ရပေမယ့် လောကဓံကို သည်းခံတော်မူတဲ့ မြတ်စွာဘုရား၏ဂုဏ်တော်ကို ကြည်ညို ပူဇော်သောအားဖြင့် မြတ်စွာဘုရားလိုပင် စိတ်မပျက်ဘဲ စိတ်မညစ်ဘဲ သည်းခံ နေမယ်လို့ ဒီလိုနှလုံးသွင်း ဆင်ခြင်သင့်ပါတယ်။

နောက်ပြီးတော့ အဲဒီတုန်းက မြတ်စွာဘုရား၏ အခြွေအရံဖြစ်တဲ့ ရဟန်းတော်တွေဟာလည်း အင်မတန်ကြည်ညိုဖွယ် ကောင်းပါတယ်။ ထောင်းထုပြီးတော့ ရေနဲ့နှူးပြီး စားကြရတဲ့ မုယောဆွမ်းဟာ ဘာမှကောင်းမှာ မဟုတ်ဘူး။ ယခုကာလ ကြွမ်းပေဆိုတဲ့ ဆွမ်းကြမ်းခဲ စားရတာလောက်တောင် ကောင်းမှာမဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီတုန်းက ရဟန်းတော်တွေဟာ အဲဒီမုယောဆွမ်းနဲ့ပဲ ရောင့်ရဲမှုတပြီး နေတော်မူကြရတယ်။ အဲဒါကြောင့် မြတ်စွာဘုရားက ဒီလိုချီးကျူးတော်မူပါတယ်။

အာနန္ဒ၊ အာနန္ဒာ။ တုမှေဟိ သပ္ပုရိသေဟိ၊ သူတော်ကောင်း ဖြစ်ကြကုန်သော သင်တို့သည်။ ဝိစိတံ၊ အောင်နိုင်အပ်ပါပေပြီတဲ့။

ရလာတဲ့ မုယောဆွမ်းမျှနဲ့ အားရရောင့်ရဲနေနိုင်ကြတဲ့အတွက် သင်တို့ဟာ အောင်ပါပေပြီ။ အစာရှားတဲ့ဘေးကိုလည်း အောင်ပေပြီ။ လောဘကို လည်း အောင်ပေပြီ။ အလိုဆိုးကိုလည်း အောင်ပေပြီလို့ ဆိုလိုပါတယ်။

အစာရှားတဲ့ဘေးကို အောင်ပုံကတော့ အဲဒီအခါတုန်းက ဝေရဉ္ဇာမြို့

www.burmeseclassic.com



နယ်နှင့် ဆက်စပ်နေတဲ့ အခြားရွာနိဂုံးတွေမှာတော့ အသီးအနှံ အထွက် ကောင်းပြီး သာယာဝပြောနေတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အဲဒီလို သာယာဝပြောတဲ့ အရပ်မှာ ဝါမကပ်ဘဲ မြတ်စွာဘုရားက ဒီအစာရှားတဲ့မြို့မှာ ဝါကပ်သီးတင်းသုံး တဲ့အတွက် ငါတို့မှာ အစာရှားဘေးဆိုးကြီးနှင့် တွေ့ရ တယ်လို့ ရဟန်းတစ်ပါးမျှ ကြဲစည်ခြင်း၊ စိတ်ဆိုးခြင်း မရှိကြဘူးတဲ့။ အဲဒါဟာ အစာရှားတဲ့ဘေးကို သည်းခံနိုင်ပြီး အောင်ပုံပါပဲ။

လောဘကို အောင်နိုင်ပုံကတော့ ဆွမ်းကိုမက်မောတဲ့ လောဘဖြင့် နေ့ခြင်းမပြန်နိုင်တဲ့ အရပ်ကိုသွားပြီး ဆွမ်းခံခြင်း၊ ပုရိမဝါကိုဖျက်ပြီး သာယာဝပြောတဲ့အရပ်မှာ ပြောင်းရွှေ့၍ ဝါကပ်ခြင်းမျိုးကို ရဟန်းတစ်ပါးမျှ မပြုကြဘူးတဲ့၊ အဲဒါဟာ လောဘကို အောင်ပုံပါပဲ။

အလိုဆိုးကို အောင်ပုံကတော့ "မည်သည့်ရဟန်းဟာ ဈာန်ရတယ်။ အဘိညာဉ်ရတယ်။ အကြားအမြင်ပေါက်တယ်။ ရဟန္တာပဲ"စသည်ဖြင့် မိမိ တို့ရဲ့ ဈာန်အဘိညာဉ် မဂ်ဖိုလ်ဂုဏ်ထူးတွေကို ပြောကြားကြေငြာမယ်ဆိုရင် လူတွေက အထူးကြည်ညိုကြပြီးတော့ မိမိတို့ကိုယ်တိုင် မစားဘဲနေပေမယ့် လှူကြဖွယ် ရှိပါတယ်။ ဒါပေမယ့် အဲဒီလိုလာဘ်ရရေး၊ ဘုန်းကြီးရေးကို မျှော်တဲ့ အလိုဆိုးဖြင့် ရဟန်းတစ်ပါးမျှ မိမိ၏ဂုဏ်ကို မပြောကြား မကြေငြာကြ ဘူးတဲ့ အဲဒါဟာ အလိုဆိုးကို အောင်ပုံပါပဲ။

အဲဒီလိုမြတ်စွာဘုရားက ရဟန်းတော်ငါးရာ၏ ဂုဏ်ကိုချီးကျူးပြီးတော့ နောက်ကာလ၌ ရဟန်းများအလိုကြီးကြမည့်အကြောင်းကိုလည်း ဒီလိုမိန့်တော် မူခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍိမာဇနတာ၊ နောင်လာနောက်မှား ရဟန်းများသည်။ သာလိမံသော ဒနံ၊ သင်တို့ကဲ့သို့သော ရှေးသူတော်ကောင်းများကို ကြည်ညိုရှိသေစွာ လှူအပ်သောသလေးဆန် အသားဟင်းတို့ဖြင့်ပြီးသော မွန်မြတ်သော ဆွမ်းဟင်း ကို၊ အတိမည့်သတိ၊ ဒီဆွမ်းက မာလိုက်တာ၊ ဒီဆွမ်းကပျော့လိုက်တာ၊ ဒီဟင်းက ငန်လိုက်တာ ပေါ့လိုက်တာ၊ ချဉ်လိုက်တာ၊ အေးလိုက်တာစသည်ဖြင့် မထီမဲ့မြင်ပြုကြပေလိမ့်မည်တဲ့။ အဲဒါကတော့ ယခုခေတ်မှာ အချို့ပုဂ္ဂိုလ် တွေပြောဆိုပုံနဲ့ ကိုက်နေပါတယ်။ သတိပြုစရာပါပဲ။

အဲဒီတုန်းက အဲဒီရဟန်းတော်တွေ ဘာမှမကောင်းတဲ့ မုယောဆွမ်းကို မညည်းညူဘဲ ဘုဉ်းပေးတော်မူကြတာကို အာရုံပြုပြီးတော့လည်း လာဘ်မရတာ ရပြီးသားလာဘ်တွေ ပျက်စီးသွားတာနဲ့တွေ့ရင် သည်းခံနိုင်အောင် သတိပြုသင့်ပါတယ်။

## ဆီးဖြူသီးတစ်ခြမ်းနဲ့ အသောက

သိရှိမွှာသောကမင်းကြီးဆိုတာ အများကသိပြီးဖြစ်ကြပါတယ်။ ဘုန်းတန်ခိုးအလွန်ကြီးမားပါတယ်။ ရွှေငွေဘဏ္ဍာတော်တွေ အလွန်ပေါများပါတယ်။ ဗုဒ္ဓသာသနာတော်ကို ကုဋေတစ်ရာအထိ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ ဒါပေမယ့် နောက်ဆုံးအချိန်ကျတော့ ဆီးဖြူသီးတစ်ခြမ်းသာရှိတော့ တဲ့အကြောင်း ဝိသုဒ္ဓိမဂ်မှာ ဒီလိုပြဆိုထားပါတယ်။

သကလံ မေဒိနိံ ဘုတွာ၊ ဒတွာ ကောဋိသတံ သုခီ။
အဍ္ဎာမလက မတ္တဿ၊ အန္တေ ဣဿရတံ ဂတော။

သုခီ၊ အလွန်ချမ်းသာကြွယ်ဝသော အသောကမင်းသည်။ သကလံ

www.burmeseclassic.com

www.burmeseclassic.com



မေဒိနီ၊ ဇမ္ဗူဒိပ်ကျွန်းတစ်မြေထောင်လုံးကို၊ ဝါ၊ တစ်မြေထောင်လုံးမှ ထွက်သော အခွန်ဘဏ္ဍာတော်ကို၊ ဘုတွာ၊ သုံးဆောင်ခံစားပြီး၍၊ ကောဋိသတံ ဒတွာ၊ ကုဋေတစ်ရာသော ဘဏ္ဍာငွေကို လှူဒါန်းပြီး၍။ အန္တေ၊ နောက်ဆုံးပိုင်း အချိန်ကာလ၌၊ အဍ္ဎာမလကမတ္တဿ၊ ဆီးဖြူသီးတစ်ခြမ်းမျှ၏။ ဣဿရတံ၊ ပိုင်ရှင်အဖြစ်သို့၊ ဂတော၊ ဘုန်းကံလျော့ကာ ရောက်ရရှာလေတော့သတည်း။

နောက်ဆုံးကာလမှာ ဆီးဖြူသီးတစ်ခြမ်းမျှ၏ ပိုင်ရှင်ဖြစ်ပုံကို ဒိဗျာဝဒါန ကျမ်းက ဒီလိုပြထားပါတယ်။ အသောကမင်းကြီး အိုမင်းပြီး မကျန်းမာတဲ့ အခါမှာ မှူးမတ်ကြီးများက အိမ်ရှေ့မင်းဖြစ်တဲ့ မြေးတော် သမ္ပဒိနှင့်တိုင်ပင်ပြီး ဘဏ္ဍာတိုက်ကို ထိန်းသိမ်းထားတယ်။ စားတော်အုပ်ထည့်၍ မင်းကြီးထံ ပို့လာတဲ့ ရွှေခွက်တွေကို မင်းကြီးက လှူ–လှူပစ်တဲ့အတွက် ငွေခွက်ဖြင့်ပို့ စေတယ်။ ငွေခွက်ကိုလည်း လှူပြန်သောကြောင့် ကြေးခွက်ဖြင့်ပို့စေတယ်။ ကြေးခွက်ကိုလည်း လှူပြန်သောကြောင့် မြေခွက်ဖြင့်ပို့စေတယ်။ နောက်ဆုံးမှာ ဆီးဖြူသီးတစ်ခြမ်းကို မြေခွက်နှင့် ထည့်ပြီး ပို့စေပါသတဲ့။ ဆေးအဖြစ်သုံးဆောင် ရန် ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ အဲဒီအခါမှာ ဒီမြေကို ဘယ်သူအစိုးရသလဲ လို့မေးပါတယ်။ အရှင်မင်းကြီး အစိုးရပါတယ်လို့ လျှောက်တဲ့အခါ "ဒီလို မဟုတ်ဘူး၊ ငါဟာမင်းအဖြစ်မှ လျှောကျနေပြီ၊ ဆီးဖြူသီးတစ်ခြမ်းသာ ငါပိုင် တော့တယ်။"လို့မိန့်ဆိုပါသည်။ အဲဒီက နောက်လည်းမကြာခင်ဘဲ နတ်ရွာ စံတော်မူတယ်လို့ ဒိဗျာဝဒါနကျမ်းမှာ ပြဆိုထားပါတယ်။

အဲဒီအဆိုအတိုင်းပင် ဝိသုဒ္ဓိမဂ်မှာ မိန့်ဆိုထားတယ်လို့ ယူရပါတယ်။ အဲဒီတော့ အင်မတန်ပေါ်များကြွယ်ဝပြီး ဘုန်းတန်ခိုးကြီးမားတဲ့ အသောက

www.burmeseclassic.com



မင်းတောင် နောက်ဆုံးတစ်ချိန်မှာ ဆီးဖြူသီး တစ်ခြမ်းမျှပိုင်တာကို ထောက်ဆကြည့်ရင် စီးပွားပျက်တဲ့ အလာဘ လောကဓံနဲ့ တွေ့နေကြရတဲ့သူတွေမှာ ယောနိသောမနသိကာရဖြင့် နှလုံးသွင်းဆင်ခြင်ပြီး စိတ်ဆင်းရဲမှု သက်သာစရာ အကြောင်းရှိပါတယ်။

## အခြွေအရံမဲ့ခြင်းနှင့် ဘုရား

နောက်ပြီးတော့ အနီးအပါးမှာ ငါးရာ၊ တစ်ထောင်၊ တစ်သောင်း စသည်ဖြင့် အခြွေအရံများစွာရှိတော်မူတဲ့ မြတ်စွာဘုရားတောင် တစ်ခါတရံ အခြွေအရံမရှိဘဲ တစ်ပါးတည်း သီတင်းသုံးတော်မူရတာလည်းရှိတယ်။ ဘယ်လိုလဲဆိုလျှင်–

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ နောက်လိုက်အလုပ်အကျွေး နာဂသမာလထေရ်နှင့် ခရီးကြွနေစဉ် လမ်းနှစ်ခုကို တွေ့ရတဲ့အခါ မြတ်စွာဘုရားက ဘေးကင်းတဲ့လမ်းကို ကြွတယ်။ နာဂသမာလမထေရ်က တပည့်တော် ဒီလမ်းကသွားပါမယ်။ မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို မြတ်စွာဘုရားကိုယ်တိုင်ပင် ယူကြွပါတော့"လို့ဆိုပြီး သူက အခြားလမ်းကို သွားတယ်။ အဲဒီအခါ မြတ်စွာဘုရားဟာ သပိတ်နှင့်သင်္ကန်းကြီးကို ကိုယ်တော် တိုင် ယူဆောင်ပြီး အခြွေအရံမပါဘဲ တစ်ပါးတည်းကြွတော်မူရတယ်။ ဒီလိုအခါ လည်းရှိတယ်။ ဒါပေမယ့် တကယ်တော့ မကြာပါဘူး။ နာဂသမာလ ထေရ်ကို သူသွားတဲ့လမ်းက လူဆိုးဓားပြတွေက သပိတ်သင်္ကန်းကိုယူပြီး သူ့ခေါင်းကို လည်း ရိုက်ခွဲလိုက်ကြလို့ သူဟာ မြတ်စွာဘုရားထံပြန်လာခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ တစ်ခါကလည်း မြတ်စွာဘုရားဟာ မေဃိယထေရ်နဲ့ ဇန္တုဆိုတဲ့ရွာကို ကြွတော်မူပါတယ်။ အဲဒီအခါမှာ မေဃိယထေရ်က သရက်တော တစ်ခုကို တွေ့ရတာနဲ့ အဲဒီသရက်တောမှာသွားပြီး တရား အားထုတ်ပါရစေ၊ မြတ်စွာဘုရား၏ သဝိတ်သက်န်းကို ယူတော်မူပါလို့ လျှောက်တယ်။ မြတ်စွာဘုရားက မသင့်တော်တဲ့အတွက် အခြားပြုစုလုပ် ကျွေးမည့် ရဟန်းတစ်ပါးပါးလာအောင် စောင့်ပါဦးလို့ပြောပြီး ၃–ကြိမ်တိုင်တိုင် တားမြစ်တော်မူတယ်။ ဒါပေမယ့် နောက်ဆုံးကျတော့ ခွင့်ပြုလိုက်ရတယ်။ အဲဒီအခါမှာလဲ မြတ်စွာဘုရားဟာ တစ်ပါးတည်း သီတင်းသုံးနေတော် မူရတယ်။ ဒါကလည်း တယ်တော့ မကြာပါဘူး။ အဲဒီမေဃိယထေရ်ဟာ မြစ်ကမ်းဘေးမှာရှိတဲ့ အဲဒီသရက်ဥယျာဉ်ထဲရောက်တော့ သင့်လျော်တယ်ထင် တဲ့ ကျောက်ဖျာ ကြီးပေါ်မှာထိုင်ပြီး ရှုမှတ်နှလုံးသွင်းနေပါတယ်။ အဲဒီလို နှလုံးသွင်းနေရင်း အကုသိုလ် ဝိတက်တွေ ဖြစ်နေပါသတဲ့။ ဖြစ်ပုံကတော့ သူထိုင်နေရာ ကျောက်ဖျာကြီးက သာမန်နေရာမဟုတ်ဘူး။ ရှေးက သူဟာ ဘဝပေါင်းတစ်ရာ တိုင်အောင် ဆက်တိုက် မင်းဖြစ်ဘူးပြီး အဲဒီဥယျာဉ်ထဲမှာ ကချေသည် မောင်းမတွေနဲ့ ပျော်ပွဲခံခဲ့ဖူးတဲ့မင်္ဂလာကျောက်ဖျာကြီး ဖြစ်နေ ပါသတဲ့။ ဒါကြောင့် ဟိုတုန်းက အနုသယအနေနဲ့ ကိန်းလာခဲ့တဲ့ ကိလေသာ တွေက သူ့စိတ်ကူးထဲမှာ ပရိယုဋ္ဌာန်အနေနဲ့ ထကြွဖြစ်ပေါ်လာကြတယ်။ အဲဒီမှာထိုင်လိုက်ကတည်းက ရဟန်းစိတ်ပျောက်ပြီးတော့ သူ့မှာ ကချေသည် မောင်းမဗိသံတွေ ခြံရံစေးနေတဲ့မင်းအနေမျိုးနဲ့ထင်ပြီး ကာမစ္ဆန္ဒ ကာမဝိတက် တွေ ဖြစ်နေပါသတဲ့။ နောက်ပြီးတော့ ရာဇပုရိသလို့ခေါ်တဲ့ မင်းချင်းယောကျာ်း

www.burmeseclassic.com

www.burmeseclassic.com



ရဲတွေက သူရိုးဓားပြ ၂-ယောက်ကို ရိုးထုပ်ရိုးထည်နှင့်တကွ သူ့ရှေ့မှာလာပို့တဲ့ အနေ၊ တစ်ယောက် ကို သေဒဏ်ပေးတဲ့အနေနဲ့ ဗျာပါဒစိတ်လည်း ဖြစ်နေပါသတဲ့။ အခြား တစ်ယောက်ကို ထောင်ချဖို့ အမိန့်ပေးတဲ့အနေနဲ့ ဝိဟိံသာစိတ်လည်း ဖြစ်နေပါသတဲ့။ အဲဒီလို အကုသိုလ်စိတ်တွေ ဖြစ်နေတော့ သူ့စိတ်ထဲ အံ့အားသင့်ပြီးတော့ ဒါကြောင့် ငါ့ကို မြတ်စွာဘုရားက တားမြစ်တာဖြစ်မှာပဲလို့ ဆင်ခြင်ပြီး မြတ်စွာဘုရားထံ ပြန်လာခဲ့ပါတယ်။

တစ်ချိန်ကတော့ ကောသမ္ဗီမြို့မှာ ရဟန်းတွေဟာ ဘာမျှမကြီးကျယ်တဲ့ သန့်သက်ရေခွက်ထဲ ရေချန်ထားခဲ့တာကလေးကို အကြောင်းပြုပြီး ငြင်းခုန်ကြ၊ ဂိုဏ်းကွဲကြတယ်။ မြတ်စွာဘုရားက စေ့စပ်ရေးဩဝါဒတရားကို ဟောပေမယ့် မနာခံဘဲ မညီညွတ်ကြဘဲရှိနေတယ်။ ဒါကြောင့် မြတ်စွာဘုရားဟာ အဲဒီမြို့ ဃောသိတာရုံကျောင်းမှ တစ်ပါးတည်း ထွက်ခွါခဲ့ပြီးတော့ ပါလိလေယျကဆိုတဲ့ ပလလဲတောမှာ ဝါကပ်သီတင်းသုံးတော်မူပါတယ်။ အဲဒီတုန်းက အရှင်အာနန္ဒာလည်း မြတ်စွာဘုရားဟာ တစ်ပါးတည်း ကြွလိုတဲ့ အကြောင်း ရိပ်မိသိရှိတာနဲ့ မလိုက်ပါဘဲနေခဲ့ပါတယ်။ အဲဒီတောမှာ ပလလဲဆင်ကြီးက ဝတ်ကြီးဝတ်ငယ် ပြုသင့်သမျှကို ပြုတယ်လို့ ဆိုပါတယ်။ ဆွမ်းကတော့ အဲဒီတော အနီးက ပလလဲရွာမှာပဲ ဆွမ်းခံကြွပြီး ဘုဉ်းပေးတော်မူပါတယ်။ အဲဒီ ရွာသားတွေက သစ်ရွက်မိုးကျောင်းလည်း ဆောက်လုပ်ပြီး လှူတယ်လို့ဆိုပါတယ်။ အဲဒါဟာ ဝါစဉ်အရအားဖြင့် ဆယ်ဝါမြောက် ဖြစ်ပါတယ်။ အဲဒီဝါတုန်းကတော့ ရဟန်းပရိသတ်အခြေအရံမရှိဘဲ တစ်ပါးတည်း သီတင်းသုံးတော်မူရပါတယ်။ လောကအနေနဲ့ ကြည့်ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



အခြေအရံမရှိလို့ မကျေနပ်ဖွယ်လိုလို ဖြစ်ပေမယ့် မြတ်စွာဘုရား၏ အလိုတော်အရအားဖြင့်တော့ ဝိဝေကဖြစ်ပြီး အလွန်ချမ်းသာတော်မူပါတယ်။

အခြေအရံမဲ့တဲ့ အယသလောကဓံနဲ့တွေ့ရင် ယခုပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားမှာ ဝိဝေကရပြီး ချမ်းသာနေပုံကို ဆင်ခြင်သင့်ပါတယ်။ အဲဒီလို ဆင်ခြင်ရင် ဝမ်းမနည်းဘဲ ဝမ်းသာစရာဖြစ်လာနိုင်ပါတယ်။

လောကဘက်က လူတွေမှာတော့ ဒီလိုအခြေအရံမဲ့တယ်ဆိုရင် အလွန် အမင်း စိတ်ဆင်းရဲကြပေလိမ့်မယ်။ ဒီလိုအခြေအရံမဲ့တာကို ဘယ်သူမှ မတွေ့ ချင်းကြပေဘူး။ ဒါပေမယ့် ကံအားလျော်စွာ တွေ့ကြရတာပဲ။ ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးနှစ်မှာ တစ်ချိန်က မြတ်စွာဘုရားဟာ သက္ကတိုင်းထဲက မေဒါဠုပဆိုတဲ့ နိဂုံးရွာကြီးကို အမှီပြုပြီး သီတင်းသုံးနေပါတယ်။ အဲဒီနိဂုံးရွာကြီးဟာ သာဝတ္ထိမြို့မှ ၃-ယူဇနာ(၂၄-မိုင်ခန့်)သာ ဝေးကွာတယ်လို့ဆိုပါတယ်။ အဲဒီ တုန်းက ပသေနဒီကောသလမင်းကြီးဟာ မြတ်စွာဘုရားထံ သွားရောက်ပြီး ဖူးမြော်ပါတယ်။ ဂန္ဓကုဋိတိုက်ဝင်ခါနီးမှာ မင်းမြောက်တန်ဆာများကို ချွတ်ပြီး တော့ ဗန္ဓုလ၏တူ ဒီဃကာရာယနဆိုတဲ့ စစ်သူကြီးလက်မှာ ပေးထားပြီး တစ်ဦးတည်းဝင်သွားတယ်။ မြတ်စွာဘုရားကို အလွန်ရိုသေစွာ ကန်တော့ပြီး တရားစကားတွေ လျှောက်ထားနေပါတယ်။

အဲဒီအချိန်မှာ စစ်သူကြီး ဒီဃကာရာယနက မင်းမြောက်တန်ဆာများဖြင့် မင်းကြီး၏သားတော် ဝိဋူဍဘကို မင်းမြှောက်ပြီးတော့ မြင်းတစ်ကောင်နဲ့ အလုပ်အကျွေးမိန်းမတစ်ယောက်ကိုသာ ချန်ထားခဲ့ပြီး သာဝတ္ထိမြို့ကို ပြန်သွားကြပါတယ်။ မင်းကြီးဟာ တရားစကားပြောဆိုပြီးလို့ ဂန္ဓကုဋိတိုက်က ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ အလုပ်အကျွေး မိန်းမတစ်ယောက်ကိုသာ တွေ့ရတော့တယ်။ အဲဒီ မိန်းမကပြောလို့ အကြောင်းအလုံးစုံကို သိရတဲ့အခါ တူတော် အဇာတသတ် မင်းနဲ့ ပူးပေါင်းပြီး ထီးနန်းပြန်သိမ်းဖို့ ရည်ရွယ်ပြီး ရာဇဂြိုဟ်မြို့ကို သွားတယ်။ လမ်းခရီးက ၄၅–ယူဇနာဝေးတဲ့အပြင် အရွယ်ကလည်း အသက်ရှစ်ဆယ် အရွယ်၊ အစားအသောက်ကလည်းမမှန်၊ ဒီအကြောင်းတွေကြောင့် ရောဂါ ဖြစ်ပြီး ရာဇဂြိုလ်မြို့ ရောက်တဲ့ညဉ့်မှာပဲ မြို့ပြင်ကဇရပ် တစ်ခုပေါ်မှာ နတ်ရွာစံ ကံတော်ကုန်ရရှာတယ်။

အဲဒီမှာ ပသေနဒီကောသလမင်းကြီးဆိုတာ ဟိုခေတ်က အိန္ဒိယ အလယ်ပိုင်းမှာ အလွန်တန်ခိုးကြီးပြီး အခြေအရံများတဲ့ မင်းတစ်ပါးဖြစ်ပါတယ်။ ဒါပေမယ့် ကံမကောင်းအကြောင်းမသင့်တော့ သေခါနီး နောက်ဆုံးအချိန်မှာ အခြေအရံဆိုရင် မိန်းမတစ်ယောက်နှင့် မြင်းတစ်ကောင်သာ ရှိရှာတော့တယ်။ သေတဲ့အခါမှာလည်း အခြားနိုင်ငံမှာမြို့ပြင်ဇရပ်ပေါ် ကိုးကွယ်ရာမဲ့ဖြစ်ပြီး သေရရှာတယ်။ အဲဒါဟာ အလွန်ပဲ ဝမ်းနည်းကြေကွဲစရာ ကောင်းပါတယ်။ ဒါပေမယ့် လောကထဲမှာနေကြရတဲ့သူတွေဟာ ဒီလိုအခြေအရံမဲ့တဲ့ လောကဓံ တရားဆိုးနဲ့ ရှေးကလည်း တွေ့ခဲ့ကြရမှာပဲ။ ယခုလည်း တွေ့နေကြရတာပဲ။ နောင်လည်း တွေ့ကြရမှာပဲ။ အဲဒီကောသလမင်းရဲ့ လောကဓံနဲ့နှိုင်းစာကြည့် ရင် အခြေအရံမဲ့တဲ့လောကဓံနဲ့ တွေ့နေရတဲ့သူမှာ စိတ်သက်သာစရာ အကြောင်းရှိတယ်။

## ကဲ့ရဲ့ခြင်းနှင့် ဘုရား

ကဲ့ရဲ့ခြင်း လောကဓံနဲ့ တွေ့ရပုံကတော့ မြတ်စွာဘုရားမှာ သီလ

www.burmeseclassic.com

www.burmeseclassic.com



အစရှိတဲ့ လွန်ကဲထူးမြတ်တဲ့ ဂုဏ်တော်တွေ အရဟံအစရှိတဲ့ ၉-ပါးသော ဂုဏ်တော်တွေ၊ အနန္တဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ အတွက် ကဲ့ရဲ့ ဖွယ်အပြစ်ဆိုရင် ဘာမျှမရှိဘူး။ လုံးဝကင်းစင်တော်မူပါတယ်။ ဒါကြောင့် ပညာရှိသူတော်ကောင်းဖြစ်ကြတဲ့ အားလုံးသော လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေက ချီးမွမ်းကြပါတယ်။ ချီးမွမ်းလို့ မဆုံးနိုင်အောင် ရှိနေပါတယ်။ ဒါပေမယ့် ဗုဒ္ဓသာသနာတော်နဲ့ ဆန့်ကျင်တဲ့ သူတွေကတော့ မဟုတ်မဟတ် ကြံဖန်ပြီး ကဲ့ရဲ့ကြ၊ စွပ်စွဲကြသေးတာပဲ။ ဆန့်ကျင်ဘက် အယူရှိကြတဲ့ တိတ္ထိဂိုဏ်းသားတွေနဲ့ ဗြဟ္မဏဝါဒ အစွဲသန်တဲ့လူတွေက အမြဲတမ်းလိုပဲ ကဲ့ရဲ့ ပြောဆိုနေကြတယ်။ ယခုခေတ်မှာ အခြားဘာသာ အယူသန်တဲ့ သူတွေက ဗုဒ္ဓသာသနာတော်ကို အပြစ်ပြောနေကြသလိုပါပဲ။

## စိဉ္စမာဏက စွပ်စွဲပုံ

တစ်ချိန်က တိတ္ထိဂိုဏ်းသားတစ်စုက စိဉ္စမာဏ(စိဉ္စမာဏဝိကာ) ဆိုတဲ့ ပရိဗိုဇ်မိန်းမပျိုတစ်ဦးကို မြတ်စွာဘုရားအား အစွပ်စွဲခိုင်းတယ်။ ဒါကြောင့် စိဉ္စမာဏက သန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်ပြီးတော့ အချိန်မတော် ညနေချမ်းမှာ ဇေတဝန်ကျောင်းဆီသွားတယ်။ ဇေတဝန်ကျောင်းတိုက်အနီး တိတ္ထိအာရာမ်မှာ ညအိပ်ပြီးတော့ နံနက်စောစော ဇေတဝန်ကျောင်းတိုက်မှ ပြန်လာတဲ့အနေဖြင့် မြို့ဆီသို့ ပြန်လာတယ်။ တွေ့ကြတဲ့လူတွေက "ဒီလိုညနေ ချမ်းအချိန်မှာ ဘယ်သွားမလို့လဲ၊ နံနက်စောစောကြီးမှာ ဘယ်ကအိပ်ပြီး ထလာ သလဲ"လို့မေးကြရင်"ကျွန်မသွားမည့်နေရာ အိပ်တဲ့နေရာကို သိရလို့ ရှင်တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာအကျိုးရှိမလဲ" လို့ အဖြေပေးတယ်။ မသိစေချင်လောက်တဲ့ အနေမျိုးနဲ့ ပြောတာပါပဲ။ ဆယ့်ငါးရက် တစ်လလောက်ကြာတဲ့အခါကျတော့ သူများကမေး လို့ရှိရင်"ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက်ထဲမှာ ရဟန်းဂေါတမနှင့်အတူ အိပ်ရ တယ်"လို့ပြောသတဲ့။ သုံးလေးလကြာတဲ့အခါမှာ အဝတ်တွေနဲ့ဗိုက်ကိုရစ်ပတ် ပြီး ကိုယ်ဝန်ရှိယောင် ဟန်ဆောင်သတဲ့။ ရှစ်လကိုးလခန့်ရှိတဲ့အခါကျတော့ သစ်သားဖုဝိုင်းကြီးကို ဗိုက်မှာစီးပြီး ကိုယ်ဝန်အရင့်အမာ ရှိဟန်ဆောင်တယ်။ အဲဒီလိုသရုပ်ဆောင်ပြီးတော့ ဇေတဝန်ကျောင်းတော် တရားပွဲအလယ်မှာ မြတ်စွာဘုရားကို ရဲတင်းစွာစွပ်စွဲတယ်။"အရှင်ရဟန်းကြီးမှာ တရားဟောတော့ ကောင်းပါပေတယ်။ အရှင်ရဟန်းကြီးကို စွဲမှီပြီး ကျွန်မမှာကိုယ်ဝန် ရပါတယ်။ အရင့်အမာဖြစ်နေပါပြီ။ ဖွားမြင်ဖို့ရာနေရာစသည်တို့ကို ကြောင့်ကြ မပြုဘဲ နေရက်ပါပေရဲ့စသည်ဖြင့် အလွန်မိုက်မဲစွာ စွပ်စွဲပါတယ်။ ဒါပေမယ့် မြတ်စွာဘုရား၏ ဘုန်းတန်ခိုးတော်ကြောင့် ကိုယ်ဝန်ဟန်စီးထားတဲ့ သစ်သားဖု ဝိုင်းကြီးလည်း ပြုတ်ကျသွားတယ်။ လေကပင့်တိုက်လိုက်တဲ့အတွက် ချည်ထားတဲ့ အဝတ်လည်း ပွင့်လန်သွားတယ်။ (ဒီနေရာမှာ အဋ္ဌကထာကတော့ သိကြားမင်း ၏ အမိန့်အရ နတ်သားတစ်ယောက်က ကြွက်ယောင်ဆောင်ပြီး စီးထားတဲ့ ကြိုးတွေကို ကိုက်ဖြတ်ချတယ်"လို့ ပြဆိုထားပါတယ်။ ဘာပဲဖြစ်ဖြစ် ပြုတ်ကျ တာက လိုရင်းပါပဲ။ ဒီတော့ ဘာမှမဟုတ်ဘဲနဲ့ မတရားစွပ်စွဲမှုဖြစ်ကြောင်း လူအများက ထင်ရှားသိပြီး စိဥ္စမာဏာကိုနှင်ထုတ်လိုက်ကြတယ်။ မြတ်စွာဘုရား ၏မျက်ကွယ် ရောက်တဲ့အခါ စိဥ္စမာဏာကိုမြေမျိုသွားတယ်။ အဝီစိငရဲလည်းကျ ရောက် သွားတယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# သုန္ဒရီနဲ့ စွပ်စွဲပုံ

တစ်ချိန်ကလည်း အဲဒီတိတ္ထိဂိုဏ်းသားတွေ သုန္ဒရီဆိုတဲ့ ပရိဗိုဇ်မ အချောအလှကလေးကို လူတွေအထင်များအောင် နည်းတူပဲ ဇေတဝန်ကျောင်းသို့ သွားဟန် အဲဒီမှ ပြန်လာဟန်ပြုလုပ်စေတယ်။ သုန္ဒရီကလည်း သူတို့ခိုင်းတဲ့အတိုင်း ပြုလုပ်တယ်။ တွေ့ရတဲ့လူတွေက မေးတဲ့အခါ "ရဟန်းဂေါတမထံသွားတယ်၊ ဂန္ဓကုဋီတိုက်ထဲမှာ ရဟန်းဂေါတမနဲ့ အတူအိပ်ရတယ်။ အဲဒီကပြန်လာတယ်" စသည်ဖြင့် ပြောတယ်။ အဲဒီလို သွားလာပြောဆိုလို့ ရက်အနည်းငယ်ကြာတဲ့အခါ တိတ္ထိဆရာတွေက အရက်သမားလူဆိုးတွေကိုငွေပေးပြီး သုန္ဒရီကိုအသတ်ခိုင်းတယ်။ အလောင်းကို ဂန္ဓကုဋီတိုက်အနီး အမှိုက်ပုံထဲ စွန့်ပစ်ထားစေတယ်။ အဲဒီလို ခိုင်းတဲ့အတိုင်းပြုလုပ်ပြီးတဲ့အခါမှာ သုန္ဒရီဆိုတဲ့ တစ်ပည့်မတစ်ယောက် ပျောက်နေကြောင်း ကောသလမင်းကြီးထံ တိုင်ကြားကြတယ်။ ဘယ်အရပ်မှာ မသင်္ကာဖွယ်ရှိသလဲလို့ မေးတဲ့အခါ "ယခုရက်ပိုင်းအတွင်းမှာတော့ သုန္ဒရီဟာ ဇေတဝန်ကျောင်းမှာနေတယ်။ အဲဒီမှာ သူ့ဖြစ်ပုံ အကြောင်းအရာကိုတော့ ငါတို့မသိပါ"လို့ ဆိုကြတယ်။ ဒါဖြင့် အဲဒီမသင်္ကာရာအရပ်မှာ ရှာကြပါလို့ မင်းကြီးက အမိန့်ပေးလိုက်တယ်။ ဒီတော့ တိတ္ထိဆရာတွေက သူတို့နဲ့ အလုပ်အကျွေးဒကာတွေကိုပါ ခေါ်လာပြီးတော့ ဇေတဝန်ကျောင်းထဲမှာ ဟိုအနားသွား ဒီအနားသွားရှာချင်ယောင်ဟန်ဆောင်ကြပြီးတော့ သူတို့ညွှန်ကြားတဲ့ အမှိုက်ပုံကို ယက်လှန်ကြည့်ကြတယ်။ အဲဒီအခါ တွေ့ပြီတွေ့ပြီလို့ ဟစ်အော်ကြွေးကြော်ပြီးတော့ အလောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ်တင်ပြီး မြို့ထဲထမ်းဆောင်သွားကြတယ်။ ရဟန်းဂေါတမရဲ့အမှုကို မပေါ်အောင်လို့ သူ့တပည့်ရဟန်းတွေက သုန္ဒရီကိုသတ်ပြီး အမှိုက်ပုံထဲ ပစ်ထားကြတဲ့အကြောင်း မင်းကြီးအားတိုင်ကြားကြတယ်။ မင်းကြီးကလည်း မဆင်ခြင်တော့ဘူး။ "ဒီလိုဆိုရင် မြို့ကိုလှည့်ပြီး ကြေညာကြပေတော့"လို့ အမိန့်ပေးလိုက်ပါသတဲ့။

အဲဒီတော့ တိတ္ထိယ်သားတွေက " သာကီဝင်မင်းသား ဂေါတမရဲ့ တပည့်ရဟန်းတွေ ပြုလုပ်တဲ့အမှုကို ကြည့်ကြစမ်း" စသည်ဖြင့် ကြေညာပြီး မြို့ကို လှည့်လည်ကြတယ်။ အဲဒီလို ကြေညာတာကို ကြားရမြင်ရတော့ အရိယာမဟုတ်တဲ့သူတွေက အများအားဖြင့် အထင်လွဲပြီး ရဟန်းတော်တွေကို ကဲ့ရဲ့ကြ အပြစ်တင်စကားပြောကြသတဲ့။ ရဟန်းတွေမှာ အဲဒီတုန်းက တော်တော်မျက်နှာပူကြမှာပဲ။ ဒါကြောင့် ရဟန်းတွေက မြတ်စွာဘုရားကို ဒီအကြောင်းလျှောက်ကြတယ်။ မြတ်စွာဘုရားက ကဲ့ရဲ့တဲ့ လူတွေကို ပြန်လည်ချေပ သတိပေးရန်အတွက် တရားဂါထာတစ်ပုဒ်ကို ဒီလိုပေးတော်မူလိုက်ပါတယ်။

အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတွာ န ကရောမိ စာဟ။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီန ကမ္မာ မနုဇာ ပရတ္ထ။

အဘူတဝါဒီ၊ မဟုတ်မမှန်ဘဲ သူတစ်ပါးကို စွပ်စွဲပြောဆိုသော သူသည်။ နိရယံ ဥပေတိ၊ ငရဲသို့ ကျရောက်၏။ ယောဝါပိ၊ အကြင် သူသည်လည်း၊ ကတွာ၊ ပြုလုပ်ပြီး၍။ ဝါ၊ လုပ်ထားပါလျက်၊ န ကရောမိ

www.burmeseclassic.com

www.burmeseclassic.com



စာဟ၊ မပြုလုပ်ဟု ငြင်းကွယ်၏။ (သောပိ နိရယံ ဥပေတိ၊ ထိုသူသည် လည်း ငရဲသို့ ကျရောက်၏။) နိဟီ နကမ္မာ၊ ယုတ်မာသော မကောင်းမှု ရှိကုန်သော၊ ဥဘောပိ တေ မနုဇာ၊ ထိုလူနှစ်ဦးလုံးတို့ပင်။ ပေစ္စပရတ္ထ၊ နောင်တမလွန်ဘဝ၌၊ သမာဘဝန္တိ၊ ညီတူညီမျှ ငရဲကျခြင်းဟူသော မကောင်း ကျိုးကို ရကြလေကုန်၏တဲ့။

ကဲ့ရဲ့ပြောဆိုတဲ့လူတွေကို ရဟန်းတော်တွေက ဒီတရားဂါထာ ရွတ်ပြလိုက်တော့ အဲဒီကဲ့ရဲ့ကြတဲ့သူတွေဟာ ထိတ်လန့်တုန်လှုပ်သွားတယ်။ မဟုတ်ဘဲ စွပ်စွဲရင် ငရဲကျတယ်လို့လည်း ဆိုတယ်။ ငါတို့ဟာ ကိုယ်တိုင် မြင်ကြရတာလည်း မဟုတ်ဘူး။ မဟုတ်ဘဲ အထင်လွဲပြီး စွပ်စွဲတာလည်း ဖြစ်နိုင်တယ်။ နောက်ပြီးတော့ ပြုလုပ်ထားပါလျက် ငြင်းကွယ်ရင်လည်း ငရဲကျတယ်လို့ ဆိုပြန်တယ်။ အဲဒါကတော့ ဟုတ်နေပါလျက် ငါတို့က ငြင်းကွယ်နေတယ်ဆိုရင် ငါတို့လည်း ငရဲကျပါစေလို့ ကျိန်ဆိုရာ ရောက်တယ်။ တိတ္ထိတွေကြေငြာတဲ့အတိုင်း ဟုတ်ပုံမရဘူးလို့ စဉ်းစားဆင်ခြင်ပြီးတော့ လူတွေလည်း မကဲ့ရဲ့ဝံ့တော့ဘဲ ရပ်စဲသွားကြတယ်။ ခုနစ်ရက်အတွင်းမှာပဲ ရပ်စဲသွားကြပါသတဲ့။

ကောသလမင်းကြီးကလည်း အဲဒီအမှုကို အမှန်အတိုင်း ပေါ်လာ အောင် လူလျှိုစုံထောက်တွေကို လွှတ်ထားတယ်။ သုန္ဒရီကိုသတ်တဲ့ လူသတ် သမားတွေဟာ အဲဒီသတ်မှုအတွက် ရတဲ့ငွေနဲ့ အရက်သောက်ပြီး အချင်းချင်း ဆူဆူညံညံ ပြောဆိုနေကြသတဲ့။ အဲဒီလူတွေထဲက တစ်ယောက်က အခြား တစ်ယောက်ကို "ဟေ့ကောင် မင်းဟာ သုန္ဒရီကို တစ်ချက်တည်းနဲ့ ရိုက်သတ်ပြီး

www.burmeseclassic.com



အမှိုက်ပုံထဲပစ်ထားခဲ့တယ် မဟုတ်လား။ အဲဒီကရတဲ့ငွေနဲ့ ယခုအရက်သောက်နေတာမဟုတ်လား ဟုတ်စေ ဟုတ်စေ''လို့ဆိုသတဲ့။ မင်းချင်းယောကျာ်း ရဲသားတွေက အဲဒါကို ကြားရတော့ အဲဒီလူတွေကိုဖမ်းပြီး မင်းကြီးထံပို့လိုက်ကြတယ်။ မင်းကြီးက စစ်ဆေးတဲ့အခါ လူသတ်သမားတွေက တိတ္ထိဂိုဏ်းသားတွေကခိုင်းလို့ သတ်ရတဲ့အကြောင်း တိတ္ထိဂိုဏ်းသားတွေကလည်း သူတို့ကခိုင်းတာ ဟုတ်မှန်ကြောင်း ဖြောင့်ချက်ပေးကြပါတယ်။

အဲဒီအခါမှာ မင်းကြီးကလည်း အဲဒီတိတ္ထိဂိုဏ်းသားတွေကို မြို့လှည့်ပြီး သူတို့ရဲ့အပြစ်ကို ကြေငြာစေပါတယ်။ ''ရဟန်းဂေါတမကို အပြစ်တင်လိုတဲ့အတွက် သုန္ဒရီကို ငါတို့ကပဲ သတ်တယ်။ ရဟန်းဂေါတမနဲ့ တပည့်ရဟန်းတွေမှာ အပြစ်မရှိပါ။ ငါတို့၏ အပြစ်သာဖြစ်ပါတယ်''လို့ ကြေညာစေပါတယ်။ အဲဒီအတိုင်း မြို့ကိုလှည့်ပြီး သူတို့၏အပြစ်ကို သူတို့ကိုယ်တိုင် ထုတ်ဖော်ကြေညာလိုက်တော့ အားလုံးသံသယ ကင်းရှင်းသွားကြတယ်။

အဲဒီမှာ အပြစ်လုံးဝကင်းစင်တဲ့ မြတ်စွာဘုရားနဲ့ ရဟန်းသံဃာတော်တွေတောင် အကဲ့ရဲ့ အစွပ်စွဲခံကြရသေးတယ်ဆိုတာကို ဆင်ခြင်ကြည့်ရင် ငါတို့လို့ လူသာမာန်တွေမှာ အကဲ့ရဲ့မခံရဘဲ ရှိပါ့မလားလို့ နှလုံးသွင်းပြီးတော့ အကဲ့ရဲ့ခံရတဲ့သူမှာ သက်သာရာရနိုင်ပါတယ်။

## မာဂဏ္ဍီဝတ္ထု

တစ်ချိန်က မြတ်စွာဘုရားဟာ ရဟန်းသံဃာများနှင့်တကွ ကောသမ္ဗီမြို့ကို ကြွတော်မူပါတယ်။ အဲဒီတုန်းက ဥတေနမင်းရဲ့ မိဖုရားသုံးပါး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့မာဂဏ္ဍီက လူတွေကိုငွေပေးပြီး အဆဲခိုင်းထားလို့ ရဟန်းသံဃာတော်များနှင့်တကွ မြတ်စွာဘုရားမြို့ထဲကြွလာတဲ့အခါ လိုက်ပြီးတော့အမျိုးမျိုး အထွေထွေ ဆဲဆိုကြပါသတဲ့။ အဲဒီလို အဆဲခိုင်းခြင်း၏အကြောင်းကတော့ ဒီလိုပါ။

မာဂဏ္ဍီရဲ့ အဖပုဏ္ဏားကြီးက သူ့သမီး မာဂဏ္ဍီဟာ အလွန်လှပတဲ့အတွက် အထက်တန်းစားအမ်းတွေက လာပြီးတောင်းကြပေမယ့် "ငါ့ သမီးဟာ မင်းတို့နဲ့ မတန်ဘူး"လို့ချည်း ပယ်ပယ်ပြီးတော့ မာဂဏ္ဍီနဲ့ သင့်တော်တဲ့ သတိုးသားကို လိုက်ရှာနေပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အဲဒီ မာဂဏ္ဍီရဲ့ မိဘနှစ်ဦးလုံး အနာဂါမ်ဖြစ်မည့် အကြောင်းကို မြင်တော်မူတဲ့အတွက် အဲဒီမာဂဏ္ဍီပုဏ္ဏားကြီးရဲ့ မီးပူဇော်ရာဌာန အနီးသို့ကြွတော်မူပါတယ်။

မာဂဏ္ဍီပုဏ္ဏားကြီးဟာ မြတ်စွာဘုရား၏ ရူပကာယကိုယ်တော်ကို ကြည့်ပြီးတော့ "လောကမှာ ဒီပုဂ္ဂိုလ်နဲ့တူတဲ့ ယောကျ်ားတော့ ရှိမှာမဟုတ်ဘူး၊ ဒီရဟန်းဟာ ငါ့သမီးနဲ့ သင့်လျော်ထိုက်တန်တယ်"လို့ ကြံစည်ပြီး "အရှင်ရဟန်း ကျွန်ုပ်မှာ သမီးချောကလေး တစ်ယောက်ရှိပါတယ်။ အဲဒီ သမီးကို အရှင်ရဟန်းအား ပေးလိုပါတယ်။ ခဏ ဒီနေရာကပဲ စောင့်ဆိုင်းနေရစ်ပါဦး"လို့ပြောပြီး အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ "ဟေ့ ရှင်မ၊ ငါတို့ရဲ့ သမီးနဲ့တော်တဲ့ သတို့သားကို တွေ့လာပြီ၊ နင့်သမီးကို မြန်မြန်တန်ဆာဆင်ပြီး လိုက်ခဲ့ကြ"လို့ခေါ်လာပြီး သုံးယောက်လုံး မြတ်စွာဘုရား ရှိတော်မူရာကို လာကြပါတယ်။

မြတ်စွာဘုရားက ခြေတော်ရာလောက်သာ ချထားခဲ့ပြီးတော့ အခြားနေရာကြွနေတော်မူပါတယ်။ မြတ်စွာဘုရား၏ ခြေတော်ရာဆိုတာ အဓိဋ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



ပြုပြီးထားမှလည်း ထင်တယ်။ အဓိဋ္ဌာန်ပြုထားတဲ့အတွင်းမှာ ဖျက်လည်း မပျက်နိုင်ဘူး။ မြင်စေလိုတဲ့သူသာ မြင်နိုင်ပါတယ်။ ဒါကြောင့် သမီးနဲ့ ပုဏ္ဏားကြီးလင်မယားတို့လာတဲ့အခါ မြတ်စွာဘုရားကို မတွေ့ရတဲ့အတွက် ပုဏ္ဏေးမကြီးက"ရှင့်သတိုးသားက ဘယ်မလဲ"လို့မေးတယ်။"ဒီနေရာမှာ နေရစ်ပါလို့ ပြောထားခဲ့တာပဲ။ ဘယ်သွားပါလိမ့်မတုန်း"လို့ ညည်းတွားပြောဆိုရင်း ဟိုနားဒီနား လျှောက်ကြည့်လိုက်တဲ့အခါ ခြေတော်ရာကို မြင်ရတော့ ပုဏ္ဏားကြီးက"ဟောဒါသူ့ခြေရာပဲကွယ့်"လို့ပြောတယ်။

ဒီတော့ပုဏ္ဏေးမကြီးကလည်း လက္ခဏာဗေဒင်တတ်တာနဲ့" ဒီခြေရာအရှင်ဆိုရင် ကာမဂုဏ်ကို မှီဝဲတဲ့သူ မဟုတ်ဘူးရှင့်" လို့ပြောတော့ ပုဏ္ဏားကြီးက "ဟေ့ မင်းဗေဒင်တတ်သိတာက ရေခွက်ထဲက မိချောင်းကလေးကို မြင်သ လောက်ရှိပါတယ်။ တိတ်တိတ်နေပါ"လို့ဆိုပြီး မြတ်စွာဘုရားထံ လိုက်သွား တယ်။ မြတ်စွာဘုရားထံရောက်တော့ "သမဏ–ရှင်ရဟန်း၊ မိတရဲ မေ၊ အကျွန်ုပ်၏ ဟောဒီသမီးကို၊ တဝ၊ အရှင်ရဟန်းအား၊ ပေါသာပနတ္ထာယ ဒေမိ၊ စောင့်ရှောက်မွေးမြူရန်အတွက် ပေးပါတယ်၊ အပ်နှင်းပါတယ်။" လို့ဆိုတယ်။

မြတ်စွာဘုရားက လက်ခံတာ မခံတာကို မပြောသေးဘဲနဲ့" မာဂဏ္ဍီပုဏ္ဏားကြီး၊ သင့်အား အကြောင်းတစ်ခုကို ငါပြောမယ်"ဆိုပြီးတော့ တောထွက်တော်မူသည်မှစပြီး ဘုရားဖြစ်ပြီးသည့်နောက် ရက် ၅၀–မြောက် အဇပါလညောင်ပင်အောက် သီတင်းသုံးတော်မူသည်အထိ မာရ်နတ်ကလိုက်ပြီး စုံစမ်းထောက်လှမ်းခဲ့ပုံ၊ အဲဒီလို ထောက်လှမ်းလို့ အပြစ်ကို မတွေ့ရတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



သူ၏အလိုမပြည့်၍ စိတ်ပျက်နေပုံ၊ မာရ်နတ်၏သမီးများက သူတို့၏ဖခင်အတွက် မြတ်စွာဘုရားအား လာရောက်သွေးဆောင်ကြပုံများကို ပြောပြပြီးတော့ မိမိမှာ ရာဂလုံးဝကင်းကြောင်းသိစေရန် အဲဒီပုဏ္ဏားကြီး လင်မယား ၂-ယောက်ကိုလည်း တရားထူးရစေရန် ဒီလိုဂါထာတရားကို ဟောကြားတော်မူပါတယ်။

**ဒိသွာန တဏှံ၊ အရတိံ ရဂဉ္စ။**
**နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။**
**ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊**
**ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။**

တဏှံ အရတိံ ရဂ္ဂ ဒိသွာ၊ တဏှာ အရတိ ရဂါ-ဟူသော မာရ်နတ်၏သမီး ၃-ယောက်ကို မြင်တွေ့ရသော်လည်း၊ မေထုနသ္မိံ၊ ပေါင်းသင်းဆက်ဆံမှု၌၊ ဆန္ဒော အပိ နာဟောသိ၊ လိုလားခြင်း ဆန္ဒရာဂမျှသော်လည်း မဖြစ်ခဲ့ပေ၊ မုတ္တကရီသပုဏ္ဏံ၊ ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်နေသော၊ ဣဒံ၊ ဤမာဂဏ္ဍီ သူငယ်မ၏ကိုယ်ကို မြင်ရသောကြောင့်၊ ကိမေဝ၊ လိုလားနှစ်သက်မှု ဆန္ဒရာဂမဖြစ်သည်မှာ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ နံ၊ ထိုမာဂဏ္ဍီ၏ ကိုယ်ကို၊ ပါဒါပိ သမ္ဖုသိတုံ၊ ခြေတို့ဖြင့် ထိရန်သော်လည်း၊ န ဣစ္ဆေ၊ အလိုမရှိပါဘူးတဲ့။

ဒီဂါထာကို ကြားနာရတဲ့အခါ မာဂဏ္ဍီ၏ မိဘများဖြစ်ကြတဲ့ ပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီး ၂-ယောက်စလုံး အနာဂါမ်ဖြစ်သွားကြပါသတဲ့။ ဒါကြောင့် သမီး မာဂဏ္ဍီကို သူ့ဦးလေး စူဠမာဂဏ္ဍီထံအပ်ပြီးတော့ သူတို့ နှစ်ယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်မှာ ရဟန်းပြုပြီး ရဟန္တာဖြစ်သွားကြပါတယ်။

သမီးမာဂဏ္ဍီကတော့ သူ့ကိုယ်ကို ကျင်ကြီးကျင်ငယ်တွေနဲ့ ပြည့်နေတယ်ဆိုတဲ့စကားကို ကြားရတဲ့အတွက် စိတ်နာသွားတယ်။ "မလိုချင်ရင် မလိုချင်ဘူးလို့ ပြောလိုက်ရုံနဲ့ပြီးတာပဲ။ ကျင်ကြီးကျင်ငယ်တွေနဲ့ ပြည့်နေတယ်လို့ ဘာကြောင့် ဒါလောက်ရှုတ်ချရသလဲ"စသည်ဖြင့် တွေးတောပြီး မြတ်စွာဘုရားအပေါ်မှာ ရန်ငြိုးဖွဲ့ထားတယ်။ "ရှိပါစေတော့၊ ငါဟာ လင်ကောင်းတစ်ယောက်ရနိုင်ပါတယ်။ အဲဒီလိုရတဲ့အခါ ရဟန်းဂေါတမအား ပြုသင့်တာကိုပြုမယ်"လို့ ရန်ငြိုးဖွဲ့ထားတယ်။

နောင်တစ်ချိန်မှာ မာဂဏ္ဍီကို သူ့ဦးလေးက ကောသမ္ဗီပြည်ရှင် ဥဒေနမင်းထံ ဆက်သလိုက်တယ်။ ဥဒေနမင်းကလည်း ရုပ်အဆင်းအင်္ဂါ လက္ခဏာကို သဘောကျတာနဲ့ မိဖုရားကြီးတစ်ယောက်အဖြစ် တင်မြှောက်ထားပါတယ်။ ဥဒေနမင်းမှ မာဂဏ္ဍီမှတစ်ပါး အခြားမိဖုရားတွေလည်း ၂–ယောက်ရှိပါသေးတယ်။ တစ်ယောက်က စန္ဒပဇ္ဇောတမင်း၏ သမီးတော် ဝါသုလဒတ္တာတဲ့။ အခြားတစ်ယောက်ကတော့ ဃောသကသူဌေးကြီး၏ ကိတ္တိမသမီး သာမာဝတီတဲ့။ အဲဒီမိဖုရားကြီး ၃–ယောက်စလုံး အခြွေအရံ အလုပ်အကျွေးအပျိုတော် ငါးရာစီရှိပါသတဲ့။

အဲဒီ ၃–ယောက်ထဲက သာမာဝတီအတွက် နေ့စဉ်ပန်းဖိုးရှစ်ကျပ်မင်းကပေးတယ်။ သာမာဝတီရဲ့ အလုပ်အကျွေးဖြစ်တဲ့ ခုဇ္ဇုတ္တရာဆိုတဲ့ ကျွန်မက သုမနဆိုတဲ့ ပန်းသည်ထံသွားပြီး နေ့စဉ် ပန်းဝယ်ရတယ်။ တစ်နေ့တော့ သုမနပန်းသည်က ဘုရားအမှူးရှိသော သံဃာတော်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကျွေးနေရိုက်နဲ့ ကြုံနေလို့ ခုဇ္ဇုတ္တရာကို တရားနာပြီးမှ ပြန်ဖို့ပြော တာနဲ့ ဆွမ်းဘုန်းပေးပြီးတဲ့အခါ မြတ်စွာဘုရားဟောတဲ့ တရားကို နာရတဲ့အတွက် ခုဇ္ဇုတ္တရာဟာ သောတာပန် ဖြစ်သွားတယ်။

သောတာပန်ဆိုတာ သူ့အလိုလိုပဲ ငါးပါးသီလလုံတယ်။ ဒါကြောင့် ခုဇ္ဇုတ္တရာဟာ ရှေးရှေးနေ့များက ပန်းရှစ်ကျပ်ဖိုးထဲက လေးကျပ်ကို ဖြတ်စားလေ့ရှိခဲ့ပေမယ့် အဲဒီနေ့မှာတော့ မဖြတ်တော့ဘူး။ ရှစ်ကျပ်ဖိုး အပြည့်ပဲ။ ပန်းတွေကိုဝယ်လာတယ်။ ဒီတော့ သာမာဝတီက "ဘယ့်နှယ်လဲ အစ်မကြီး ခုဇ္ဇုတ္တ၊ ဒီကနေ့မင်းမြတ်က "ပန်းဖိုး ၂-ဆပေးလိုက် သလား" လို့မေးပါတယ်။ တိုးမပေးပါဘူး၊ အရှင်မ"လို့ပြောတော့ ဒါဖြင့် ဘာကြောင့် များရသလဲလို့ ထပ်ပြီးမေးပြန်ပါတယ်။ သောတာပန်ဆိုတာ ခုနကပြောခဲ့ တဲ့အတိုင်း ငါးပါးသီလလုံနေတဲ့အတွက် လိမ်လည်းမလိမ်ဘူး။ အမှန်အတိုင်းသာ ပြောလေ့ဝန်ခံလေ့ ရှိပါတယ်။ ဒါကြောင့် ခုဇ္ဇုတ္တရာက အခါတိုင်းဆိုရင် လေးကျပ်ကို ဖြတ်စားခဲ့ကြောင်း၊ ကျန်လေးကျပ်ဖြင့် ပန်းဝယ်ခဲ့ကြောင်း ဒီကနေ့တော့ မိမိအတွက် ဖြတ်မယူဘဲ ရှစ်ကျပ်ဖိုးလုံး ဝယ်လာခဲ့ကြောင်း အမှန်အတိုင်း ဝန်ခံပြောဆိုပါတယ်။ ဒီကနေ့ကတော့ ဘာကြောင့် ကိုယ့်အတွက် မယူသလဲလို့မေးပြန်တော့ ခုဇ္ဇုတ္တရာက မြတ်စွာဘုရားဟောတဲ့တရားကိုနာပြီး တရားထူးကို သိလာတဲ့အတွက် မယူကြောင်း ပြောပါတယ်။

ဒီနေရာမှာ နှလုံးသွင်းမကောင်းတဲ့ သခင်မဆိုရင်တော့ "ဟဲ့ ကျွန်ဆိုးမ၊ နင်ခိုးလာတဲ့ ငွေတွေကိုပြန်ပေး" စသည်ဖြင့် ကြိမ်းမောင်းရာ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရှိပါတယ်။ ဒီ သာမာဝတီ မိဖုရားကတော့ ပါရမီရှင်ဖြစ်တဲ့အတွက် စိတ်သဘော ပြည့်ဝပါတယ်။ သင့်လျော်အောင် ဆင်ခြင်တတ်ပါတယ်။ ဒါကြောင့် သာမာဝတီက ဒီလိုဆင်ခြင်ပါတယ်။ ခုဇ္ဇုတ္တရာဟာ တရားထူး သိလာတဲ့အတွက် မခိုးတော့ဘူးလို့လည်းဆိုတယ်။ အပြစ်ကြီးမားတဲ့ သူ့ခိုးမှုကို မကွယ်ဝှက်ဘဲ အမှန်အတိုင်းပြောရဲတယ်။ အဲဒီတော့ သူသိလာတယ်ဆိုတဲ့ တရားဟာ အလွန်ကောင်းတဲ့ တရားပေပဲ။ ငါတို့လည်း ဒီတရားကိုသိရရင် ကောင်းမှာပဲလို့ ဆင်ခြင်ပြီးတော့ "အစ်မကြီးရေ၊ အစ်မကြီး သောက်လာခဲ့တဲ့ အမြိုက်တရားဆေးရည်ကို ကျွန်မတို့ကိုလည်း တိုက်ပါဦး"လို့ တောင်းပန် ပါတယ်။ ဒီတော့ ခုဇ္ဇုတ္တရာက တရားဟောရမယ်ဆိုရင် ညစ်ပေနေတဲ့ ဒီကိုယ်နဲ့တော့ မသင့်လျော်ဘူး၊ ကျွန်မကို ရေချိုးပေးကြပါဦး" လို့ပြောပါ တယ်။ ဒါကတော့ တရားကို ရှိသေလေးစားတဲ့ သဘောပါပဲ။

ရေချိုးပြီးတဲ့အခါ ချောညက်တဲ့အဝတ်အထည်ကို ဝတ်တယ်၊ တစ်ထည်ကို ရုံတယ်။ ခင်းကျင်းထားတဲ့ တရားနေရာမှာ ဓမ္မကထိကများလိုပဲ ထိုင်တယ်။ ထိုင်ပြီးတော့ယပ်ကိုလည်း ကိုင်ပြီး မြတ်စွာဘုရား ဟောတော်မူတဲ့ အတိုင်းပဲ အချိုးတကျ တရားဟောပါသတဲ့။ အဲဒီတရားကိုနာပြီး သာမာဝတီ အမှူးရှိတဲ့ အမျိုးသမီးငါးရာဟာ သောတာပန်ဖြစ်သွားကြပါသတဲ့။

အဲဒီနေ့ကစပြီး ခုဇ္ဇုတ္တရာကို မိခင်အရာဆရာ့အရာမှာ ထားပြီးတော့ မြတ်စွာဘုရားထံသွားပြီး တရားနာစေတယ်။ ခုဇ္ဇုတ္တရာက အဲဒီသာမာဝတီ အမှူးရှိသော အမျိုးသမီးငါးရာအား တစ်ဆင့်တရားဟောတယ်။ ဒီပုံဒီနည်းနဲ့ ခုဇ္ဇုတ္တရာဟာ ပိဋကသုံးပုံဆောင် ဖြစ်ပြီးတော့ ဥပါသိကာမတွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင်အများဆုံး တေဒင်္ဂုဏ်ထူးဖြင့် မြတ်စွာဘုရား၏ ချီးကျူးခြင်းကို ခံယူရရှိသွားပါသတဲ့။

အဲဒီလို ခုဇ္ဇုတ္တရာထံမှတစ်ဆင့် တရားနာဖန်များလာတော့ သာမာဝတီတို့မှာ မြတ်စွာဘုရားကို ဖူးမြော်လိုတဲ့စိတ်တွေ ပြင်းပြစွာဖြစ်လာတယ်။ ဒါကြောင့် ဘုရားထံပို့ပေးဖို့ ခုဇ္ဇုတ္တရာကို တောင်းပန်ကြတယ်။ ဒီတော့ ခုဇ္ဇုတ္တရာက "အရှင်မတို့ မင်းအိမ်ဆိုတာ အလွန်ဝန်လေးပါတယ်။ အရှင်မတို့ နန်းတွင်းသူတွေကို အပြင်ခေါ်သွားဖို့ မဖြစ်နိုင်ပါဘူး။ ပြာသာဒ်နံရံမှာ အပြင်ဘက်ကို မျှော်ကြည့်လို့ မြင်နိုင်လောက်အောင် အပေါက်ကလေးတွေ ဖောက်ထားကြပါ။ ဆွမ်းဒကာသူဌေးကြီးများအိမ်ကို မြတ်စွာဘုရား ကြွတော်မူတဲ့အခါ အဲဒီ အပေါက်ကလေးတွေက ကြည့်ပြီးပြီး ကြည်ညိုကြ ရှိခိုးပူဇော်ကြပါ"လို့ အကြံဉာဏ်ပေးပါတယ်။ အဲဒီလို အကြံဉာဏ်ပေးတဲ့အတိုင်း အပေါက်ကလေးတွေဖောက်ပြီးတော့ မြတ်စွာဘုရားကို ဖူးမြော်ကြရှိခိုး ပူဇော်ကြပါသတဲ့။

တစ်နေ့သောအခါမှာ မာဂဏ္ဍီဆိုတဲ့မိဖုရားက သာမာဝတီ၏ ပြာသာဒ်ပေါ်တက်လာတယ်။ နံရံမှာ အပေါက်ကလေးတွေကို တွေ့ရတော့ ဒါတွေကဘာလုပ်တာလဲလို့မေးတယ်။ သာမာဝတီတို့က "မြတ်စွာဘုရား အပေါ်မှာ မာဂဏ္ဍီရန်ငြိုးဖွဲ့ထားတယ်ဆိုတာ မသိကြတာနဲ့ မြတ်စွာဘုရားဟာ ကောသမ္ဗီမြို့သို့ ကြွရောက်လာတဲ့အကြောင်း၊ အဲဒီအပေါက်ကလေးများမှ ဖူးမြော်ကြ ရှိခိုးပူဇော်ကြတဲ့အကြောင်းများကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ကြ ပါတယ်။ အဲဒါကို ကြားရတော့ မာဂဏ္ဍီဟာ "ရဟန်းဂေါတမ ဒီမြို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကြွလာပြီတဲ့ ယခု သူ့အားပြုသင့်တာကိုပြုမယ်''လို့ စိတ်ထဲက ကြုံးဝါးပြီးတော့ သာမာဝတီတို့အပေါ် အထင်လွဲအောင် ဥတေနမင်းထံသွားပြီး ကုန်းတိုက်တယ်။ အဲဒါကတော့ ဘာမျှမအောင်မြင်ပါဘူး၊ ဒီမှာပြောလိုရင်းက မဟုတ်ပါဘူး။ ဒါကြောင့် အဲဒါကတော့ ထားလိုက်ပါတော့။

နောက်ပြီးတော့ ကျွန်တွေ အစေခံအလုပ်သမားတွေကို ငွေပေးပြီးတော့ မြတ်စွာဘုရားကို ဆဲဆိုပြီး မောင်းနှင်ထုတ်ဖို့ စေခိုင်းတယ်။ ရတနာသုံးပါးကို မကြည်ညိုတဲ့ မိစ္ဆာအယူရှိတဲ့ လူတွေက မြတ်စွာဘုရားမြို့ထဲ ကြွလာတဲ့အခါ နောက်ကဘေးကလိုက်ပြီး အမျိုးမျိုးအထွေထွေ ဆဲရေးကြိမ်းမောင်းကြတယ်။ ဆဲပုံတွေကတော့ ''သင်ဟာ သူခိုးပဲ။ လူမိုက်ပဲ၊ ကုလားအုပ်ပဲ။ နွားပဲ။ မြည်းပဲ။ တိရစ္ဆာန်ပဲ။ ငရဲလောင်းပဲ။ သင့်မှာသုဂတိမရှိဘူး။ ဒုဂ္ဂတိသာရောက်ဖို့ ရှိတယ်''လို့ ဆဲရေးပုံဆယ်မျိုးနဲ့ ဆဲရေးကြိမ်းမောင်းကြပါသတဲ့။ တော်တော်ကြောက်စရာကောင်းတာပဲ။ အယူမှားပြီဆိုမှဖြင့် မကောင်းမှု အကုသိုလ်တွေ အလွန်ပွားတာပဲ။ ယခုခေတ်မှာလည်း ရတနာသုံးပါး မကြည်ညိုတဲ့သူတွေမှာ ဘုရားတရားသံဃာကို ကဲ့ရဲ့ပြောဆိုပြီး အကုသိုလ်တွေ ပွားနေကြတယ်။ မစားရ မသောက်ရဘဲနဲ့ အကုသိုလ်ဖြစ်နေကြတာပါပဲ။

အဲဒီလို ဆဲဆိုကြတာကို ကြားရဖန်များလာတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ပါတယ်။ မြတ်စွာဘုရားဒီမြို့ကလူတွေဟာ အင်မတန် ရိုင်းစိုင်းကြပါတယ်။ တပည့်တော်တို့ကို အကြောင်းမဲ့လိုက်ပြီး ဆဲဆိုနေကြ ပါတယ်။ အခြားမြို့ကို သွားကြပါစို့ရဲ့လို့ လျှောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရောက်ရာ တခြားမြို့က ဆဲကြပြန်ရင်ကော ဘယ်သွားမလဲလို့ မြတ်စွာဘုရားကမေးတော့"အဲဒီမြို့ကလည်း တခြားမြို့ကိုသွားပါမည်ဘုရား"လို့ လျှောက်ပြန်တယ်။ အဲဒီတော့ မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပါတယ်။ "အာနန္ဒာ၊ ဒီလို သူတစ်ပါးတို့က ဆဲတိုင်းဆဲတိုင်း တခြားသို့ ရွှေ့ရွှေ့သွားရန် မသင့်ဘူး။ အဓိကရုဏ်း အမှုအခင်းပြဿနာဆိုတာ ဖြစ်ပေါ်ရာ ဌာနမှာပဲ ငြိမ်းစေရတယ်။ အဲဒီလိုငြိမ်းစေလို့ ပြီးတော့ ဒုဿီလပုဂ္ဂိုလ်ရဲ့ ဆဲဆိုမှုကို သည်းခံနိုင်တဲ့ အကြောင်းကိုလည်း ဒီလိုရဲရဲရင့်ရင့် မိန့်တော်မူပါတယ်။

အဟံ နာဂေါဝ သင်္ဂါမေ၊
စာပေတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊
ဒုဿီလော ဟိ ဗဟုဇ္ဇနော။

သင်္ဂါမေ၊ စစ်မြေပြင်၌။ နာဂေါ၊ ဆင်ပြောင်ကြီးသည်။ စာပေတော ပတိတံ သရံ၊ ထိုထိုအရပ်ရှိ လေးအပေါင်းမှ ကျလာသော မြားအပေါင်းကို၊ တိတိက္ခတိ ဣဝ၊ သည်းခံသကဲ့သို့၊ အဟံ၊ ငါဘုရားသည်။ အတိဝါကျံ၊ ကျူးလွန်ရမ်းကား အဆဲအဆိုစကားကို တိတိက္ခိဿံ၊ မညည်းမညူ လျစ်လျူနေကာ သည်းခံပါအံ့။ ဟိ၊ အကြောင်းကား။ ဗဟုဇနော၊ များစွာသော လူအပေါင်းသည်၊ ဒုဿီလော၊ ကိုယ်နှုတ်သရမ်း ကျင့်ဆိုး သွမ်းလျက် ကြမ်းတမ်းရိုင်းပျ ဒုဿီလသာ ဖြစ်ရချေသည်။

လူတွေကအများအားဖြင့် ကိုယ်နှုတ်ကို မစောင့်စည်းတဲ့ သီလမဲ့ လူရိုင်းတွေသာများတယ်။ အဲဒီ သီလမဲ့လူရိုင်းတွေကြားထဲမှာ နေတယ်ဆိုတော့ သူတို့ရဲ့ ရန်းကားမှု၊ ဆဲဆိုမှုတွေကို သည်းခံနိုင်မှဖြစ်မယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



"ငါဘုရားဟာ စစ်ပွဲဝင်တဲ့ ဆင်ကြီးဟာ အရပ်လေးမျက်နှာမှကျလာတဲ့ မြှားဒဏ်ကို သည်းခံသလို သည်းခံနေမယ်"လို့ဆိုလိုပါတယ်။ အဲဒီလို မိန့်တော်မူပြီးတဲ့နောက် "အာနန္ဒာ မစိုးရိမ်နဲ့၊ သူတို့ဟာ ခုနစ်ရက်သာ ဆဲနိုင်ကြမယ်။ ရှစ်ရက်မြောက်ကျရင် အဆဲရပ်ပြီး ချမ်းအေးသွားလိမ့်မယ်" လို့လည်း မိန့်တော်မူပါတယ်။ အဲဒီလို မိန့်တော်မူတဲ့အတိုင်းပဲ ရှစ်ရက် မြောက်ကြတော့ ဆဲမည့်သူမရှိဘဲ ငြိမ်းအေးသွားပါတယ်။ မြတ်စွာဘုရားနဲ့ စပ်ပြီး ဖြစ်ပေါ်လာတဲ့ ကဲ့ရဲ့စွပ်စွဲမှု၊ ဆဲရေးမှု အဓိကရုဏ်းများဟာ ခုနစ်ရက် ထက်မလွန်ဘဲ ငြိမ်းစမြဲပါပဲတဲ့။ အဲဒါကို အကြောင်းပြုပြီးတော့ "ကဲ့ရဲ့ခုနစ်ရက် ချီးမွမ်းခုနစ်ရက်"လို့ ပြောစမှတ်ပြုထားကြပါတယ်။

ယခုပြောတဲ့ ကဲ့ရဲ့စွပ်စွဲဆဲရေးမှု ၃–ခုထဲမှာ စိဉ္စမာဏရဲ့ အစွပ်စွဲ ခံရခြင်း၏ ရှေးအကြောင်းကတော့ အဘိဘူဘုရား၏ တပည့်နန္ဒမည်တဲ့ ရဟန္တာမထေရ်မြတ်ကို မဟုတ်မတရား စွပ်စွဲခဲ့ဖူးတဲ့ မကောင်းမှုကံကြောင့် အစွပ်စွဲခံရတယ်လို့ အပါဒါန်ပါဠိမှာ ပြဆိုထားပါတယ်။ သုန္ဒရီနဲ့စပ်ပြီး အစွပ်စွဲ ခံရတာကတော့ သုရဘိမည်သော ပစ္စေကဗုဒ္ဓါကို မဟုတ်မတရား စွပ်စွဲခဲ့ဖူးတဲ့ အတွက်ကြောင့်လို့ ဆိုပါတယ်။ ရဟန်းငါးရာလည်း သုန္ဒရီနဲ့စပ်ပြီး အစွပ်စွဲ ခံရတာဟာ ဘီမမည်တဲ့ အဘိညာဉ်ရ ရသေ့ကြီးကို ဘုရားအလောင်း ဆရာကြီးက မဟုတ်မတရားစွပ်စွဲရာမှာ အဲဒီရဟန်းတွေဖြစ်လာမည့် တပည့် ငါးရာတို့ကလည်းသဘောတူ ပါဝင်ခဲ့ကြတဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။ မာဂဏ္ဍီရဲ့ အဆဲအဆိုခံရတာကိုတော့ ဘာကံကြောင့်ရယ်လို့ ပြဆိုထားခြင်း မရှိဘူး။ ဒါပေမယ့် ကမ္မသကတာသုတ်အရ အားဖြင့်ဆိုလျှင် ရှေးတစ်ခုခုသော

www.burmeseclassic.com

www.burmeseclassic.com



ဘဝက မပြစ်မှားသင့်တဲ့ပုဂ္ဂိုလ်ကို ပြစ်မှားပြောဆိုခဲ့ဖူးတဲ့ အကုသိုလ်ကံကြောင့် ဒီလို အဆဲအဆိုခံရခြင်းဖြစ်တယ်လို့ မှတ်ယူသင့်ပါတယ်။

ဒီတော့ မကောင်းမှုကံဟာ အင်မတန်ကြောက်စရာ ကောင်းပါတယ်။ အနန္တဘုန်းတော် ကံတော် ပါရမီတော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို တောင်လိုက်ပြီး မကောင်းကျိုး ပေးနိုင်သေးတယ်ဆိုတာကို ဆင်ခြင်ပြီးတော့ မကောင်းမှု ဒုစရိုက်ဟူသမျှမှ ကြဉ်ရှောင်ရန် သင့်လှပါပေတယ်။

နောက်ပြီးတော့ ကဲ့ရဲ့စွပ်စွဲခံရလို့ရှိရင်လည်း "မြတ်စွာဘုရားတောင် အကဲ့အရဲ့အစွပ်အစွဲခံရသေးတာပဲ။ ငါတို့လို သာမန်ပုဂ္ဂိုလ်မှာ အဘယ့်ကြောင့် မခံရဘဲရှိမလဲ၊ ခံရပေလိမ့်မယ်"လို့ဆင်ခြင်ပြီး သည်းခံနိုင်အောင် လေ့ကျင့်ရမယ်။

## ကိုယ်ဆင်းရဲခြင်းနှင့်ဘုရား

ဆင်းရဲဆိုတာ ကိုယ်ဆင်းရဲနှင့် စိတ်ဆင်းရဲ ဒီ ၂–မျိုးပါပဲ။ အဲဒီနှစ်မျိုးထဲက စိတ်ဆင်းရဲဆိုတာကတော့ ဘုရားရဟန္တာများမှာ လုံးဝကင်းပါတယ်။ ဘယ်လိုစိတ်ပျက်စရာ၊ စိတ်ညစ်စရာ၊ နှလုံးမသာစရာတွေနဲ့ တွေ့ရပေမယ့် အလွန်ဆုံးအားဖြင့် သေရမည့်ဘေးနှင့် တွေ့ရပေမယ့် စိတ်ပျက်ခြင်း၊ စိတ်ညစ်ခြင်း၊ နှလုံးမသာခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ဆင်းရဲခြင်းဆိုတာ မဖြစ်ဘူး၊ လုံးဝကင်းနေပါတယ်။ စိတ်ဟာကြည်လင်မြဲ ကြည်လင်နေပါတယ်။ ရဟန္တာ သာမဟုတ်သေးပါဘူး။ အနာဂါမ်ပုဂ္ဂိုလ်မှာတောင် ဒေါသမရှိတဲ့အတွက် ဒီစိတ်ဆင်းရဲကတော့မရှိဘူး။ ဒါပေမယ့် အနာဂါမ်မှာ အဝိဇ္ဇာ ဘဝ တဏှာ မာနဆိုတဲ့ ကိလေသာတွေက ရှိနေသေးတဲ့အတွက် စိတ်ချမ်းသာမှုကို အပြည့်အစုံ[illegible]တယ်

www.burmeseclassic.com

www.burmeseclassic.com



လို့တော့ မဆိုနိုင်ဘူး၊ ရဟန္တာမှာတော့ ကိလေသာအနှောင့်အယှက်တွေ လုံးဝကင်းနေတဲ့အတွက် စိတ်နှလုံးကြည်လင်ချမ်းသာမှုကို အပြည့်အစုံ ရနေပါတယ်။ ဒါပေမယ့် ကာယိကဒုက္ခခေါ်တဲ့ ကိုယ်ဆင်းရဲကတော့ မကင်းဘူး။ အကြောင်းအားလျော်စွာ ဖြစ်ပေါ်တတ်သေးတယ်။

ဒါကြောင့် မြတ်စွာဘုရားလည်း ကိုယ်ဆင်းရဲဆိုတဲ့ အဲဒီလောကဓံတရားနဲ့ ရံဖန်ရံခါ တွေ့ရသေးတာပဲ။ အဲဒါဟာ မြတ်စွာဘုရားက "ပိဋ္ဌိမေ အာဂိလာယတိ–ငါ၏ကျောက အောင့်တယ်၊ ညောင်းတယ်။ တမဟုတ် အာယမိဿာမိ– အဲဒီကျောကို ဆန့်စေလိုက်ဦးမယ်"လို့ ဒီလိုမိန့်တော်မူတဲ့ စကားဖြင့်လည်း ထင်ရှားပါတယ်။ အဲဒီလို ကျောအောင့်တာဟာ လက်ပမ်းသမားဖြစ်ခဲ့စဉ်က အခြားလက်ပန်းသမားတစ်ယောက်ကို နှိပ်စက်ခဲ့ဘူးတဲ့အတွက် ဖြစ်ရကြောင်း အပါဒါန်ပါဠိမှာ ပြဆိုထားပါတယ်။ နောက်ပြီးတော့ တံငါရွာမှာ သူငယ်ဖြစ်စဉ်က ငါးတွေ ထုသတ်တာကို မြင်ရတဲ့အခါ ဝမ်းသာခဲ့ဖူးတဲ့အတွက် မြတ်စွာဘုရားမှာ ခေါင်းကိုက်တဲ့ ဝေဒနာဖြစ်ရတယ်လို့လည်း ဆိုပါတယ်။

တစ်ချိန်ကတော့ ဂိဇ္ဈကုဋ်တောင်စောင်းမှာ စင်္ကြံကြွနေစဉ် ဒေဝဒတ်ရဟန်းက ကျောက်မောင်းဆင်ပြီး ကျောက်တုံးကြီးတစ်ခုကို လှိမ့်ချလိုက်တယ်။ အခြားကျောက်တုံးတစ်ခုကို တိုက်ရာက ပွဲ့ထွက်လာတဲ့ ကျောက်ခဲစိတ်တစ်ခုက ခြေထောက်ကို ထိခိုက်တဲ့အတွက် မြတ်စွာဘုရားမှာ ဒုက္ခဝေဒနာအပြင်းအထန် ဖြစ်ပါတယ်။ အဲဒါဟာလည်း အမွေဥစ္စာအတွက် ညီဝမ်းကွဲဖြစ်သူကို ကျောက်တုံးကြီးနဲ့ ဖိပြီးသတ်ခဲ့တဲ့ကံ၊ မင်းဖြစ်စဉ်က လူတွေကို လှံနဲ့ထိုးသတ်ခဲ့တဲ့

www.burmeseclassic.com



ကံများကြောင့် မကောင်းကျိုးခံရခြင်း ဖြစ်တယ်လို့ဆိုပါတယ်။ နောက်ပြီးတော့ ဆေးဆရာဖြစ်စဉ်က သူဌေးသားတစ်ယောက်ကို ဝမ်းလျှောပြီး ဒုက္ခရောက်အောင် ပြုလုပ်ခဲ့တဲ့အတွက် ဝမ်းသွေးသွန်တဲ့ရောဂါ ဖြစ်ရတယ်လို့လည်း ဆိုပါတယ်။

နောက်ပြီးတော့ တစ်ချိန်က အရှင်မဟာကဿပနှင့် အရှင်မဟာမောဂ္ဂလာန်မှာ အပြင်းအထန်ရောဂါဝေဒနာဖြစ်တယ်။ မြတ်စွာဘုရားမှာလည်း ထို့အတူပဲ ဖြစ်တယ်။ ဗောဇ္ဈင်တရားကို နာကြားပြီးတော့ အဲဒီ ရောဂါဝေဒနာ ပျောက်ကင်းကြတယ်လို့ သံယုတ်ပါဠိတော်မှာ ပြဆိုထားပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရားဟာ ၄၅-ခုမြောက် နောက်ဆုံးဝါမှာ ဝေသာလီမြို့ ဝေဠုဝရွာမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီဝါတွင်းက မြတ်စွာဘုရားမှာ ရောဂါဝေဒနာအကြီးအကျယ် ဖြစ်ပါတယ်။ သူ့အလိုလို လွှတ်ထားမယ်ဆိုရင် ပရိနိဗ္ဗာန်စံရလောက်အောင် အလွန်ပြင်းထန်ပါတယ်။ ဒါပေမယ့် မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတော်မူရန် အချိန်မကျသေး မသင့်သေးတဲ့အတွက် အဲဒီရောဂါဝေဒနာကို ဝိပဿနာဘာဝနာဖြင့် ငြိမ်းစေပါတယ်။ ဒါကြောင့် အဲဒီဝေဒနာဟာ လုံးဝပျောက်ငြိမ်းသွားတယ်လို့ ဘုရားကိုယ်တော်တိုင်ပဲ အမိန့်ရှိပါတယ်။ အဋ္ဌကထာမှာလည်း အဲဒီတုန်းက မြတ်စွာဘုရားဟာ ဘုရားဖြစ်မည့် ညကလိုပဲ ဝိပဿနာဘာဝနာကို အကျယ်အားဖြင့် ပွားစေခဲ့တယ်။ ဒါကြောင့် ရောဂါဝေဒနာပျောက်သွားတယ်လို့ ထပ်ဆင့်ပြီး ဖွင့်ပြထားပါတယ်။ ယခုကာလမှာလည်း ဝိပဿနာရှုတဲ့သူအချို့မှာ ဝိပဿနာ ရှုမှတ်နေရင်း အင်မတန်ကြီးကျယ်တဲ့ ရောဂါပျောက်သွားကြတာတွေ တော်တော်များ

www.burmeseclassic.com

www.burmeseclassic.com



များရှိပါတယ်။ အဲဒါတွေဟာ အရှင်မဟာကဿပစသည်တို့မှာ ဗောဇ္ဈင်တရား ကို နာရလို့ ရောဂါပျောက်တာမျိုး မြတ်စွာဘုရားမှာ ဝိပဿနာရှုလို့ ရောဂါ ပျောက်တာမျိုးပဲလို့ ယူရပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရားတောင်မှ ကိုယ်ဆင်းရဲဆိုတဲ့ လောကဓံတရားကိုတွေ့ရသေးတယ်ဆိုတာကို ဆင်ခြင်ကြည့်ရင် ဆင်းရဲဒုက္ခ ရောက်တဲ့အခါမှာ စိတ်ဆင်းရဲဖြစ်မှု သက်သာဖွယ် ရှိပါတယ်။ အထူးအားဖြင့် ရောဂါဝေဒနာအကြီးအကျယ် ဖြစ်နေတဲ့အခါ မပျောက်နိုင်တဲ့ နာတာရှည် ရောဂါဖြစ်နေတဲ့ အခါတွေမှာ"ဘုရားတောင်မရှောင်နိုင်တဲ့ လောကဓံတရားပဲ၊ ငါတို့မှာ ဆိုဖွယ်ရာမရှိ၊ တွေ့ရပေလိမ့်မယ်၊ မြတ်စွာဘုရားမှာ ကိုယ်ဆင်းရဲ ဖြစ်သော်လည်း စိတ်ဆင်းရဲတော့ မဖြစ်ဘူး၊ ငါလည်း စိတ်ဆင်းရဲ မဖြစ်အောင် သည်းခံမယ်" စသည်ဖြင့် နှလုံးသွင်း ဆင်ခြင်ဖို့ လိုပါတယ်။ တတ်နိုင်ရင်တော့ ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာတွေကို မပြတ်ရှုမှတ်ပြီးတော့ "မုတေ မုတာမတ္တံ ဘဝိဿတိ-တွေ့ထိလျက် ရောက်သည်၌ တွေ့ထိရုံမျှ ရောက်ရုံမျှ ဖြစ်စေရမယ်"ဆိုတဲ့ ဒေသနာတော်နှင့်အညီ တွေ့ထိခံစားရုံမျှတွင် ရပ်တန့် နေအောင် အဲဒီခံစားမှုနှင့်စပ်ပြီး ဖေါ်သစေသော အကုသိုလ်တွေ ဖြစ်ခွင့်မရအောင် ပယ်နိုင်ဖို့လိုပါတယ်။ နိုင်နိုင်နင်းနင်း ဝိပဿနာရှုဖူးတဲ့သူဆိုရင် ရှုမှတ်ပြီး အဲဒီဒုက္ခဝေဒနာတွေကို သည်းခံနိုင်ပါတယ်။ မခံသာမှုမရှိသလိုဖြစ်ပြီး သက်သာ ရာရနိုင်ပါတယ်။

အရေးကြီးတာက ရောဂါဝေဒနာ အကြီးအကျယ်ဖြစ်တဲ့အခါမှာ "ငါတော့ နေရာမကျတော့ပါဘူး၊ သေရတော့မှာပါပဲ"စသည်ဖြင့် စိုးလည်း

www.burmeseclassic.com

www.burmeseclassic.com



တွေးတောပြီး ယူကြုံးမရ ဝမ်းနည်းနေတတ်တယ်။ "ဒီရောဂါက ပျောက်တောင်မှ ငါတော့ လူစဉ်မမီတော့ပါဘူး။ တစ်ဘဝလုံး အသုံးမကျတော့ပါဘူး၊ လူ့လောကထဲနေဖို့ မသင့်လျော်တော့ပါဘူး"စသည်ဖြင့်လည်း တွေးတောပူပန်ပြီး အင်မတန် ဝမ်းနည်းပက်လက်ဖြစ်နေတတ်တယ်။ အဲဒီလိုဝမ်းနည်းမှု၊ စိတ်ဆင်းရဲမှုတွေကို တရားဆေးနဲ့ ပယ်နိုင်ဖို့ရာ အလွန်အရေးကြီးပါတယ်။

ဥပမာအားဖြင့် ခေါင်းကိုက်တယ်ဆိုပါတော့ ဆေးမရှိရင် အဲဒီခေါင်းကိုက်ရောဂါကို အကြာကြီး အလူးလဲခံနေရတယ်။ ခေါင်းကိုက်ပျောက်ဆေး အသင့်ရှိရင်တော့ အဲဒီဆေးကို သောက်လိုက်ရင် မကြာမီအတွင်းမှာပဲ ရောဂါပျောက်ပြီး ချမ်းသာသွားတယ်။ အဲဒီလို နှလုံးသွင်းဆင်ခြင်တဲ့ တရားဆေး၊ ရှုမှတ်တဲ့တရားဆေး မရှိရင် စိတ်ဆင်းရဲဆိုတဲ့ ရောဂါဆိုးကို အကြာကြီး အလူးအလဲ ခံနေရတယ်။ တရားဆေးရှိတဲ့ ဘုရားတပည့်မှာတော့ "ဖြစ်ပေါ်လာတဲ့ ဒီဆင်းရဲတွေလည်း မမြဲဘူး၊ တော်တော်ကြာရင် ပျောက်သွားနိုင်တယ်။ ငါလို့ထင်ရတဲ့ ဒီရုပ်ကိုယ်နဲ့ စိတ်နာမ်တရားတွေလဲ မမြဲဘူး၊ ခဏမစဲ ဖြစ်ပျက်နေလို့ နှစ်သက်ဖွယ် အားကိုးဖွယ်မရှိတဲ့ ဆင်းရဲတွေပဲ။ တစ်မျိုးတမည် ပြောင်းလဲ ဖောက်ပြန်တတ်တဲ့ သဘောတရားတွေပဲ။ အနတ္တတရားတွေပဲ"လို့ ဒီလိုရင်လည်း နှလုံးသွင်း ဆင်ခြင်တယ်။ ဒီလိုမှ မဟုတ်ရင်လည်း ဖြစ်ပေါ်လာတဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကိုရော၊ တွေးတောဆင်ခြင်မှုတွေရော ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တသဘောတရားမျှပဲလို့ အမှန်အတိုင်း သိသိနေတယ်။ ဒီတော့စိတ်ဆင်းရဲဆိုတာ မဖြစ်ဘဲလည်း ကင်းနေတတ်တယ်။ ဖြစ်တောင်မှ ကြာရှည်စွာမဖြစ်ရဘူး၊ မကြာခင် ပျောက်ကင်းပြီး အေးငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ကိုယ်ဆင်းရဲလည်း ပျောက်နိုင်လောက် တာဆိုရင် ပျောက်သွား တတ်ပါတယ်။ မပျောက်တောင် မခံသာလှအောင် မဖြစ်ဘဲ သက်သာနေတတ် ပါတယ်။

ဒါကြောင့် လောကဓံအကောင်းတွေနောက် လိုက်ပြီးတော့လည်း ဝမ်းသာတက်ကြွမနေဘူး၊ လောကဓံအဆိုးတွေနဲ့လည်း ဆန့်ကျင်ဝိုက်ခိုက်ပြီး စိတ်ပျက်ဝမ်းနည်းမနေဘူး၊ အဲဒါဟာ အနုရောဓခေါ်တဲ့ လိုက်လျောနှစ်သက်မှုနဲ့ ဝိရောဓခေါ်တဲ့ စိတ်ပျက်ဆန့်ကျင်မှုတွေ ကင်းနေတာပါပဲ။ ဒါကြောင့် မြတ်စွာ ဘုရားက–

## အိုခြင်းသေခြင်းမှ လွတ်မြောက်သည်

ဝ၀၊ ဤဆိုခဲ့သည့်အတိုင်း၊ အနုရောဓဝိရောဓ ဝိပ္ပဟီနော၊ လောကဓံ အကောင်းနောက်သို့ လိုက်လျောနှစ်သက်ခြင်း၊ လောကဓံအဆိုးနှင့် ဆန့်ကျင် စိတ်ပျက်ခြင်းကို ပယ်ပြီးသော၊ သော၊ ထိုအကြားအမြင်ရှိသည့် ဘုရား တပည့်သည်။ ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန၊ ဘဝအသစ် ဖြစ်ခြင်း၊ အိုခြင်း သေခြင်းမှ လွတ်မြောက်၏လို့လည်း ဟောတော်မူပါတယ်။

အဲဒီနည်းအတိုင်း နှလုံးသွင်း ရှုမှတ်လို့ ဝိပဿနာဉာဏ်ပြည့်စုံတဲ့အခါ အရိယာမဂ်ဉာဏ် ၄–ပါးသို့ရောက်တယ်။ အရဟတ္တမဂ်ဖိုလ်ရောက်လို့ ရဟန္တာ ဖြစ်ပြီးတဲ့နောက် ပရိနိဗ္ဗာန်စံဝင်သွားတဲ့အခါမှာ ဘဝအသစ်လည်း မဖြစ်ရတော့ ဘူး၊ ဘဝအသစ်မဖြစ်ရတဲ့အတွက် မအိုလည်းမအိုရတော့ဘူး။ မသေလည်း မသေရတော့ဘူးလို့ ဆိုလိုပါတယ်။ ဒါတွင်လည်း မကသေးဘူး–

ပရိမုစ္စတိ သောကေဟိ ပရိဒေဝေဟိ၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတို့မှလည်း လွတ်မြောက်၏။ ဒုက္ခေဟိ ဒေါမနဿေဟိ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းတို့မှလည်း လွတ်မြောက်၏။ ဥပါယာသေဟိ–စိတ်နှလုံး၏ ပြင်းစွာပူပန်ရခြင်းတို့မှလည်း လွတ်မြောက်၏လို့ ဒီလိုလည်း ဟောတော်မူပါ သေးတယ်။

## ဆင်းရဲဟူသမျှ လွတ်မြောက်သည်

အဲဒါကတော့ ယခုမျက်မှောက်ဘဝနှင့်လည်း ဆိုင်ပါတယ်။ လောကဓံ တရားတွေကို အနိစ္စ ဒုက္ခစသည်ဖြင့်နှလုံးသွင်း ဆင်ခြင်နိုင်တဲ့ ရှုနိုင်တဲ့ဘုရား တပည့်မှာ လောကဓံအဆိုးတွေကို အကြောင်းပြုပြီး စိုးရိမ်ပူဆွေးခြင်းတွေ မဖြစ်ရဘူး၊ ငိုကြွေးခြင်းတွေ မဖြစ်ရဘူး၊ စိတ်ဆင်းရဲခြင်းတွေ စိတ်ပူပန်ခြင်းတွေ မဖြစ်ရဘူး၊ ဓါတ်သမကင်းသေးလို့ ဖြစ်တောင်မှ ကြာရှည်စွာ မဖြစ်ရဘူး၊ သက်သာပါတယ်။ ကိုယ်ဆင်းရဲဆိုတာလည်း ဖြစ်လာပေမယ့် ရှုမှတ်နေတဲ့သူမှာ သက်သာပါတယ်။ အဲဒါက မျက်မှောက်မှာ စိုးရိမ်ခြင်းစသည် ကင်းငြိမ်းပုံပါပဲ။ ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန်စံသွားတဲ့အခါကျတော့ အဲဒီစိုးရိမ်ခြင်းအစရှိသော ဆင်းရဲဟူသမျှတွေလည်း လုံးဝကင်းငြိမ်းသွားပါတယ်။ ဒါကြောင့် "ပရိမုစ္စတိ ဒုက္ခသ္မာတိ–ဆင်းရဲဟူသမျှမှ လုံးဝလွတ်မြောက်သည်ဟူ၍။ ဝဒါမိ၊ ငါဘုရား ကောန်ဟောဆိုတယ်"လို့လည်း နိဂုံးချုပ်ပြီးဟောတော်မူပါသေးတယ်။

ယခုပြောခဲ့တဲ့အတိုင်း အကြားအမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ လောကဓံတရားနဲ့တွေ့ရတဲ့အခါမှာ အဲဒီလောကဓံတရားကို အနိစ္စ ဒုက္ခ အနတ္တ စသည်ဖြင့် မသိဘူး၊ ဒါကြောင့် လောကဓံ အကောင်းတွေနဲ့စပ်ပြီး ဝမ်းမြောက် တက်ကြွတယ်။ လောကဓံအဆိုးတွေနဲ့ စပ်ပြီးတော့လည်း ဝမ်းနည်း စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိဘူး၊ အဲဒီတော့ လောဘဒေါသတွေက လွှမ်းမိုးနေတဲ့အတွက် ကုသိုလ်တွေဖြစ်ခွင့်မရဘူး၊ ဒါကြောင့် ဆင်းရဲမှုမလွတ်မြောက်ဘူး၊ အကြားအမြင်ရှိတဲ့ ဘုရားတပည့်ကတော့ လောကဓံတရားတွေနဲ့ တွေ့ရတဲ့အခါမှာ အဲဒီလောကဓံ တရားတွေကို အနိစ္စ ဒုက္ခစသည်ဖြင့် ရှုမှတ်နှလုံးသွင်းပြီး အမှန်အတိုင်း သိနိုင်တယ်။ ဒါကြောင့် လောကဓံ အကောင်းတွေနဲ့စပ်ပြီးတော့လည်း ဝမ်းမြောက်တက်ကြွခြင်း မရှိဘူး၊ လောကဓံအဆိုးတွေနဲ့စပ်ပြီးတော့လည်း ဝမ်းနည်းစိတ်ပျက် ခြင်းမရှိဘူး၊ အဲဒီတော့ လောဘဒေါသတွေ မလွှမ်းမိုးနိုင်တဲ့ အတွက် အဲကုသိုလ်တွေ ဖြစ်ခွင့်ရတယ်။ အထူးအားဖြင့် ဝိပဿနာကုသိုလ် တွေ ကောင်းကောင်း ဖြစ်ခွင့်ရတယ်။ ဒါကြောင့် မျက်မှောက်မှာလည်း စိတ်ဆင်းရဲတွေမှ လွတ်မြောက်နေတယ်။ ပရိနိဗ္ဗာန်စံသွားတဲ့အခါကျတော့ ဆင်းရဲဟူသမျှမှ လုံးဝလွတ်မြောက်သွားတယ်။ အကြားအမြင်မရှိသူနဲ့ ရှိသူဟာ ယခုပြောခဲ့တဲ့အတိုင်း ထူးခြားတယ်လို့ ဆိုလိုပါတယ်။

## မင်္ဂလာတရားအရ ဆိုရင်တော့

မင်္ဂလသုတ် တရားတော်အရဆိုရင်တော့ လောကဓံနှင့်တွေ့ရတဲ့ အခါ အကြားအမြင်မရှိသူက တုန်လှုပ်တယ်။ အကြားအမြင်ရှိတဲ့သူက မတုန် လှုပ်ဘူး၊ ဒီလို ထူးခြားတယ်လို့ မှတ်ကြရမယ်။ ဒါကြောင့် မြတ်စွာဘုရားက–

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ–

www.burmeseclassic.com

www.burmeseclassic.com



လို့ ဟောတော်မူပါတယ်။

လောကဓမ္မေဟိ ဖုဋ္ဌဿ၊ လောကဓံတရားရှစ်ပါးတို့နှင့် တွေ့သော၊ ဝါ၊ လောကဓံတရားရှစ်ပါးတို့က တွေ့ထိနှိပ်စက်အပ်သော်လည်း၊ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ဝါ၊ အကြင်အကြားအမြင်နှင့် ပြည့်စုံသော ဘုရားတပည့် ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်၊ အသောကံ၊ စိုးရိမ်ပူဆွေးခြင်းလည်း မရှိ၊ ဝိရဇံ၊ ကိလေသာဟူသော မြူလည်းမရှိ၊ ခေမံ၊ ကြောက်ဖွယ်ဘေးရန်လည်း မရှိ၊ ဧတံ၊ ဤစိတ်နှလုံး၏ မတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း ကိလေသာမြူကင်းခြင်း ဘေးရန်ကင်းခြင်းသည်။ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ၊ ကြီးပွားချမ်းသာကြောင်း မင်္ဂလာမည်ပါတယ်တဲ့။

အဲဒီမင်္ဂလာသုတ်ဒေသနာတော်အတိုင်း လောကဓံအကောင်းနဲ့တွေ့သည်ဖြစ်စေ၊ အဆိုးနဲ့တွေ့သည်ဖြစ်စေ၊ ရဟန္တာရဲ့စိတ်လို မတုန်မလှုပ်သည်းခံနိုင်ဖို့ပါပဲ။ ရဟန္တာလို သည်းခံနိုင်ရမယ်ဆိုတော့ ရဟန္တာဖြစ်အောင်ကျင့်ဖို့ပါပဲ။ ရဟန္တာမဖြစ်သေးတောင်မှ အနာဂါမ်လောက်ဖြစ်အောင်ကျင့်ဖို့လိုပါတယ်။ အဲဒီအထိ မရောက်နိုင်သေးရင်လည်း သောတာပန်သကဒါဂါမ်လောက်ဖြစ်အောင် ကျင့်ဖို့လိုပါတယ်။ သောတာပန် သကဒါဂါမ်ဖြစ်တော့ မတုန်လှုပ်ဘဲ နေနိုင်ပါသေးသလားလို့ဆိုရင် လောဘ ဒေါသမကင်းသေးတော့ တုန်လှုပ်ခြင်းရှိသေးတာပဲ။ ဒါပေမယ့် သောတာပန်လောက်ဆိုရင်ပင် အကြားအမြင်နဲ့ ပြည့်စုံနေတဲ့အတွက် အဲဒီလောကဓံတွေကိုအနိစ္စစသည်ဖြင့် နှလုံးသွင်းဆင်ခြင်ပြီးတော့ တော်တော်သည်းခံနိုင်ပါပြီ။

အဲဒီသောတာပန် မဖြစ်သေးတောင်မှ စနစ်တကျ ဝိပဿနာရှုနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ယောဂီဆိုရင် အဲဒီလောကခံတွေကို ရှုမှတ်ပြီးတော့လည်း အတော်အတန် သည်းခံနိုင်တယ်။ နှလုံးသွင်း ဆင်ခြင်ပြီးတော့လည်း သည်းခံနိုင်ပါတယ်။ ဝိပဿနာရှုနေတဲ့သူမှာ သမာဓိဉာဏ်တော်တော် ရင့်သန်လာတဲ့အခါ ရှုမှတ်ရတဲ့ ရုပ်အာရုံက တခြား၊ ရှုသိနေတဲ့ စိတ်နာမ်ကတခြား ဒါ ၂-ခုပဲ ရှိတာပဲလို့ ဒီလိုခွဲခြားပြီး သိလာတယ်။ ဒါလောက် သိတယ်ဆိုရင် ရုပ်နဲ့ နာမ်မျှပဲ၊ ဘာမှ စိတ်ပျက်ဖွယ် နှစ်သက်ဖွယ်မရှိဘူးလို့ ဆင်ခြင်ပြီး တုန်လှုပ်ခြင်း သက်သာ နိုင်ပါတယ်။ အဲဒီထက် သမာဓိဉာဏ် ရင့်လာတဲ့အခါကျတော့ ပေါ်လာသမျှရုပ်နာမ်တွေရော မှတ်သိနေတဲ့စိတ်ရော ခဏမစဲဖြစ်ပျက်နေတာကို သာ တွေ့နေရတယ်။ အဲဒီတော့ ခဏမစဲဖြစ်ပျက်နေလို့ အနိစ္စမမြဲတဲ့ တရား ချည်းပဲ။ ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေလို့ ဒုက္ခကြောက်စရာ ကောင်းတဲ့ ဆင်းရဲချည်းပဲ။ သူ့သဘောအတိုင်း သူဖြစ်ပျက်နေလို့ အနတ္တ အစိုးမရတဲ့ အတ္တကောင်မဟုတ်၊ ငါကောင်မဟုတ်တဲ့ သဘောတရားမျှ ချည်းပဲလို့ ဒီလိုလဲ သဘောကျပြီး သိလာပါတယ်။ အဲဒီအခါကျတော့ လောကခံ တရားတွေကိုလည်း အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မတွေချည်းပဲလို့ နှလုံးသွင်း ဆင် ခြင်နိုင်တဲ့အတွက် သာ့ပြီးတော့ သက်သာနိုင်ပါတယ်။

အဲဒါထက် သမာဓိဉာဏ် ရင့်သန်လာတဲ့အခါမှာ ဘင်္ဂဉာဏ် စသည် တွေ ဖြစ်ပြီး နောက်ဆုံးကျတော့ ဖြစ်ပေါ်သမျှ သင်္ခါရတွေကို လျစ်လျူရှုနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်ဆိုတာ ဖြစ်ပေါ်လာပါတယ်။ အဲဒီဉာဏ်ကျတော့ သူ့သဘောအတိုင်း သူပျက်ပျက်သွားတာကလေးတွေကို အထူး ကြောင့်ကြ မစိုက်ရဘဲနဲ့ အလိုလိုသိလျက်သိလျက် ဖြစ်နေတယ်။ အဲဒီလိုအခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်စရာတွေကို တွေ့ရလို့လည်း ဝမ်းမမြောက်ဘူး၊ စိတ်ပျက်စရာကို တွေ့ရလို့လည်း စိတ်မပျက်ဘူး၊ ပေါ်လာသမျှကို သိရုံသိရုံကလေး သိသိသွား နေတယ်။ ဒါကြောင့် အဲဒီ သင်္ခါရုပေက္ခာဉာဏ် ရောက်နေခိုက် ပုဂ္ဂိုလ်မှာဆိုရင် လာဘ်ရခြင်း၊ အခြွေအရံရခြင်း၊ အချီးမွမ်း ခံရခြင်း၊ ကိုယ်စိတ်ချမ်းသာ ခြင်းဆိုတဲ့ လောကဓံအကောင်းတွေနဲ့ တွေ့ရပေမယ့် ဝမ်းသာတက်ကြွခြင်း မရှိလှဘူး၊ လာဘ်မရခြင်း၊ အခြွေ အရံမဲ့ခြင်း၊ အကဲ့အရဲ့ခံရခြင်း ကိုယ်ဆင်းရဲ ဖြစ်ပေါ်ခြင်းဆိုတဲ့ လောကဓံအဆိုးတွေနဲ့ တွေ့ရပေမယ့် ဝမ်းမနည်းစိတ် မပျက်ဘူး။ သည်းခံနိုင်တယ်။ အဲဒီအခါမှာ ရဟန္တာများလိုပင် ဆဠင်္ဂုပေက္ခာနဲ့ ပြည့်စုံနေတယ်လို့ အဋ္ဌကထာများမှာ ဆိုထားပါတယ်။ အဲဒီဆိုတဲ့အတိုင်းပဲ ယခုကာလ ယောဂီတွေမှာ ကိုယ်တိုင်တွေ့ရပါတယ်။ တချို့က ပုထုဇဉ်မှာ ဒီလို ဆဠင်္ဂုပေက္ခာ မဖြစ်နိုင်ဘူးလို့ဆိုကြတယ်။ အဲဒါကတော့ သူတို့မှာလည်း မဖြစ်ဘူးလို့ အဋ္ဌကထာကိုလည်း မရှိမသေလိုဆိုတဲ့ စကားမျှပါပဲ။ အဲဒီမှာ ကိုယ်ဆင်းရဲကို ထည့်ပြောရတာကတော့ လောကဓံအဆိုးလေးပါးလုံးလည်း စုံလင်အောင် တစ်ခါတစ်ရံ အနည်းငယ် ဖြစ်တတ်တာကိုလည်း သိရအောင် ပြောခြင်း ဖြစ်ပါတယ်။ အများအားဖြင့်တော့ သင်္ခါရုပေက္ခာဉာဏ်ဖြစ်နေခိုက်မှာ ဒုက္ခဝေဒနာကတော့ မဖြစ်တာကသဲ များပါတယ်။

အဲဒီ သင်္ခါရုပေက္ခာဉာဏ်မှ အထက်တက်သွားရင်တော့ အရိယ မဂ်ဖိုလ်ကို ရောက်တော့တာပဲ။ နောက်ဆုံး အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်တဲ့အခါကျတော့ ဒီလောကဓံတရားတွေကို အပြည့်အစုံသည်းခံနိုင်ပြီး တုန်လှုပ်ခြင်းကင်းတဲ့ မင်္ဂလာတရားတော်နဲ့ ပြည့်စုံသွားပါလိမ့်မယ်။ အဲဒီမင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



တရားတော်ကြီးနဲ့ ပြည့်စုံသည်အထိ ရှုမှတ်ပွားများ အားထုတ်သွားကြဖို့ပါပဲ။ အဲဒီကို မရောက်သေးခင်လည်း လောကဓံတရားနဲ့တွေ့ရတဲ့အခါ ထိုက်သည့် အားလျော်စွာ ရှုမှတ်နှလုံးသွင်းသွားကြဖို့ပါပဲ။ အဲဒီလို ရှုမှတ်နှလုံးသွင်းပြီး တရားအကာကွယ်ကိုရဖို့ရာ ဒီလောကဓံတရားတော်ကို နှစ်သစ်ကူး အထိမ်း အမှတ်အနေနဲ့ ဒီကနေ့ဟောလာခဲ့တာ တော်တော်စုံသွားပါပြီ၊ အချိန်ကလည်း ၂-နာရီကျော်သွားပါပြီ၊ ဒါကြောင့် ဆောင်ပုဒ်ကလေးများကိုဆိုပြီး တရားပွဲ သိမ်းကြစို့။

၁။ လာဘ်ခြွေရံရ၊ ချီးမွမ်းကြ၊ သုခဝမ်းသာမြဲ။(ဆို)

၂။ ထိုလေးမျိုးမှ ပြောင်းပြန်ကျ၊ လောကဝမ်းနည်းမြဲ။(ဆို)

၃။ လောကမွေ၊ ရှောင်မရ၊ မုချတွေ့စမြဲ။(ဆို)

ဤလောကဓံရှစ်ပါးတရားတော်ကို ရိုသေစွာ နာခံမှတ်သားကြသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် ယခုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် လောကဓံတရားများနှင့် တွေ့ရသောအခါ ထိုလောကဓံတရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိဘဲ သည်းခံနိုင်အောင် နှလုံးသွင်းဆင်ခြင် ရှုမှတ်ပွားများအားထုတ်နိုင်ကြ၍ လောကဓံ ခပ်သိမ်းတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

လောကဓံတရားတော် ဤတွင်ပြီး၏။

(၂၉-၅-၁၉၇၀)

www.burmeseclassic.com

www.burmeseclassic.com



## ရည်ရွယ်ချက်ပြည့်စုံသော

## ဩကာသကန်တော့ခန်း

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး(ဆရာသမား)တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ (အရှင်ဘုရား)

**(ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ)**

**ဆုပေးမည့် ပုဂ္ဂိုလ်မရှိလျှင်**

**အောက်ပါဆုတောင်းအတိုင်း ဆက်၍ဆိုကာ ဆုတောင်းပါ။**

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ် ၃–ပါး၊ ရပ်ပြစ် ၈–ပါး၊ ရန်သူမျိုး ၅–ပါး၊ ဝိပ္ပတ္တိတရား ၄–ပါး၊ ဗျသနတရား ၅–ပါး၊ အနာမျိုး ၉၆ ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂–ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို လျှင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## အဂ္ဂမဟာပဏ္ဍိတ
## မဟာစည်ဆရာတော် ဘုရားကြီး၏
## ဂုဏ်တော် ၉–ပါး ဘုရားရှိခိုး

(ရဟန်း ၁၀–ဝါခန့်က ရေးသည်။ ယခုအနည်းငယ် ပြင်ဆင်ထားသည်)

အစိန္တေယျ–အစိန္တေယျ– အစိန္တေယျ၊ အပ္ပမေယျ– အပ္ပမေယျ အပ္ပမေယျ မကြံဆ မနှိုင်းယှဉ်နိုင်ကောင်းသော ဂုဏ်တော်ပေါင်းအနန္တနှင့် လုံးဝဥဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

## ၁–အရဟံ ဂုဏ်တော် ၅–ပုဒ်

၁။ လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်၊ ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ် ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ လူမင်း နတ်မင်း ဗြဟ္မာမင်းဟု ကမ္ဘာအတွင်း၌ သမ္မာရင်းထူ၊ ဂုဏ်လင်းသူတို့မှစ၍ အနန္တမဆုံး လောကကြီးတစ်ခုလုံး၏ ညွှတ်ရှိုးဖူးမြော် ပူဇော်ခြင်း ဝိသေသ ထူးမြတ်သော သက္ကာရတို့ကို တောင့်တသည့်ချမ်းသာ လိုရာရာအကျိုးများဖြင့် တိုးပွားမသွေ ချမ်းသာစေရည်မြော်လျက် ခံယူတော်မူထိုက်သောကြောင့် ရတော်မူသော အရဟံဟူသော အမည်တော်နာမ ဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား။

၂။ ဘဝအဆက်ဆက် အနမတဂ်သံသရာက အစဉ်တစိုက် လိုက်ပါခဲ့သော ကိလေသာအလေ့အလာ အထုံဝါသနာနှင့်တကွ ကိလေသာ

www.burmeseclassic.com



အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသောကြောင့် ရတော်မူသော အရဟံဟူသော အမည်တော်နာမပဝိသေသ ဂုဏ်တံခွန်ဖြင့် မိုးရွှန်ဘဝဂ် မဆန့် တက်အောင်နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရား။

၃။ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ မာနကိလေသာ ဒိဋ္ဌိကိလေသာ ဝိစိကိစ္ဆာကိလေသာ ထိနကိလေသာ ဥဒ္ဓစ္စကိလေသာ အဟိရိကကိလေသာ အနောတ္တပ္ပကိလေသာတည်းဟူသော သရုပ်အားဖြင့် ကိလေသာ ၁၀–ပါး၊ အကျယ်ပွားလျှင် တစ်ထောင့်ငါးရာ များလှစွာသော ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဓားသံလျက်ဖြင့် အကြွင်းမဲ့ခုတ်ဖြတ် ပယ်သတ်တော်မူပြီးသောကြောင့် ရတော်မူသော အရ–ဟံ ဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၄။ ပုံတောင်းတူစွာ အဝိဇ္ဇာတစ်ရပ် အကွပ်ပမာ ဇရာ မရဏ ပတ်လည်ခြေသည့် ပဋိစ္စသမုပ္ပါဒ် ရဟတ်သံသရာ ဘီးစကြာဝယ် သင်္ခါရမှ ဇာတိကျအောင် အလယ်ကဆယ်တန့် ထောက်အကန့်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် မဆက်မစပ် အကုန်လုံးပြတ်အောင် ခုတ်ဖြတ်ဖျက်ဆီး ရွှန့်ပယ်တော်မူပြီးသောကြောင့် ရတော်မူသော အရ–ဟံဟူသောအမည်တော် နာမ ။ပ။ မြတ်စွာဘုရား။

၅။ မှုက်မှောက် မှုက်ကွယ် အချင်းခပ်သိမ်း ဝင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော်မူသောကြောင့် ရတော်မူသော အရ–ဟံဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

www.burmeseclassic.com

www.burmeseclassic.com



## ၂-သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် ၂-ပုဒ်

၁။ ထူးသောဉာဏ်ဖြင့် သိသင့်သိထိုက်တဲ့ သစ္စာ ၄-ပါးတည်းဟူသော အဘိညေယျတရား ပိုင်းခြား၍ သိသင့်သိထိုက်တဲ့ ဒုက္ခသစ္စာတည်းဟူသော ပရိညေယျတရား၊ ပယ်သင့်ပယ်ထိုက်တဲ့ သမုဒယသစ္စာတရားတည်းဟူသော ပဟာတဗ္ဗတရား၊ မျက်မှောက်ထင်ထင် ဆိုက်ရောက်၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာတည်းဟူသော သစ္ဆိကာတဗ္ဗတရား၊ ပွားများသင့်ပွားများထိုက်တဲ့ မဂ္ဂသစ္စာတည်းဟူသော ဘာဝေတဗ္ဗတရားအားဖြင့် သစ္စာ ၄-ပါးခပ်သိမ်းသော တရားတို့ကို သူတစ်ပါးထံနည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၂။ ဝိဥ္စနဋ္ဌ-ညှင်းဆဲတတ်+ညှင်းဆဲအပ်သော အနက်သဘော၊ သခ်တဋ္ဌ-ပြုပြင်အပ်သော အနက်သဘော၊ သန္တာပဋ္ဌ-ပူလောင်စေတတ်သော အနက်သဘော၊ ဝိပရိဏာမဋ္ဌ-ဖောက်ပြန်ပြောင်းလဲ မတည်မြဲသော အနက်သဘော ဤသို့အားဖြင့် ဒုက္ခသစ္စာ၏ မဖောက်မပြန် မှန်ကန်သော အချက်သဘောအနက် ၄-ပါး၊ အာယူဟနဋ္ဌ-နှစ်သက်လိုချင် ခင်မင်တွယ်တာသောအားဖြင့် ဆင်းရဲပွားအောင် အားထုတ်ခြင်း အနက်သဘော၊ နိဒါနဋ္ဌ၊ ဆင်းရဲကိုအပ်နှင်းသကဲ့သို့ ဆင်းရဲဖြစ်ခြင်း၏ အကြောင်းအရင်းဖြစ်သော အနက်သဘော၊ သံယောဂဋ္ဌ-နှစ်သက်သာယာ တွယ်တာသောအားဖြင့် သံသရာဆင်းရဲနှင့် ယှဉ်တွဲစေတတ်သော အနက်သဘော၊ ပလိဗောဓဋ္ဌ- ဆင်းရဲ ဝဋ်ဒုက္ခဘဝမှ

www.burmeseclassic.com



မလွတ်ရအောင် ချည်နှောင်တွယ်ကပ်လျက် နှောင့်ယှက်ပိတ်ပင်တတ်သော အနက်သဘော—ဤသို့အားဖြင့် သမုဒယသစ္စာ၏ မဖောက်မပြန် မှန်ကန်သော အချက်သဘောအနက် ၄–ပါး၊ နိဿရဏဋ္ဌ–ဆင်းရဲဒုက္ခ သခါရတို့မှ ကင်းလွတ်ထွက်မြောက်သော အနက်သဘော၊ ဝိဝေကဋ္ဌ– သခါရဒုက္ခ လုံးဝကင်းရှင်း ဆိတ်ငြိမ်ခြင်းအနက်သဘော၊ အသခ်တဋ္ဌ၊ အကြောင်း တစ်စုံတစ်ခုက မပြုရသော အနက်သဘော၊ အမတဋ္ဌ–မသေမပျက်ဘဲ အမြဲတည်ရှိနေသော အနက်သဘော၊ ဤသို့အားဖြင့် နိရောဓသစ္စာ၏ မဖောက်မပြန် မှန်ကန်သော အချက်သဘောအနက် ၄–ပါး၊ နိယျာနဋ္ဌ– ဝဋ်ဆင်းရဲမှ ထွက်သွားတတ်၊ ထုတ်ဆောင်တတ်သော အနက်သဘော၊ ဟေတုဋ္ဌ နိရောဓသစ္စာခေါ် နိဗ္ဗာန်အငြိမ်းဓာတ်သို့ ဆိုက်ကပ် ဝင်ရောက်ခြင်း၏ အကြောင်းရင်းဖြစ်သော အနက်သဘော၊ ဒဿနဋ္ဌ–နိရောဓသစ္စာခေါ် နိဗ္ဗာန်အလင်းကို ဖောက်ထွင်းမြင်ကာ လေးသစ္စာကို ပိုင်နိုင်စွာ သိမြင်ခြင်း အနက်သဘော၊ အာဓိပတေယျဋ္ဌ၊ ဒုက္ခနှင့်နှိုင်းစာလျှင် လွန်စွာအထူး အကြီးအမှူးဖြစ်ခြင်း အနက်သဘော၊ ဤသို့အားဖြင့် မဂ္ဂသစ္စာ၏ မဖောက်မပြန် မှန်ကန်သော အချက်သဘော အနက် ၄–ပါး၊ ဤသို့လျှင် သစ္စာအနက် တစ်ဆယ့်ခြောက်ချက်သော သဘောမှန်တို့ဖြင့် ဆင်းရဲစစ်ဆင်းရဲ မှန်ဖြစ်သောဒုက္ခသစ္စာ၊ ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းအစစ်မှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာ ချမ်းသာအစစ်အမှန်ဖြစ်သော နိရောဓ သစ္စာ၊ ထိုချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းကောင်း အစစ်အမှန် ဖြစ်သော မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါး ခပ်သိမ်းသောတရားတို့

www.burmeseclassic.com



ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ်ဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓ-ဟူသော အမည်နာမ ။ပ။ မြတ်စွာဘုရား။

(ဤ၂-ပုဒ်တို့၌ အကျဉ်းအကျယ်မျှသာ ထုးသည်။)

၃-ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော် ၃-ပုဒ်

၁။ ဝိဇ္ဇာမည်သော ဉာဏ်ထူး ၃-ပါး၊ ဉာဏ်ထူး ၈-ပါး၊ စရဏ မည်သော အခြေခံအကျင့်တရား ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်တော်နာမ။ ပ ။မြတ်စွာဘုရား။

၂။ သုံးပါးဝိဇ္ဇာ ပု-ဒိ-အာနှင့် တစ်ဖြာထိုမှ ဝိ-မ-ဣ-ဒိ-စေ-ပု-ဒိ-အာ ဝိဇ္ဇာရှစ်မျိုး ပြည့်ဖြိုးလျှံထိန်၊ သီ-ဣန်-ဘောဇ-သဒ္ဓါ သတိ ဟိရီဩတ္တပ္ပ ဗာဟုသစ္စ ဝီရိယာ ပညာတစ်တန် ရူပဈာန်စု လေးခုအားဖြင့် ဆယ့်ငါးပါး စရဏတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်တော်နာမ။ ပ ။ မြတ်စွာဘုရား။

၃။ ရှေးရှေးဘဝဟောင်း အဆက်ဆက် ခန္ဓာဟောင်းအစဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေနှင့်တကွ အလုံးစုံသော အဆင်းခာတ် ရူပါရုံဟူသမျှကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝေါလေးဖြာ ကိလေသာခပင်းကို အကြွင်းမဲ့ ကုန်ပျက်စေတတ်သော အရဟတ္တမဂ် ပညာတည်းဟူသော အာသဝက္ခယဉာဏ်-ဤသို့အားဖြင့် ဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com



၃-ပါး အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ အစရှိသော ဝိပဿနာဉာဏ်၊ မိမိကိုယ်နှင့် ထပ်တူပြု၍ ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိဉာဏ်၊ အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်၊ အလုံးစုံသော အသံဓာတ် သဒ္ဒါရုံဟူသမျှကို ကြားသိနိုင်သော ဒိဗ္ဗသောတဉာဏ်၊ ခပ်သိမ်းသောသတ္တဝါတို့၏ စိတ်အလိုအကြံကို သိနိုင်သော စေတောပရိယဉာဏ်၊ ရှေးရှေးဘဝဟောင်း အဆက်ဆက် ခန္ဓာအဟောင်း အစဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေနှင့် တကွအလုံးစုံသော အဆင်းဓာတ်ရူပါရုံဟူသမျှကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝေါလေးဖြာ ကိလေသာခပင်းကို အကြွင်းမဲ့ ကုန်ပျက်စေတတ်သော အရဟတ္တမဂ်ပညာတည်းဟူသော အာသဝက္ခယဉာဏ် -ဤသို့အားဖြင့် ဝိဇ္ဇာ ၈-ပါး၊ ကိုယ်နှုတ်နှစ်ရပ်ကို ငြိမ်ဝပ်အောင် စောင့်စည်းခြင်း တည်းဟူသော ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြေ ၆-ပါး၊ တံခါး ၆-ရပ်တို့ကို ငြိမ်ဝပ်လုံခြုံအောင် စောင့်စည်းခြင်းတည်းဟူသော ဣန္ဒြိယသံဝရသီလ၊ အစာ၌အတိုင်းအရှည်ကို သိခြင်းဟူသော ဘောဇနေမတ္တညုတာ၊ ကျိန်းစက်ချိန်နည်းပါး၍ ဘာဝနာဖြင့် နိုးကြားခြင်းဟူသော ဇာဂရိယ၊ ယုံကြည်မှု၊ ကြည်လင်မှုဟူသော သဒ္ဓါတရား အောက်မေ့သင့်ရာ၌ အောက်မေ့မှု၊ အမှတ်ရမှုဟူသော သတိတရား၊ မကောင်းမှုမှ ရှက်တတ်သော ဟိရီတရား၊ မကောင်းမှုမှ ကြောက်တတ်သော ဩတ္တပ္ပတရား အကြားအမြင်များခြင်းဟူသော ဗာဟုသစ္စ၊ မနစ်မဆုတ် အားထုတ်ဟူသော ဝီရိယတရား၊ မှန်ကန်စွာသိတတ်သော ပညာတရား

www.burmeseclassic.com

www.burmeseclassic.com



ရူပါဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဤသို့အားဖြင့် စရဏတစ်ဆယ့်ငါးပါး ဤသို့လျှင် သတ္တဝါတို့၏ မျက်စိပမာ ဝိဇ္ဇာ–၃ပါး၊ ဝိဇ္ဇာ ၈–ပါးသတ္တဝါတို့၏ အတောင် ၂–ဘက် ခြေလက်အလား တစ်ဆယ့်ငါးပါးသော စရဏတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဟူသော အမည်တော်နာမ။ ပ ။မြတ်စွာဘုရား။

(ဤ ၃–ပုဒ်တို့၌ အကျဉ်း၊အလတ်၊အကျယ်အဖြစ်မျှသာထူးသည်။)

## ၄။ သုဂတဂုဏ်တော် ၄–ပုဒ်

၄။ မမှန် အကျိုးမရှိ သူနာလို+မနာလို၊ မှန်သော်လည်း အကျိုးမရှိ သူနာလို မနာလိုအားဖြင့် ပြားသော စကား ၄–ခွန်းကိုပယ်၍ ဟုတ်မှန် အကျိုးများ သူတစ်ပါးနာလို+မနာလိုအားဖြင့်ပြားသော စကားကောင်း နှစ်ခွန်းကိုသာ သင့်လျော်သောအခါ၌ မိန့်ဆိုတော်မူတတ်သောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၂။ ဘေးမဲ့ရပ်ခွင် နိဗ္ဗာန်ဝင်ဖို့ မဂ္ဂင်ရှစ်စင်း တင့်တယ်သော ကြွသွားခြင်း ရှိတော်မူသောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၃။ မကောင်းညစ်ညမ်း အလွန်ဆိုးသွမ်းသည့် ဘေးဘျမ်းအနန္တ ဝဋ်ဆင်းရဲ သံသရာတို့မှ ကောင်းလှတဲ့စခန်း ပြည်နိဗ္ဗာန်မြနန်းသို့ ကြွလှမ်း ဆိုက်ရောက်တော်မူသောကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဒီပင်္ကရာ မြတ်စွာခြေရင်း တံတားခင်း၍ ဝပ်စင်းဦးခ နိယတ ဗျာဒိတ် အောင်ဘိသိက်ပန်း ဆင်းမြန်းသည်မှ အဦးစ၍ ဖောဓိမဏ္ဍိုင်ကျ အောင် အန္တ ၂–ပါး အယုတ်တရားသို့ မလားမသိ ပါရမီစာဂ စရိယာအနှစ် ဘုရားဖြစ်ကြောင်း အကျင့်ကောင်းတို့ကို ဆင့်လောင်းဖြည့်စွမ်း အလယ်လမ်းဖြင့် ဖြောင့်တန်းစေ၍ သဗ္ဗညုတ်ကို ရည်သန်လျက်သာ ကြွလာတော်မူသော ကြောင့် ရတော်မူသော သုဂတဟူသော အမည်တော်နာမ ။ပ။ မြတ်စွာ ဘုရား။

## ၅။ လောကဝိဒူဂုဏ်တော် ၂–ပုဒ်

၁။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတည်း ဟူသော လောကသုံးပါးကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိမြင်တော်မူသောကြောင့် ရတော်မူသော လောကဝိဒူ ဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၂။ အနန္တများစွာ သတ္တဝါအပေါင်းတည်းဟူသော သတ္တလောက သတ္တဝါတို့၏ တည်နေရာ ၃၁–ဘုံဌာန အနန္တစကြဝဠာ ဂြိုလ်တာရာနှင့် သမုဒ္ဒရာ ရေ မြေ တော တောင် လေမှ အဦးစ၍ ဗဟိဒ္ဓရုပ် အပေါင်း တည်းဟူသော ဩကာသလောက၊ သတ္တဝါနှင့် ဩကာသ နှစ်ဝသန္တာန် ရုပ်နာမ်ဟူသမျှ သင်္ခါရတရားအပေါင်းတည်းဟူသော သင်္ခါရလောကအားဖြင့် လောကသုံးပါးကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာ အားဖြင့် မြင်သိတော်မူသောကြောင့် လောကဝိဒူဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

www.burmeseclassic.com

www.burmeseclassic.com



(ဤ ၂-ပုဒ်၌ အကျဉ်းအကျယ်မျှသာ ထူးသည်။)

## ၆။ အနုတ္တရဂုဏ်တော် ၁–ပုဒ်

အတုမရှိ မြင့်မြတ်သော သီလဂုဏ် ကျေးဇူးတော်တည်းဟူသော သီလက္ခန္ဓာ၊ သမာဓိဂုဏ်ကျေးဇူးတော်တည်းဟူသော သမာဓိက္ခန္ဓာ၊ ပညာဂုဏ်ကျေးဇူးတော် တည်းဟူသော ပညာက္ခန္ဓာအရဟတ္တဖိုလ်ဂုဏ်ကျေးဇူးတော်တည်းဟူသော ဝိမုတ္တိက္ခန္ဓာ၊ ပစ္စဝေက္ခဏာဉာဏ်ပညာ ဂုဏ်ကျေးဇူးတော်တည်းဟူသော ဝိမုတ္တိဉာဏဒဿနက္ခန္ဓာတည်းဟူသော ငါးပါးသော ဂုဏ်ကျေးဇူးအထူးမြတ်ဆုံးတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ သုံးပါးသောလောက၌ တူမျှသူမရှိဘဲ အလွန်အကဲ အမြင့်မြတ်ဆုံးဖြစ်တော်မူသောကြောင့် ရတော်မူသော အနုတ္တရဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

## ၇–ပုရိသ ဓမ္မသာရထိ ဂုဏ်တော် ၁–ပုဒ်

မယဉ်ကျေး မလိမ္မာ ပညာဉာဏ်ကင်း အလွန်အမင်း ရိုင်းပြ၍ ဆုံးမတော်မူထိုက်သည့် ပရိဗိုဇ်သစ္စက အာဠာဝက နတ်ဘီလူးတစ်ဦး၊ ထိုမှ ဗကဗြဟ္မာ နာဠာဂီရိ အစရှိသော လူယောကျ်ား၊ နတ်ယောကျ်ား၊ တိရစ္ဆာန်ယောကျ်ားတို့ကို တရားမြတ်ဆေး အစဉ်ကျွေး၍ ယဉ်းကျေးလိမ္မာ ဖြစ်စေကာဖြင့် သုံးဖြာသရဏဂုံ ငါးစုံသီလ တည်ကြစေလျက် ဈာန် မဂ်ဖိုလ်တိုင် ရရှိနိုင်အောင် ပိုင်ပိုင်လှလှ နေရာကျဖြင့် ဆုံးမတော်မူတတ်သောကြောင့် ရတော် မူသော ပုရိသဒမ္မသာရထိဟူသော အမည်တော် နာမ ။ပ။ မြတ်စွာဘုရား။

www.burmeseclassic.com

www.burmeseclassic.com



(လက်သည်းကွင်းဖြင့် ပြသော အထက်ပါ ၆–၇–၂–ပုဒ်တို့မှာ ခွဲ၍ယူလျှင် ရသောဂုဏ်ပုဒ်တို့ဖြစ်သည်။)

## ၆–(၆–၇) အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော် ၁–ပုဒ်

မယဉ်ကျေး မလိမ္မာ ပညာအသိမရှိကြသေး မပြည့်ဝသေး၍ ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်ကျေးလိမ္မာ ပညာပြည့်ဝ အချိုးကျအောင် ဆုံးမညွှန်ကြားမှု၌ အတုမရှိ အမြင့်မြတ်ဆုံးဖြစ်တော်မူသောကြောင့် ရတော်မူသော အနုတ္တရောပုရိသဒမ္မသာရထိ ဟူသော အမည်တော်နာမ ။ ပါ။ မြတ်စွာဘုရား။

## ၇–(၈) သတ္ထာဒေဝမနုဿာ ဂုဏ်တော် ၂–ပုဒ်

၁။ လူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့ကို မကောင်းဆိုးဝါး အကျိုးမဲ့အမှုများမှ ပိတ်ဆို့မြစ်တားလျက် ကောင်းကျိုးချမ်းသာ ဖြစ်ဖွယ်ရာအကြောင်းတို့ဖြင့် ကောင်းကောင်းညွှန်ပြ ကြီးကျယ်သော လုံ့လဖြင့် ဆုံးမတော်မူတတ်သည့် ဆရာမြတ်အစစ် တစ်ပါးတည်း ဖြစ်တော်မူသောကြောင့် ရတော်မူသော သတ္ထာဒေဝမနုဿာနံဟူသော အမည်တော် နာမ ။ပါ။ မြတ်စွာဘုရား။

၂။ ဓားပြ ခိုးသူ တောပုံးထူသော ခရီးခဲတည်းဟူသော စောရကန္တာရ၊ ခြင်္သေ့၊ ဝံကျား၊ သားရဲများသော ခရီးခဲတည်းဟူသော ဝါဠကန္တာရ၊ သောက်ရေ သုံးရေမရ ရှားပါးလှသော ခရီးခဲတည်းဟူသော နိရုဒကကန္တာရ၊ သစ်သီးသစ်ရွက်မှစ၍ အစာအာဟာရရှားပါးလှသော ခရီးခဲတည်းဟူသော အပ္ပဘက္ခကန္တာရ၊ လူသားစားကြူး ဘီလူးသဘက် ပေါ်များသည့် ခရီးခဲတည်း

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အမနုဿကန္တာရအားဖြင့် ငါးပါးသော ခရီးခဲခရီးခက်တို့မှ မလွတ်ထွက် နိုင်ဘဲ ဆင်းရဲညစ်နွမ်း ပင်ပန်းနေသော လှည်းကုန်သည်တို့ကို ထိုခရီးခဲ ခရီးခက်တို့မှ လွတ်ထွက်နိုင်အောင် ထုတ်ဆောင်မနှေး ရန်ဘေးကင်းပ အေးမြ သာယာ မြို့ပြည်ရွာသို့ ကောင်းစွာဆောင်ပို့သည့် ကူးတို့ဦးစီး လှည်းမှူးခေါင်း ဆောင်ကြီးပမာ အသစ်သစ် အဖန်ဖန်ဖြစ်ရမှု မစဲသည့် ခရီးခဲမှန်စွာ သံသရာ တည်းဟူသော ဇာတိကန္တာရ၊ အဖန်ဖန် ယိုယွင်း၍ အိုမင်းဆွေးမြည့်ရမှု မစဲသည့် ခရီးခဲမှန်စွာ သံသရာတည်းဟူသော ဇရာကန္တာရ၊ အဖန်ဖန် မကျန်း မမာ ဖျားနာရမှု မစဲသည့် ခရီးခဲမှန်စွာ သံသရာတည်းဟူသော ဗျာဓိကန္တာရ၊ အဖန်ဖန် ခန္ဓာကိုယ်ပျက်ပြုန်း၍ သေဆုံးရမှု မစဲသည့် ခရီးခဲမှန်စွာ သံသရာ တည်းဟူသော မရဏကန္တာရအားဖြင့် လေးပါးသော သံသရာရေဝဲ ခရီးခက် ခရီးခဲတို့၌ ဆင်းရဲနစ်မွန်းလျက် ပင်ပန်းနေသော ဖြဟ္မာနတ်လူ သုံးဘုံသူ တို့ကို ကြည်ဖြူအေးမြ ဘေးကင်းပသည့် အမတစခန်း ပြည်နိဗ္ဗာန်မြနန်း သို့ တက်လှမ်းဝင်ဖို့ ထုတ်ဆောင်ပို့သဖြင့် နတ်လူတို့၏ဆရာ သတ္တဝါတို့၏ နာထ မဟာနာယက ဦးစီးအမှူးကြီး ဖြစ်တော်မူသောကြောင့် ရတော်မူသော သတ္ထာဒေဝမနုဿာနံ ဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

## ၈–(ဃ) ဗုဒ္ဓဂုဏ်တော် ၅–ပုဒ်

၁။ သစ္စာ ၄–ပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားကျနကိုယ်တော် တိုင်သိရ၍ ဝေနေယျများစွာ သတ္တဝါတို့အား ဟောကြားသိစေတော်မူ

www.burmeseclassic.com



သောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၂။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန် ပညတ်အားဖြင့် ဉေယျငါးပါး သိသင့်သိထိုက်သော တရားတို့ကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၃။ စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါးဟူသော သင်္ခါရတရား၊ ဝိကာရရုပ် ငါးပါးဟူသော ဝိကာရတရား၊ သင်္ခတလက္ခဏာ သာမညလက္ခဏာဟူသော လက္ခဏာတရား၊ နိဗ္ဗာန်တရား၊ အမျိုးမျိုးသော ပညတ်တရားအားဖြင့် ပိုင်းခြား၍ သိသင့်သိထိုက်သော ဉေယျငါးပါး-သင်္ခတ အသင်္ခတစသည်ပြားသော တရားအလုံးစုံကို အကုန်အစင် ကိုယ်တော်တိုင် သိမြင်တော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၄။ သဗ္ဗညုတဉာဏ်တော် အစရှိသော ဝိမောက္ခန္တိကဉာဏ်တော် ပေါင်း အနန္တတို့နှင့် လုံးဝဥဿုံပြည့်စုံတော်မူသည်ဖြစ်၍ သစ္စာလေးတန် ဉေယျငါးပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၅။ သစ္စာလေးပါးကို ပိုင်းခြား၍သိသော စတုသစ္စဉာဏ်တော် ၄-ပါး (အကျိုးတရား၊ နိဗ္ဗာန် ဟောအပ်သောအနက်၊ ဝိပါက်၊ ကိရိယာ ငါးပြား

www.burmeseclassic.com

www.burmeseclassic.com



သော အတ္ထဟူသော) အကျိုးအနက်တို့ကို ဖောက်ထွင်းဖွင့်လှန် ဝေဖန်ခွဲခြား အပြားအားဖြင့် သိသောအတ္ထပဋိသမ္ဘိဒါဉာဏ်၊ (အကြောင်းတရား၊ အရိယာမဂ်၊ ဒေသနာပါဠိ၊ ကုသိုလ်၊ အကုသိုလ်အားဖြင့် ငါးပါးသောဓမ္မဟူသော) အကြောင်းပါဠိတို့ကို ဖောက်ထွင်းဖွင့်လှန် ဝေဖန်ခွဲခြား အပြားအားဖြင့် သိသော ဓမ္မပဋိသမ္ဘိဒါဉာဏ် ပါဠိသဒ္ဒါ အမှားအမှန်ကို ဝေဖန်ခွဲခြား အပြားအားဖြင့် သိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ စဉ်းစားဆင်ခြင်က အမှန်ရအောင် ဉာဏ်ဟူသမျှကိုသိသော ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်၊ သတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့် အဆင့်ဆင့်ကို ထောက်ချင့် သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိမည်သော(ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် လုံးဝမပိုင် မသက်ဆိုင်သော) အသာဓာရဏဉာဏ်တော်၊ သတ္တဝါတို့၏ အလိုအကြိုက်ဖြစ်သော အယူအမှားနှင့် အသိဉာဏ်ဟူသော စိတ်ဓာတ်၏ ကိန်းဝပ်တည်နေရာ အာသယနှင့် အကြောင်းညီညွတ်လျှင်ဖြစ်နိုင်သော ကိလေသာဟူသော အနုသယတို့ကို သိစွမ်းနိုင်သော အာသယာနုသယ မည်သော (ပ) အသာဓာရဏဉာဏ်တော်၊ ရေအယဉ်မီးလျှံ အဖန်ဖန်ဖြင့် ပြန်လှန်ဖုံဖုံ အစုံစုံတန်ခိုး ပြာဋိဟာ အမျိုးမျိုးကို စိုးမိုးနိုင်နင်း တစ်ခဏချင်းဖြင့် ဖန်ဆင်းစီရင်တော်မူနိုင်သော ယမကပါဋိဟာရိယမည်သော (ပ) အသာဓာရဏဉာဏ်တော်၊ အလုံးစုံများစွာ သတ္တဝါ အပေါင်းတို့အား ရင်ဝယ်သားကဲ့သို့ သနားခြင်းကြီးစွာ မဟာကရုဏာနှင့် ယှဉ်သော မဟာကရုဏာ သမာပတ္တိမည်သော (ပ) အသာဓာရဏဉာဏ်တော်၊ ရှိရှိသမျှ တရားအလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတမည်သော (ပ) သာဓာရဏဉာဏ်တော်၊ ကြည့်ရှုဆင်ခြင်လျှင် ပိတ်ပင်ကွယ်ခြား ငြိတား

www.burmeseclassic.com

www.burmeseclassic.com



မရှိ ထုတ်ချင်းပေါက်သိမြင်နိုင်သော အနာဝရဏမည်သော (ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် လုံးဝမပိုင် မသက်ဆိုင်သော) အသာဓာရဏဉာဏ်တော် ဤသို့အားဖြင့် ဗုဒ္ဓဉာဏ်တော် ၁၄-ပါး။

(၁) အကြောင်း-ဟုတ်-မဟုတ်၊ မှန်-မမှန်ကို ကောန်သိနိုင်သော ဌာနာ ဌာနကောသလ္လဉာဏ်တော်၊ (၂) ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုး ပေး ဝိပါက်ကို ဂတိ၊ ဥပဓိ၊ ကာလ၊ ပယောဂဟူသော အထောက်အပံ့ ပစ္စယ အကြောင်းအားဖြင့်လည်းကောင်း၊ ကံဟူသော မူလအကြောင်းရင်း အားဖြင့်လည်းကောင်း၊ ပိုင်းခြား၍သိနိုင်သော ကမ္မဝိပါကဉာဏ်တော်၊ (၃) အလုံးစုံသော ဂတိငါးတန်နှင့် နိဗ္ဗာန် အငြိမ်းဓာတ်သို့ ဆိုက်ရောက် စေတတ်သည့် ပဋိပတ် အကျင့်လမ်းကို ဖြောင့်တန်းစွာသိနိုင်သော သဗ္ဗတ္ထ ဂါမိနီပဋိပဒါဉာဏ်တော်၊ (၄) စက္ခုဓာတ် ကာမဓာတ်အစရှိသော များပြား သော ဓာတ်နှင့် အချင်းချင်း သဘောလက္ခဏာအားဖြင့် ထူးခြားသော ဓာတ်ရှိသော ခန္ဓာငါးပါးဟူသော ခန္ဓာလောက၊ အာယတန ၁၂-ပါးဟူသော အာယတနလောက၊ ဓာတ် ၁၈-ပါးဟူသော ဓာတ်လောကတို့ကို ခွဲခြား ဝေဖန်၍ ကောန်သိနိုင်သော အနေကဓာတု နာနာဓာတုလောကဉာဏ်တော်၊ (၅) သတ္တဝါတို့၏ စိတ်နေစိတ်ထား နှလုံးသွင်းပုံ အစားစာကို ပိုင်းခြား၍ သိသော နာနာဓိမုတ္တိကဉာဏ်တော်၊ (၆) သတ္တဝါတို့၏ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့် အဆင့်ဆင့်ကို ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယပရော ပရိယတ္တိဉာဏ်တော်၊ (၇) ရူပဈာန် ၄-ပါး၊ ဝိမောက္ခ ၈-ပါး၊ သဝိတက္က သဝိစာရစသော သမာဓိ ၃-ပါး၊ ရူပ၊-အရူပ နိရောဓဟူသော သမာပတ်

www.burmeseclassic.com



၉-ပါးတို့၏ ညစ်နွမ်းခြင်း -သံကိလေသ-ဖြူစင်ခြင်း၊ ဝေါဒါန၊ သမာပတ်မှ ထကြောင်း ဘဝင်စိတ် ဖိုလ်စိတ်နှင့် အထက်ဈာန်သို့ ရောက်နိုင်ကြောင်း ကောင်းကောင်းလေ့လာထားပြီးသော အောက်ဈာန်ဟူသော ဝုဋ္ဌာနတို့ကို မှချသိစွမ်းနိုင်သော ဈာနဝိမောက္ခသမာဓိ သမာပတ္တိ သံကိလေသာ ဝေါဒါန ဝုဋ္ဌာနဉာဏ်တော်၊ (၈) ပုဗ္ဗေနိဝါသဉာဏ်တော်၊ (၉) ဒိဗ္ဗစက္ခုဉာဏ်တော်၊ (၁၀)အာသဝက္ခယဉာဏ်တော် ဤသို့အားဖြင့် ဒသဗလဉာဏ်တော်၁၀-ပါး။

ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် ကောန်သိသော သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံတော်မူရာ၌လည်းကောင်း၊ အာသဝကိလေသာ ခပ်သိမ်း အကုန်ငြိမ်းပြီးသော ခီဏာသဝဟု ဝန်ခံတော်မူရာ၌ လည်းကောင်း၊ နတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ကိုပြုတတ်သော အန္တရာယိကဓမ္မတို့ကို ဟောကြားတော်မူရာ၌လည်းကောင်း၊ အရိယမဂ်တရားကို သံသရာဝဋ်မှ ထွက်သွားတတ်သော ထုတ်ဆောင်တတ်သော နိယျာနိကဓမ္မဟု ဟောကြားတော်မူရာ၌လည်းကောင်း ဤလေးပါးသောဌာနတို့၌ နတ်လူနှင့်တကွ တလောကလုံးတွင် တစ်ဦးတစ်ယောက်မျှ အကြောင်းနှင့်တကွ အပြစ်ပြ၍ စောဒကဝင်နိုင်ဖွယ် အရိပ်နိမိတ် တစ်စုံတရာမျှမရှိသဖြင့် မကြောက်မရွံ့ ရဲရင့်တော်မူခြင်းကို ဆင်ခြင်တော်မူသောအခါဝယ် ဝမ်းသာရွှင်လန်းမူသောမနသသနှင့်ယှဉ်သော စတုဝေသာရဇ္ဇဉာဏ်တော် ၄-ပါး။

မင်းတို့၏ အစည်းအဝေးဟူသော ခတ္တိယပရိသတ်၊ ပုဏ္ဏားတို့၏ အစည်းအဝေးဟူသော ဗြာဟ္မဏပရိသတ်၊ သေဋ္ဌေးသူကြွယ်တို့၏... ဂဟပတိပရိသတ်၊ ရသေ့ရဟန်းတို့၏ သမဏပရိသတ်၊ စာတုမဟာရာဇိက နတ်တို့၏

www.burmeseclassic.com



…စာတုမဟာရာဇိက ပရိသတ်၊ တာဝတိံသာ နတ်တို့၏ …တာဝတိံသာ ပရိသတ်၊ မာရ်နတ်ဘက်တော်သား နတ်တို့၏…မာရပရိသတ် ဖြဟ္မာတို့၏ အစည်းအဝေးတည်းဟူသော ဗြဟ္မာပရိသတ်အားဖြင့် ရှစ်ပါးသောပရိသတ်တို့၏ ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရင့်စွာ ဝင်ရောက်ဟော ပြောနိုင်ခြင်းကို သင်ခြင်တော်မူသောအခါဝယ် ဝမ်းသာရွှင်လန်းမှု သောမနဿနှင့်ယှဉ်သော အဋ္ဌပရိသာဝစသောရဉ္ဇာဏ်တော် ၈–ပါး။

ဥမှပေါက်ဖွားသောသတ္တဝါမျိုးဟူသော အဏ္ဍဇယောနိ၊ သားအိမ်မှ ပေါက်ဖွားသော သတ္တဝါမျိုးဟူသော ဇလာဗုဇယောနိ၊ အညှိ၌ ဖြစ်ပွားသော သတ္တဝါမျိုးဟူသော သံသေဒဇယောနိ၊ အနီး၌ကျလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့်အစုံဖြစ်သော ဥပပါတ်ယောနိအားဖြင့် လေးပါးသောယောနိတို့ကို ပိုင်းခြား၍သိသော စတုယောနိ ပရိစ္ဆေဒဉာဏ်တော် ၄–ပါး။

နတ် လူ တိရစ္ဆာန် ပြိတ္တာ ငရဲတည်းဟူသော ဂတိငါးပါးကို ပိုင်းခြား၍ သိသော ပဉ္စဂတိပရိစ္ဆေဒဉာဏ်တော် ၅–ပါး။

ဇရာမရဏဟူသော ဒုက္ခ၌သိသောဉာဏ်၊ ဇရာမရဏ၏ ဖြစ်ကြောင်း ဇာတိဟူသော ဒုက္ခသမုဒယ၌ သိသောဉာဏ်၊ ဇရာမရဏ၏ ချုပ်ခြင်းဟူသော နိရောဓ၌သိသောဉာဏ်၊ ဇရာမရဏ၏ချုပ်ခြင်း နိရောဓသို့ရောက်ကြောင်း ဖြစ်သော မဂ္ဂ၌သိသောဉာဏ်၊ ဇာတိဟူသော ဒုက္ခ၌သိသောဉာဏ် ။ပ။ သင်္ခါရတို့ဟူသော ဒုက္ခ၌သိသောဉာဏ်၊ သင်္ခါရတို့၏ဖြစ်ကြောင်း အဝိဇ္ဇာ ဟူသေ ဒုက္ခသမုဒယ၌ သိသောဉာဏ်၊ သင်္ခါရတို့၏ ချုပ်ခြင်းဟူသော နိရောဓ၌သိသောဉာဏ်၊ သင်္ခါရတို့၏ ချုပ်ခြင်း နိရောဓသို့ ရောက်ကြောင်း

www.burmeseclassic.com



ဖြစ်သော မဂ္ဂဥ္ဆသိသောဉာဏ်၊ ဤသို့အားဖြင့် ၄၄-ပါးသောဉာဏ်တော်။

ဇာတိကြောင့် ဇရာမရဏ ဖြစ်သည်ဟု သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာမရဏမရှိဟုသိသောဉာဏ်၊ အတိတ်ကာလ၌လည်း ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟု သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာ မရဏမရှိဟု သိသောဉာဏ်၊ အနာဂတ်ကာလ၌လည်း ဇာတိကြောင့် ဇရာ မရဏ ဖြစ်သည်ဟု သိသောဉာဏ်၊ ဇာတိမရှိလျှင် ဇရာမရဏမရှိဟု သိသောဉာဏ်၊ ထိုဉာဏ် ၆-ပါးကို ကုန်ခြင်းသဘောရှိသည်။ ပျောက်ခြင်း သဘောရှိသည်။ ပျက်ပြယ်ခြင်း သဘောရှိသည်။ ချုပ်ခြင်းသဘောရှိသည်ဟု သိသောဉာဏ် ။ပ။ အဝိဇ္ဇာကြောင့် သင်္ခါရ တို့ဖြစ်ကြသည်ဟု သိသောဉာဏ်၊ အဝိဇ္ဇာမရှိလျှင် သင်္ခါရ တို့ဖြစ်ကြသည်ဟု သိသောဉာဏ်၊ အတိတ်ကာလ၌လည်း... အနာဂတ် ကာလ၌လည်း... ထိုဉာဏ် ၆-ပါးကို ကုန်ခြင်းသဘော ရှိသည်။ ပျောက်ခြင်း သဘောရှိသည်။ ပျက်ပြယ်ခြင်းသဘောရှိသည်။ ချုပ်ခြင်းသဘောရှိသည်ဟု သိသောဉာဏ် ဤသို့အားဖြင့် ၇၇-ပါးသော ဉာဏ်တော်။

ဤသို့စသည်ဖြင့် အရဟတ္တမဂ်ဟူသော ဝိမောက္ခ၏ အဆုံး၌ ဖြစ်၍ ဝိမောက္ခမည်သော အရဟတ္တဖိုလ်ကို ရသည်နှင့်တစ်ပြိုင်နက် ရအပ်သော ဉာဏ်တော်များဖြစ်၍ ဝိမောက္ခန္တိကမည်သော ဉာဏ်တော်ပေါင်းအနန္တတို့နှင့် လုံးဝဥဿုံပြည့်စုံတော်မူသည်ဖြစ်၍ သစ္စာလေးတန် ညေယျခံငါးပါး ခပ်သိမ်း သောတရားတို့ကို ဗိုင်းခြားဝေဖန် ကြွင်းကျန်မရှိ ခပ်သိမ်းသောအခြင်းအရာ အားဖြင့် သိတော်မူသောကြောင့် ရတော်မူသော ဗုဒ္ဓဟူသော အမည်တော်ဖြမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နံ့လျက်ရှော်စော

www.burmeseclassic.com

www.burmeseclassic.com



တော်မူပေသော မြတ်စွာဘုရား။

ဤဗုဒ္ဓဂုဏ်တော် ၅-ပုဒ်တို့တွင် ၂-နှင့် ၃-၄-နှင့် -၅-တို့သည် အကျဉ်းနှင့်အကျယ် အဖြစ်မျှသာ ထူးကြသည်။

## ၉-(၁၀) ဘဂဝါဂုဏ်တော် ၉-ပုဒ်

၁။ လွန်ကဲထူးမြတ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ထက် လွန်ကဲမြင့်မြတ်သော ပုဂ္ဂိုလ်ထူး အဖြစ်ဖြင့် အလေးပြုအစ် ပြုထိုက်သောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၂။ လောကီ လောကုတ္တရာချမ်းသာတို့ကို ဖြစ်စေနိုင်သော ဒါန၊ သီလ စသည် အလီလီအဆင့်ဆင့်အမြင့်မြတ်ဆုံး ဘုန်းကံတော်အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၃။ လောဘ၊ ဒေါသ၊ မောဟ အစရှိသော တစ်သိန်းမက များစွာသော ကိလေသာတို့ကိုလည်းကောင်း၊ အကျဉ်းချုပ်အားဖြင့် ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ ဒေဝပုတ္တမာရ် ဟူသော မာရ်ငါးပါးတို့ကို လည်းကောင်း ချိုးဖျက် ပယ်ရှင်းတော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၄။ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘဂခေါ်ဝေါ် ၆-ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၅။ ကိုယ်တော်နှင့် စိတ်တော်ကို ဝသီဘော်ပြောက်အောင် အခေါင် အထွတ် ဆန္ဒည္တတ်ရှိင်း အလိုရှိတိုင်း နိုင်နင်း၍ အစိုးရတော်မူခြင်းတည်း ဟူသော ဣဿရိယဘုန်းတော်၊ လောကီလောကုတ္တရာတို့၏ အညွန့်အဖူး အထူးအမြတ်အဆုံးဖြစ်တော်မူသော ဈာန် အဘိညာဉ် မဂ်ဖိုလ်တရားတည်း ဟူသော ဓမ္မဘုန်းတော်၊ ဟုတ်မှန်သည့်အတိုင်း ဘဝင်ရိုင်းအောင် ပျံ့လွှင် ထင်ရှား ကျော်ကြားတော်မူခြင်းတည်းဟူသော ယသဘုန်းတော်၊ ယောကျ်ား မြတ်တို့၏ ၃၂-ပါးသောလက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာ တော်ငယ်၊ ရောင်ခြည်တော် ၆-သွယ်တို့ဖြင့် တင့်တယ်ဝင်းပ သပ္ပာယ်တော်မူ လှသည့် ရူပကာယ၏ ပြည့်စုံတော်မူခြင်း၊ ကျက်သရေတော်တည်းဟူသော သိရိဘုန်းတော် ကိုယ်တော်မြတ်၏ အကျိုးစီးပွား ဝေနေယျ သတ္တဝါအပေါင်း၏ အကျိုးစီးပွားတည်းဟူသော အတ္တဟိတ ပရဟိတ ၂-ပါးတို့ကို အလိုဆန္ဒတော် အတိုင်းပြီးစီး ပြည့်စုံစေနိုင်သော ကာမဘုန်းတော်၊ တလောကလုံး၏ ဆရာဖြစ် ကြောင်း ကောင်းမြတ်သော လုံ့လသမ္မပ္ပဓာန်ဝီရိယတည်းဟူသော ပယတ္တ ဘုန်းတော် ဤသို့အားဖြင့် ဘဂခေါ် ဝေါ် ၆-ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၆။ အလုံးစုံသော သဘောတရားတို့ကို ကုသိုလ်စသည်ခွဲခြား စသည် တို့ဖြင့်လည်းကောင်း၊ သစ္စာ ၄-ပါးကို တစ်ဆယ့်ခြောက်ချက်သော သဘော အနက်တို့ဖြင့်လည်းကောင်း၊ ဝေဖန်လှစ်ဟပေါ်ပြတော်မူသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၇။ ဝိကာရ ၃-ပါး၊ ဝိဝေက ၃-ပါး၊ ဝိမောက္ခ ၃-ပါးတို့ကို လည်းကောင်း၊ ထို့ပြင် လောကီးလောကုတ္တရာတရားထူးတို့ကို လည်းကောင်း မှိဝဲဆည်းကပ်တော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၈။ ကသိုဏ်းစသည်ကို အာရုံပြု၍ဖြစ်သော ရူပဈာန်ဟူသော ဒိဗ္ဗဝိဟာရ၊ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဈာန်ဟူသော ဗြဟ္မဝိဟာရ၊ ဖလသမာပတ်ဟူသော အရိယဝိဟာရအားဖြင့် ၃-ပါးသော ဝိဟာရတို့ကို လည်းကောင်း၊ ကာမဂုဏ်ငါးပါးမှ ဆိတ်ငြိမ်ရာ၌ နေခြင်းဟူသော ကာယ၊ ဝိဝေက၊ ပထမဈာန်စသည်ဖြင့် နီဝရဏစသည်တို့မှ ဆိတ်ခြင်းဟူသော စိတ္တဝိဝေက၊ ဥပဓိ ၄-ပါးမှ ဆိတ်သော နိဗ္ဗာန်ဟူသော ဥပဓိဝိဝေကအားဖြင့် ၃-ပါးသော ဝိဝေကတို့ကို လည်းကောင်း၊ အနတ္တာနုပဿနာဖြင့် ရသည့် မဂ်တည်းဟူသော သုညတ ဝိမောက္ခ၊ ဒုက္ခာနုပဿနာဖြင့်ရသည့် မဂ်တည်းဟူသော အပ္ပဏိဟိတ ဝိမောက္ခ၊ အနိစ္စာနုပဿနာဖြင့်ရသည့် မဂ်တည်းဟူသော အနိမိတ္တ ဝိမောက္ခအားဖြင့် ၃-ပါးသော ဝိမောက္ခတို့ကို လည်းကောင်း၊ ထိုမှတစ်ပါးသော လောကီဈာန် အဘိညာဏ်တို့နှင့် လောကုတ္တရာ သမာပတ်တို့ကိုလည်းကောင်း၊ မှိဝဲဆည်းကပ်တော်မူပြီးသောကြောင့် ရတော်မူသော ဘဂဝါဟူသော အမည်တော်နာမ ။ပ။ မြတ်စွာဘုရား။

၉။ ကာမရူပ အရူပဟူသော ဘဝသုံးပါး၌ အစဉ်မနားပြေးသွား နေသော ဘဝတဏှာကို ထွေးအန်စွန့်ပယ်တော်မူပြီးသောကြောင့် ရတော်

www.burmeseclassic.com

www.burmeseclassic.com



မှုသော ဘာဂဝါဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နံ့လျက်ကျော်စောတော်မူပေသော မြတ်စွာဘုရား။

(ဤဘာဂဝါဂုဏ်တော် ၉–ပုဒ်တို့တွင် ၄–နှင့် ၅၊ ၇–နှင့် ၈–တို့သည် အကျဉ်းနှင့် အကျယ်အဖြစ်မျှသာ ထူးသည်။)

ဤသို့လျှင် အရဟံအစရှိသော ၉–ပါးသော ဂုဏ်တော်၊ ၁၀–ပါးသော ဂုဏ်တော်၊ အနန္တဂုဏ်တော် ကျေးဇူးတော်တို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

(၃–ကြိမ်ထပ်၍ ဆိုပါ။)

ဂုဏ်တော် ၉–ပါး ဘုရားရှိခိုးပြီး၏။

(၄–၆–၇၀)ရက်နေ့ ပြင်ဆင် ရေးကူးပြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



## မဟာစည်ဓမ္မဒေသနာဆောင်ပုဒ်များ

### ၁၃၃၀-ခုနှစ်၊ ကဆုန်လဆုတ် ၁-၂-၃-ရက်နေ့ ညနေများတွင် ကျားကူးဓမ္မဗိမာန်တော်ကြီး၌ ဟောကြားသော ဗုဒ္ဓမြတ်စွာ၏ ဝါတော်စဉ် အကျဉ်းဆောင်ပုဒ်များ

ပ-ဗာ-တိ-ရာ၊ ဝေ-မ-ဘာ-ဝယ်၊ တစ်ဝါစီရှု၊ ရှစ်သံသုနှင့်၊ ကိုးခု စ-ကာ၊ ကောပါနာဝေ၊ စာ ဇေ-က-အာ၊ ရာ-စာ-စာ၌၊ တစ် ဝါစီမျှ၊ ရာဝီသတည့်၊ ထိုမှနောက်ဝယ်၊ ဝါနှစ်ဆယ်နှင့်၊ စွန်းကယ်လေး ဖြာ၊ သာဝတ်မှာ၊ ဆုံးဝါဝေပြုတည်း။

## ရှင်းလင်းချက်

ပ-ဗာ=ပထမဝါ ဗာရာဏသီပြည် မိဂဒါဝုန်၌ သီတင်းသုံးတော်မူသည်။

တိ-ရာ=တိ သုံးဝါ(ဒုတိယ၊ တတိယ၊ စတုတ္ထဝါ) ရာဇဂြိုဟ်၊ ဝေဠုဝန်ကျောင်း၌။

ဝေ-မ-ဘာ-ဝယ်၊ တစ်ဝါစီရှု-ဝေသာလီပြည် မဟာဝုန်တောကူဋာဂါရ သာလာ၌ ပဉ္စမဝါ၊ မကုလတောင်၌ ဆဋ္ဌမဝါ၊ တာဝတိံသာ၌ သတ္တမဝါ၊ ဤသို့ ဤ ၃-ဌာန၌ တစ်ဝါစီ သီတင်းသုံးသည်ဟု မှတ်ပါ။

ရှစ်သံသု-နှင့်=ရှစ်ခုမြောက်ဝါ၊ သံသုမာရဂိရမြို့၌ သီတင်းသုံးတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးခု ၈ ကာ...တစ်ဝါစိမ့် ဟူရာဝယ် ကောသမ္ဗီပြည်၌ ၉–ခုမြောက် ဝါ–ဤသို့စသည်ဖြင့် အတိုကောက်ဌာန အမည်တစ်ခုတစ်ခု၌ တစ်ဝါစိမ့် မှတ်ရန်ဖြစ်သည်။ ထို့ကြောင့် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နဝမဝါ၊ ပါလိလေယျကခေါ် ပလလည်းတောကျောင်း၌ ဒသမဝါ၊နာလည်မည်သော ပုဏ္ဏားရွာ၌ ကောဒသမဝါ၊ ဝေရဉ္စာပြည်၌ ဒွါဒသမဝါ၊ စာလိယတောင်၌ တေရသမဝါ၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ စုဒ္ဒသမဝါ၊ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ပန္နရသမဝါ၊ အာဠဝီပြည်၌ သောဠသမဝါ၊ ရာဇဂြိုလ်၌ သတ္တရသမဝါ၊ စာလိယတောင်၌ အဋ္ဌရသမ တစ်ဆယ့်ရှစ်ဝါခုမြောက်ဝါရှင့် ကျေူနဝီသတိမ တစ်ဆယ့်ကိုးခု မြောက်ဝါဟု ဤသို့မှတ်ရမည်။

ရာ–ဝီသတည့်=ရာဇဂြိုဟ်၌ ဝီသတိမ–နှစ်ဆယ်မြောက်ဝါ။

ထိုမှနောက် ၂၄–ဝါမှာ သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူသည်။ ထို ၂၄–ဝါတွင် ဇေတဝန်၌ ၁၈–ဝါ၊ ပုဗ္ဗာရုံ၌ ၆–ဝါ၊ ယင်း ၂၄–ဝါထဲမှာ ၁၄–ခုမြောက် ဝါထည့်လျှင် သာဝတ္ထိ၌ ၂၅–ဝါဖြစ်သည်။

ဆုံးဝါဝေဠုတည်း = ၄၅–ခုမြောက် နောက်ဆုံးဝါမှာ ဝေသာလီ မြို့အနီး ဝေဠုဝရွာ၌ သီတင်းသုံးတော်မူကြောင်းကြောင့် မဟာပရိဗ္ဗာနသုတ်၌ ပြဆိုထားသည်။

## အကျယ်ဆောင်ပုဒ်

၁။ ပထမဝါ၊ မိဂဒါ၊ သုံးဝါ ရာဇဂြိုဟ်။

၂။ ဝေ–မကုလ၊ ငါး ခြောက်ကျ၊ တာဝခုနစ်ဆို။

၃။ သံသု–ကောသမ်၊ ရှစ်ကိုးစံ၊ ဆယ်တန်ပါလိဆို။

www.burmeseclassic.com

www.burmeseclassic.com



၄။ နာလာဆယ့်တစ်၊ တစ်ဆယ့်နှစ်၊ မှတ်လစ် ဝေရဉ်ဆို။'

၅။ စာ–ဇေ–ကပိ၊ အာဠဝိ၊ ကပ်ဏ်တစ်စီဆို။

၆။ ရာဇဂြိုဟ်တစ်၊ စာလီနှစ်၊ ထပ်လစ် ရာဇဂြိုဟ်။

၇။ နှစ်ဆယ့်လေးခါ၊ သာဝတ်မှာ ဆုံးဝါဝေပြုဆို။

၈။ နှစ်ဆယ့်လေးမှ၊ ခြောက်ပုဗ္ဗ၊ ဇေတအကြွင်းဆို

( အင်္ဂုတ္တရ အဋ္ဌကထာ ဒုတိယ နှာ–၃၀၊ ဓမ္မပဒအဋ္ဌကထာ ပထမနှာ–၃။)

## ဝါဆိုသင်္ကန်းအလှူတရားတော်

(၁၃၃၁–ခုနှစ်၊ ဒု–ဝါဆိုလပြည့်နေ့ ဟောသည်။)

### ဆောင်ပုဒ်များ

### သင်္ကန်းအလှူ၏ ခေါင်ထိပ်အကျိုး

၁။ စိန်ပုလဲပါ၊ ကျောက်သန္တာ၊ တစ်ဖြာပတ္တမြား။

၂။ လေးစလယ်ဆယ့်တစ်၊ နှစ်ဆယ့်နှစ်၊ ထည့်လစ်သုံးသုံးများ။

၃။ အခြားရတနာ၊ ရောယှက်ကာ၊ သင့်စွာ စီခြယ်ထား။

၄။ မဟာလတာ၊ မြတ်တန်ဆာ၊ ကိုးရာသိန်းထိုက်သား။

၅။ သင်္ကန်းလှူလတ်၊ မိန်းမမြတ်၊ ရတတ်ကျိုးတရား။

၆။ ဗောဓိကျွ၊ ရဟန်းပြု၊ ဆုံးဆုအမျိုးသား။

(ဓမ္မပဒ –ဋ္ဌ ၁၊ ၂၄၈)

www.burmeseclassic.com

www.burmeseclassic.com



## အပါယ်မှ လုံးဝလွတ်သူ ၉-ပါး

၇။ ငါးပါးအနာ၊ သကဒါ၊ သုံးဖြာသောတာပန်။

၈။ စွဲလမ်းကျန်ခြား၊ ဤကိုးပါး၊ မလားပယ်လေးတန်။

(အံ ၃-၁၈၄)

## ဝါဆိုသက်နှံးလှူသူလည်း အပါယ်မှလွတ်သည်

၉။ တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။

၁၀။ ဆယ့်ငါးရက်ဆွမ်း၊ ဝါသက်နှံး၊ လှူဒါန်းသောက်ရေကန်။

၁၁။ ကျောင်းလှူတာဝ၊ နိဗ္ဗ၊ ပညာရှိသူမှန်။

၁၂။ သောတာလိုပဲ၊ ဂတိမြဲ၊ သူလည်းပါယ်မပြန်။

(အံ-ဋ ၃၊ ၂၆၅)

## ရှင်ဥသောတာပန်

၁၃။ ရုပ်နာမ်နှစ်ဝ၊ ကြောင်းကျိုးမျှ၊ သိကစူဠသောတာ။

၁၄။ ဂတိမြဲရ၊ ပါယ်မကျ၊ မိန့်ဟာဝိသုဒ္ဓိမှာ။

(ဝိသုဒ္ဓိမဂ် ၂၊ ၂၄၀)

## ဥဒယဗ္ဗယဉာဏ် စသည်ဖြစ်ပုံ

၁၅။ ကြောင်းကျိုးနှစ်ဝ၊ သိရုံမျှ၊ အားရမနေရာ။

၁၆။ ဆက်လက်ရှုက၊ ဖြစ်ပျက်မျှ၊ မှချသိနိုင်ပါ။

၁၇။ သိလျှင် သိလျှင်၊ မသိစင်၊ သိမြင်နိဗ္ဗုတာ။

www.burmeseclassic.com

www.burmeseclassic.com



၁၈။ နိဗ္ဗာန်မြင်က၊ အပါယ်မှ၊ လုံးဝလွတ်မြောက်ပါ။
၁၉။ ကိလေကုန်ခန်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနောက်ဆုံးမှာ။
(ကျမ်းစုံ)

## ၁၃၃၁–ခု သီတင်းကျွတ်လပြည့်၌ဟောသော

## အပါယ်သေားငြိမ်းအေးတရားတော်

## ဆောင်ပုဒ်များ

ဝိပဿနာရှုနည်းအကျဉ်းချုပ်

၁။ ဖြစ်ဆဲရုပ်နာမ်၊ ပစ္စုပ္ပန်၊ အမှန်သိအောင် ရှုမှတ်ပါ။
၂။ ဖြစ်ဆဲမှာပင်၊ မမှတ်လျှင်၊ ပေါ်လွင်ပညတ်သာ။
၃။ ပညတ်ပေါ်က၊ ကိလေကျ၊ ဘဝရုပ်နာမ်သာ။
၄။ ဖြစ်ဆဲမှာပင်၊ ရှုမှတ်လျှင်၊ သိမြင်ရုပ်နာမ်သာ။(ကျမ်းစုံ)

ရုပ်နာမ်ဒုက္ခသစ္စာကိုသိပုံ

၅။ မျက်စိ+မြင်ရ၊ ရုပ်–ဒုက္ခ၊ မြင်က နာမ်–ဒုက္ခာ။
၆။ နားနှင့်+ကြားရ၊ ရုပ်ဒုက္ခ၊ ကြားက နာမ်–ဒုက္ခာ။
၇။ နှာခေါင်း+နံ့ရ၊ ရုပ်ဒုက္ခ၊ နံ့က နာမ်–ဒုက္ခာ။
၈။ လျှာ+စားသိရ၊ ရုပ်ဒုက္ခ၊ သိက နာမ်–ဒုက္ခာ။
၉။ ကိုယ်နှင့်+ထိရ၊ ရုပ်ဒုက္ခ၊ ထိက နာမ် ဒုက္ခာ။
၁၀။ နှလုံး+သိရ၊ ရုပ်နာမ်မျှ၊ သိက နာမ်–ဒုက္ခာ။(ကျမ်းစုံ)

www.burmeseclassic.com

www.burmeseclassic.com



## စုဋ္ဌသောတာပန်

၁၁။ ရှစ်နာမ်နှစ်ဝ၊ ကြောင်းကျိုးမှု၊ သိကာစု သောတာ။

၁၂။ ဂတိမြဲရ၊ ပါယ်မကျ၊ မိန့်ဟာဝိသုဒ်မှာ။(ဝိသုဒ္ဓိမဂ် ၂။၂၄၀)

၁၃။ ဝိပဿနာ၊ ရှုသူမှာ၊ သဒ္ဓါဖြစ်ပေါ်သည်။

(ဝိသုဒ္ဓိမဂ် ၂၊ ၂၄၀)

၁၄။ လက်ကိုဆွဲကာ၊ ပုံပမာ၊ နတ်ရွာသူပို့သည်။

(မ ၁။ ၁၉၅။၄၊ ၂၊၂၆)

(ယင်း၏ သာကေ)အဋ္ဌရာသုတ်

၁၅။ လမ်းဖြောင့်မည်တွင်၊ ထိုမဂ်ပင်၊ ရပ်ခွင်ဘေးမဲ့နိဗ္ဗာန်ပါ။

၁၆။ လုံ့လနှစ်လီ၊ ဘီးတပ်သည်၊ မမြည်ရထားထိုမဂ်ပါ။

၁၇။ ရှက်ကြောက်နှစ်တန်၊ နောက်မှီခံ၊ ကာရံအမှတ်သတိပါ။

၁၈။ ဝိပဿ်ရှေ့သွား၊ မဂ်ဉာဏ်ကား၊ ရထားမောင်းသူဆိုရပါ။

၁၉။ ဤလိုရထား၊ ရှိသူများ၊ ယောကျ်ားမိန်းမလူတိုင်းမှာ။

၂၀။ မဂ္ဂင်ယာဉ်ကြီး၊ ငြိမ့်ငြိမ့်စီး၊ အပြီးနိဗ္ဗာန်ဆိုက်ရောက်ပါ။

(သံ၊ ၁၊ ၃၀)

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၃၁–ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၇)ရက်နေ့၌ ဟောသော ကထိန်အနုမောဒနာတရားတော် ဆောင်ပုဒ်များ

ကထိန်ခွင့်ပြုခြင်းအကြောင်း

၁။ ကထိန်နိသင်၊ ငါးပါးတွင်၊ လေးအင်အကျိုးမှာ။

၂။ သီတင်းကျွတ်လ၊ တစ်လမျှ၊ ရကြတော့သည်သာ။

၃။ သုံးထည်သင်္ကန်း၊ ဆောင်ယူထမ်း၊ ပင်ပန်းဝန်လေးစွာ။

၄။ ဘဒ္ဒဝဂ္ဂီ၊ သုံးဆယ်ထေရ်၊ လာသည် ခဲယဉ်းစွာ။

၅။ ဘုရားထံမှောက်၊ စုညီရောက်၊ မေး+လျှောက်ပြီးသောအခါ။

၆။ ထို့ကြောင့်နှိုင်းချိန်၊ မြတ်ဘုန်းရှိန်၊ ကထိန်ခွင့်ပြုပါ။

(ဝိ၊ ၃၊ ၃၅၁။)

ကထိန်ခေါ်ရခြင်း၏ အကြောင်း

၇။ သင်္ကန်းခေတ်ခါ၊ ခိုင်စေတာ၊ စွဲကာ ကထိန်မည်။

(သာရတ္ထ ဋီ၊ ၃၊ ၃၃၅–စသည်။)

၈။ ကထိန်ဘောင်ကြီး၊ ခင်းဟာန်ပြီး၊ တစ်နည်းကထိန်မည်။

(ဝိ၊ ၄၊ ၂၅၂–ကိုမှီသည်။)

၉။ ကထိန်ခင်းက၊ ကျိုးငါးဝ၊ ငါးလတိုင်ရသည်။

(ဝိ၊ ၃၊ ၃၅၊ ၃၅၊ ၄၁၊ ၃၅။)

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းများမှာ ရသောအကျိုး ငါးပါး

၁။ မပန်မကြား၊ လိုရာသွား၊ ပြစ်များမသင့်ပြီ။

၂။ သုံးထည့်ထဲမှာ၊ ထားလိုရာ၊ ထားကာသွားနိုင်သည်။

၃။ လေးပါးတူပင်၊ ဝိုထ်းဘောဇဉ်၊ စားချင်စားနိုင်သည်။

၄။ သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာထားနိုင်သည်။

၅။ သံဃာလှူကြား၊ သင်္ကန်းများ၊ သူ့အားသာဖြစ်သည်။

(ဝိ၊ ၃၊ ၃၅၂)

၁၀။ လှူသူမှာလည်း၊ နည်းတူပဲ၊ ရမြဲကျိုးငါးမည်။

ကထိန်ဒကာမှာ ရသောအကျိုးတရားငါးပါး

၁။ တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊ လိုရာသွားနိုင်သည်။

၂။ တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။

၃။ စားလိုရာများ၊ စားသော်ငြား၊ ဘေးကား မဖြစ်ပြီ။

၄။ ကိုယ့်ပစ္စည်းများ၊ သူတစ်ပါး၊ ယူသွားကင်းပသည်။

၁၁။ ကထိန်ဒကာ၊ ကျိုးငါးဖြာ၊ လျော်စွာရနိုင်သည်။

(သုတ္တာနုလောမ)

သာမန်သင်္ကန်းလှူ အကျိုးမျိုးလည်း ရနိုင်သည်

၁၂။ သာမန်ကျိုးလည်း၊ များစွာပဲ၊ ရမြဲရနိုင်သည်။

၁၃။ နိဗ္ဗာန်ကိုလည်း၊ စိတ်သန်းမိုး၊ အပြီးရနိုင်သည်။

၁၄။ ကထိန်ဒါန၊ ကျိုးများစွ၊ လှူလှဖူးလေပြီ။

၁၅။ ယခုအခါ၊ လှူရတာ၊ ဝမ်းသာဖွယ်ကောင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၆။ ဝမ်းသာတိုင်းမှာ၊ ဖြစ်ပျက်တာ၊ ရှုကာသိရမည်။

၁၇။ သို့သိပါက၊ အနိစ္စ၊ ဒုက္ခလည်းမြင်သည်။

၁၈။ စိုးမရဟန်၊ သိမြင်ပြန်၊ နိဗ္ဗာန်ဆိုက်ရောက်သည်။

(သုတ်များစွာ)

## ၁၃၃၁–ခုနှစ်၊ နတ်တော်လဆန်း၊ ၁၂–ရက်နေ့၌
## အနှစ် ၂၀–မြောက် အထိမ်းအမှတ်
## ဩဝါဒခံယူ ပူဇော်ပွဲတွင်
## ဩဝါဒကထာ အဖြစ်ဖြင့် ဟောကြားသော
## မေ့ဒါယာသုတ်တရားတော်
## ဆောင်ပုဒ်များ
## ဗုဒ္ဓမြတ်စွာ၏ ဩဝါဒ

၁။ မေ့ဒါယာ၊ သုတ်မြတ်မှာ၊ မြတ်စွာဟောမိန့်သည်။

၂။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။

၃။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။

၄။ တရားအမွေ၊ အစစ်ပေ၊ ၉–ထွေ လောကုတ်ပါ။

၅။ နိဗ္ဗာန်ရည်ငြား၊ ကုသိုလ်များ၊ တရားမွေတုပါ။

၆။ စစ်တု ၂–ထွေ၊ တရားမွေ၊ ခံစေလိုလှပါ။

၇။ အာမိသမွေ၊ အစစ်ပေ၊ ၄–ထွေပစ္စည်းပါ။

၈။ လူ့နတ်သုခ၊ ရည်သန်က၊ ဒါန သီလ ဘာ။

www.burmeseclassic.com

www.burmeseclassic.com



၉။ အာမိသမွေ၊ အတုတွေ၊ မှတ်လေ မွေညံ့သာ။
၁၀။ ပစ္စည်းမျှတွင်၊ ခံယူလျှင်၊ လူရှင်ဆိုကြမှာ။
၁၁။ ဘုရားသားတွေ၊ ပစ္စည်းမွေ၊ ခံနေရုံမျှသာ။
၁၂။ ထပ်တလဲလဲ၊ အိုမစဲ၊ ဆင်းရဲနေကြမှာ။
၁၃။ ထပ်တလဲလဲ၊ နာမစဲ၊ ဆင်းရဲနေကြမှာ။
၁၄။ ထပ်တလဲလဲ၊ သေမစဲ၊ ဆင်းရဲနေကြမှာ။
၁၅။ ထပ်တလဲလဲ၊ ပါယ်ငရဲ၊ ကျမြဲနေကြမှာ။
၁၆။ သင်တို့နောင်ရေး၊ ငါမျှော်တွေး၊ ဝန်လေးသနားပါ။
၁၇။ ထို့ကြောင့်အများ၊ တပည့်သား၊ ဘုရားတောင်းပန်သည်။
၁၈။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။
၁၉။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။
၂၀။ ဆွမ်းဘုဉ်းပြီးခါ၊ ဘုရားမှာ၊ များစွာ ဆွမ်းကျန်သည်။
၂၁။ ရဟန်း ၂–ပါး၊ ဆာလောင်များ၊ ဘုရားထံရောက်သည်။
၂၂။ ဘုရားဆွမ်းကျန်၊ သုံးဆောင်ရန်၊ ဖိတ်မန်ခွင့်ပြုသည်။
၂၃။ တစ်ပါးသာစား၊ ကျန်တစ်ပါး၊ ပယ်ရှားကျင့်သုံးသည်။
၂၄။ ပယ်ရှားသူသာ၊ အကျိုးများမှာ၊ မြတ်စွာချီးကျူးသည်။
၂၅။ ဤသို့မြတ်စွာ၊ ပုံဆောင်ကာ၊ သာယာဆုံးမသည်။
၂၆။ ဘုရားစကား၊ တို့အများ၊ လေးစားကျင့်ထိုက်သည်။
၂၇။ လေးစားသူမှာ၊ ဆင်းရဲကွာ၊ ချမ်းသာရပေမည်။

(မ၊ ၁၊ ၁၅)

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၃၁ခုနှစ်၊ နတ်တော်လပြည့်နေ့မှ စ၍
## ဟောကြားတော်မူသော
## မေ့ဒါယာသေုတ် တရားတော်
## နောက်ပိုင်းဆောင်ပုဒ်များ
## အရှင်သာရိပုတ္တရာ၏ ဖွင့်ပြချက်

၁။ ဆိတ်ငြိမ်တရား၊ မြတ်ဘုရား၊ ပွားများထာဝစဉ်။

၂။ တပည့်တို့ကား၊ ထိုတရား၊ မပွားမလိုက်လျှင်။(၁)

၃။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှားမပြုလျှင်။(၂)

၄။ ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေးလျှော့ပေါ့လျှင်။

၅။ ဆုတ်ရန်ရှေ့သွား၊ ကျင့်ရန်ကား၊ ချထားဝန်ရှိလျှင်။(၃)

၆။ ထေရ်ကြီးလတ်-ငယ်၊ ကဲ့ရဲ့ဖွယ်၊ သုံးသွယ်ငြိစွန်းသည်။

၇။ ဆိတ်ငြိမ်တရား၊ တပည့်များ၊ ကျင့်ပွားကြလေလျှင်။(၁)

၈။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှားကြလေလျှင်။(၂)

၉။ ပစ္စည်းများရန်၊ မရည်သန်၊ ကျင့်ကြံမလျှော့လျှင်။

၁၀။ ဆိတ်ငြိမ်ကျင့်ရေး၊ ရှေ့ဆောင်ပေး၊ ဆုတ်ရေးပယ်ရှားလျှင်။

၁၁။ ထေရ်ကြီး လတ်-ငယ်၊ ချီးမွမ်းဖွယ်၊ သုံးသွယ်ပြည့်စုံသည်။

## ပယ်ရန်တရားများနှင့် အကျင့်လမ်းစဉ်

၁။ လိုချင်တပ်မက်တဲ့ လောဘလည်း ယုတ်မာသည်။ ပြစ်မှား ဖျက်ဆီးချင်တဲ့ ဒေါသလည်း ယုတ်မာသည်။ လောဘကိုလည်း ပယ်ရှား၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကိုလည်းပယ်ရန်၊ အလယ်လမ်းမှန် အကျင့်ရှိသည်။ ဘယ်ဟာလည်း ဆိုရင် မဂ္ဂင်ရှစ်ပါး မြတ်တရားပင် ဖြစ်သည်။

ထိုတရားမှာလည်း–

သမ္မာဒိဋ္ဌိ–မှန်စွာမြင်ခြင်း၊

သမ္မာသင်္ကပ္ပ–မှန်စွာကြံခြင်း၊

သမ္မာဝါစာ–မှန်စွာပြောခြင်း၊

သမ္မာကမ္မန္တ–မှန်စွာပြုလုပ်ခြင်း၊

သမ္မာအာဇီဝေါ–မှန်စွာအသက်မွေးခြင်း၊

သမ္မာဝါယာမော–မှန်စွာအားထုတ်ခြင်း၊

သမ္မာသတိ–မှန်စွာအမှတ်ရခြင်း၊

သမ္မာသမာဓိ–မှန်စွာရှုးစိုက် တည်ကြည်ခြင်း၊

ဆိုတဲ့ ဤရှစ်ပါးပင် ဖြစ်သည်။

၂။ အမျက်ထွက်တဲ့ ကောဓလည်း ယုတ်မာသည်။

ရန်ငြိုးဖွဲ့တဲ့ ဥပနာဟလည်း ယုတ်မာသည်။

ကောဓကိုလည်း ပယ်ရန်။

၃။ သူ့ကျေးဇူးကို ချေဖျက်တဲ့ မက္ခလည်း....၊

မြင့်မြတ်သူကို ဂုဏ်ပြိုင်တဲ့ ပဠာသလည်း...၊

၄။ မနာလိုတဲ့ ဣဿာလည်း ...၊ ဝန်တိုတဲ့ မစ္ဆရိယလည်း...၊

၅။ ကိုယ့်အပြစ်ကို ဖုံးကွယ်လှည့်စားတဲ့ မာယာလည်း...၊

မရှိတဲ့ ဂုဏ်နဲ့ ဝါကြွားစဉ်းလဲတဲ့ သာဌေယျလည်း...၊

www.burmeseclassic.com

www.burmeseclassic.com



၆။ မကိုင်းညွတ် မရှိသေနိုင်တဲ့ ထမ္ဘလည်း...၊ နှိမ်ချိုးရန်
သူ့ထက်ကျော်အောင်ပြုတဲ့ သာရမ္ဘလည်း....၊
၇။ အထင်ကြီးတဲ့ မာနလည်း....၊
ဘဝင်မြင့်တဲ့ အတိမာနလည်း....၊
၈။ မာန်ယစ်တဲ့မဒလည်း ယုတ်မာသည်။
မေ့လျော့တဲ့ ပမာဒလည်း ယုတ်မာသည်။
မဒကိုလည်း ပယ်ရန် တည်ကြည်ခြင်းဆိုတဲ့
ဤရှစ်ပါးပင် ဖြစ်သည်။

မဒတရားအကျယ် ၂၇-ပါး

၁။ မျိုးနွယ်နာကင်း၊ ပျိုနုခြင်း၊ လွန်မင်းသက်ရှည်စွာ။(၅)
၂။ လာဘ် သက္ကာရ၊ လေးပြုကြ၊ ဖြစ်ရရှေ့ဆောင်ပါ။
(အနဝညာတကို အလေးပြုရှုဩသွင်း)(၅)
၃။ ခြံရံဘောဂ၊ ရုပ်ဆင်းလှ၊ သုတ ပဋိဘာ။(၅)
၄။ သက်ကြီး ပိဏ္ဍ၊ ယာပထ ယသပြီးမြောက်တာ။(၅)
၅။ သီလ ဈာန၊ တတ်သိပ္ပ၊ ညီမျှလုံးရပ်ပါ။
(ကိုယ်လုံးညီ အရပ်ညီခွဲ)၊ (၅)
သဏ္ဌာန ပါရိပူရိတို့ကို လုံးရပ်ညီ၌ သွင်း (၂)
၆။ စွဲမှီပြုလျှင်၊ မာရ်ယစ်ခြင်း၊ မယွင်းဖြစ်တတ်ပါ။
(ဝိဘင် ၃၅၉-၃၆၃)

www.burmeseclassic.com

www.burmeseclassic.com



## ပမာဒတရားအကျယ်

၁။ ဒုစရိုက်သုံးပါး၊ ကာမငါး၊ စိတ်သွားစေဖို့လွှတ်ထားလျှင်။

၂။ ကုသိုလ်တရား၊ ပွားဖို့ကား၊ လေးစားကောင်းစွာမပြုလျှင်။

၃။ မပြတ်မပွား၊ စိတ်လျော့ပြား၊ လိုလားစုရ ချထားလျှင်။

၄။ မမှီဝဲပြား၊ မပွားများ၊ အားပါးမထုတ်နေခဲ့လျှင်။

၅။ သွားလာသောက်စား၊ ပျော်နေပြား၊ သူ့အားမေ့လျော့ခေါ်

သည်ပင်။ (ဝိဘင် ၃၆၃)

## ၁၃၂၂-ခု၊ တပို့တွဲလပြည့်နေ့၌ ဟောသော ဩဃတရဏသုတ်တရားတော် ဆောင်ပုဒ်များ

က။ ဩဃရေယဉ်၊ ဘယ်သို့လျှင်၊ အရှင် ကူးမြောက်ပါသနည်း။

ခ။ မရပ်တည်ဘဲ၊ အားမခဲ၊ ဤနဲဖြင့်ပင်၊ ကူးမြောက်သည်။

ကူးမြောက်ပုံ ၇-နည်း

၁။ တဏှာဖြစ်ပွား၊ ရပ်တည်ပြား၊ မြုပ်သွားရချေမည်။

ဒိဋ္ဌိဖြစ်ပွား၊ အားထုတ်ပြား၊ မျောသွားရချေမည်။

ထိုနှစ်မျိုးအား၊ စွန့်ပယ်ရှား၊ လေးပါးဩဃကူးမြောက်သည်။

၂။ ကိလေဖြစ်ပွား၊ ရပ်တည်ပြား၊ မြုပ်သွားရချေမည်။

အဘိသင်္ခါ၊ အားထုတ်တာ၊ မျောကာသွားရမည်။

ထို ၂-မျိုးအား....

www.burmeseclassic.com

www.burmeseclassic.com



၃။ တဏှာဇိဋ္ဌ၊ ဖြစ်တုံဘိ၊ တည်၏ မြုပ်သွားမည်။
ကြွင်းကိလေသာ၊ ဘိသင်္ခါ၊ ပြုကာ မျောသွားမည်။
ထို ၂–မျိုးအား...

၄။ သဿတဖြစ်၊ ရပ်တည်လစ်၊ မြုပ်နစ်သွားရမည်။
ဥစ္ဆေဒဖြစ်ပွား၊ အားထုတ်ကြား၊ မျောသွားရချေမည်။
ထို ၂–မျိုးအား....

၅။ တွန့်ဆုတ်အသွင်၊ ရပ်တည်လျှင်၊ အစဉ်နစ်မြုပ်မည်။
ပျံ့လွင့်အသွင်၊ အားထုတ်လျှင်။ အစဉ်မျောသွားမည်။
ထို ၂–မျိုးအား...

၆။ ကာမသုခံ၊ ရပ်တန့်ဟန်၊ ကေန် နစ်မြုပ်မည်။
အတ္တကိလ၊ အားထုတ်က၊ မုချမျောသွားမည်။
ထို ၂–မျိုးအား...

၇။ အကုသိုလ်ပွား၊ ရပ်တည်ငြား၊ မြုပ်သွားရချေမည်။
ဝဋ်ကုသိုလ်ပွား၊ အားထုတ်ငြား၊ မျောသွားရချေမည်။
ထို ၂–မျိုးအား စွန့်ပယ်ရှား၊ လေးပါးဩဃ ကူးမြောက်သည်။

(ဝိပဿနာ အခြေခံတရားတော် ၂၂၂–၌ မှုဟောင်းရှိသည်။)

www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

--------------

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြား တော်မူသော တရားဒေသနာနှင့်အညီ ကျမ်းစာအုပ်ပေါင်း(၈၀)ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော် ဘုရားကြီးရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များသည် သာသနာ တော်အတွက် အကျိုး ကျေးဇူးများလှပါသည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက်ပံ့ လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က မဟာစည်ဆရာတော် ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ကျမ်းစာအုပ် များပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟု ဘုရားဟောပါဠိလာရှိသည့် အမြတ်ဆုံး အလှူဖြစ်သော "တရားစာအုပ်များလှူဒါန်းလိုပါက" မဟာစည် တရားတော် ပြန့်ပွားရေး ထာဝရပဒေသာပင်တစ်ပင်လျှင် ကျပ် ၅၀၀၀/-ဖြင့် စိုက်ထူလှူဒါန်းနိုင်ပါသည်။ သီးသန့် ငွေပဒေသာပင်စိုက်ထူ၍ မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရိုက်နှိပ် လှူဒါန်းလိုပါက (သို့မဟုတ်) အုပ်ရေ ၁၀၀-နှင့်အထက် လှူဒါန်းလိုပါက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် ဆက်သွယ်လှူ ဒါန်းနိုင်ပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၅၄၁၉၇၁

www.burmeseclassic.com

www.burmeseclassic.com

## ဆဋ္ဌသင်္ဂါယနာ တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ
## ကျေးဖူးတော်ရှင် မဟာစည်ဆရာတော်ကြီး

## ဟောကြားရေးသားပြုစုတော်မူသောတရားစာအုပ်များနှင့်
## ကျမ်းစာအုပ်များစာရင်း

၁။ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း
၂။ ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း
၃။ ကမ္မဝါ
၄။ ကာမသုတ္တန်တရားတော်
၅။ ကမ္မဋ္ဌာသာသနာပြုစာတမ်း
၆။ ကမ္မဋ္ဌာသာသနာပြုတရားတော် (ပ)
၇။ ကမ္မဋ္ဌာသာသနာပြုတရားတော် (ဒု)
၈။ ကမ္မဋ္ဌာသာသနာပြုမွေ့ဒူတခရီး
၉။ ကျွန်တော်(သို့) ၃၃-နှစ် မဟာစည်
၁၀။ ငွေရတုတရားတော်
၁၁။ စူဠဝေဒလ္လသုတ်တရားတော်
၁၂။ တက္ကသိုလ်တရားတော်
၁၃။ တုဝဋ္ဋကသုတ်တရားတော်
၁၄။ ထေရဂုတ္တန္တဝိလာသိနီ (ပ)
၁၅။ ထေရဂုတ္တန္တဝိလာသိနီ (ဒု)

www.burmeseclassic.com

www.burmeseclassic.com

၁၆။ ဒုလ္လဘာရဟန်းသစ်များဩဝါဒကထာ
၁၇။ ဓမ္မစကြာ
၁၈။ ဓမ္မဒါယာဒသုတ်တရားတော်
၁၉။ ဓမ္မဒေသနာဆောင်ပုဒ်များ
၂၀။ ဓမ္မဒေသနာစာစောင်များ (ပ)
၂၁။ ဓမ္မဒေသနာစာစောင်များ (ဒု)
၂၂။ ဓမ္မဒေသနာစာစောင်များ (တ)
၂၃။ ဓမ္မဒေသနာစာစောင်များ (စ)
၂၄။ နိဗ္ဗာန်ဆိုင်ရာတရားတော်
၂၅။ နိုင်ငံခြားသာသနာပြုခရီးအတွေ့အကြုံ
၂၆။ ပဋိစ္စသမုပ္ပါဒ် (ပထမတွဲ)
၂၇။ ပဋိစ္စသမုပ္ပါဒ် (ဒုတိယတွဲ)
၂၈။ ပဋိပတ္တိသာသနာ
၂၉။ ပုရာဘေဒသုတ်တရားတော်
၃၀။ ဗုဒ္ဓသာသနာ့အန္တရာယ်ကာကွယ်ရေးတရားတော်
၃၁။ ဗြဟ္မစိုရ်တရားတော်ကြီး
၃၂။ ဗြဟ္မဝိဟာရတရားတော်
၃၃။ ဗောဇ္ဈင်သုတ်တရားတော်
၃၄။ ဘဝပြဲသနာ
၃၅။ ဘာရသုတ္တန်တရားတော်
၃၆။ ဘုရားရှိခိုး

www.burmeseclassic.com

www.burmeseclassic.com

၃၇။ မဟာစည်ဆရာတော်ဘုရားကြီးထေရုပ္ပတ္တိအကျဉ်း
(ပထမပိုင်း)
၃၈။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအထူ)
၃၉။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအပါး)
၄၀။ မဟာသမယသုတ်၊ (၃)သုတ်တရားတော်
၄၁။ မဟာသတိပဋ္ဌာန်(၃) စောင်တွဲ
(ဓမ္မစကြာ+အနတ္တ+မဟာသတိပဋ္ဌာန်)
၄၂။ မဟာသတိပဋ္ဌာန် ပါဠိ နိဿယ
၄၃။ မဟာသတိပဋ္ဌာန် ဝိပဿနာရှုနည်း (အကျဉ်း)
၄၄။ မာလုကျပုတ္တသုတ်တရားတော်
၄၅။ ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်
၄၆။ ဝိပဿနာရှုနည်းကျမ်း (ပ)
၄၇။ ဝိပဿနာရှုနည်းကျမ်း (ဒု)
၄၈။ ဝိပဿနာအလုပ်ပေးတရားတော်
၄၉။ ဝိပဿနာလမ်းညွှန်ကျမ်း
၅၀။ ဝိပဿနာအခြေခံတရားတော်
၅၁။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (ပ)
၅၂။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (ဒု)
၅၃။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (တ)
၅၄။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (စ)
၅၅။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော် (ဆရာကိုင်)

www.burmeseclassic.com

www.burmeseclassic.com

၅၆။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်မှ ဆောင်ပုဒ်များ
၅၇။ ဝမ္မိကသုတ်တရားတော်
၅၈။ ဝါကျာဝယ ဝဏ္ဏနာကျမ်း
၅၉။ ဝိနယဝိနိစ္ဆယသင်္ဂဟာကျမ်း
၆၀။ ဝတ်ရွတ်စဉ် (မဟာစည်)
၆၁။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ပ)
၆၂။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက်(ဒု)
၆၃။ သက္ကပဉ္စသုတ်တရားတော်
၆၄။ သမ္မာပရိဗ္ဗာဇနိယသုတ်
၆၅။ သီလဝန္တသုတ်တရားတော်
၆၆။ သလ္လေခသုတ်တရားတော် (ပ)
၆၇။ သလ္လေခသုတ်တရားတော် (ဒု)
၆၈။ သစ္စာလေးပါးတရားတော်
၆၉။ ဟေမဝတသုတ်တရားတော်
၇၀။ ဟောဇဉ်သုတ်
၇၁။ အနတ္တလက္ခဏသုတ်တရားတော်
၇၂။ အရိယာဝါသ
၇၃။ အဘိဓမ္မာတရားတော်
၇၄။ အာသီဝိသောပမသုတ်
၇၅။ ဩဝါဒအမွေများ
၇၆။ ဩဝါဒကထာပေါင်းချုပ်

www.burmeseclassic.com

www.burmeseclassic.com

၇၇။ လောကဓံတရားတော်
၇၈။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွှန့်ပေါင်း (ပ)
၇၉။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွှန့်ပေါင်း (ဒု)
၈၀။ မဟာစည်နှစ်(၅၀)ရွှေရတုသမိုင်းမှတ်တမ်း
၈၁။ မဂ္ဂင်ရှစ်ပါး
၈၂။ ဝိသုဒ္ဓိမဂ်မဟာဋီကာ
၈၃။ ရာပြည့်မော်ကွန်း
၈၄။ အာဒိတ္တသုတ္တန်တရားတော်

www.burmeseclassic.com